
www.burmeseclassic.com




# ပွဲစားဝိုင်း

ကြင်ရာသုတေသန

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



| | | |
|---|---|---|
| ၁။ | ကြယ်ကိုးစင်းနဲ့လင်းတဲ့ကောင်းကင် | ကလောင်စုံ |
| ၂။ | ပန်းခေတ်ကာလမင်း | တာရာမင်းဝေ |
| ၃။ | လူငယ်တစ်ယောက်ရဲ့ ကျောက်ထွင်းရာဇဝင် | တာရာမင်းဝေ |
| ၄။ | မျှဉ်းဖြောင့်၏ဓရိယာ | တာရာမင်းဝေ |
| ၅။ | ကျွန်းတော်မှအပြန် | တာရာမင်းဝေ |
| ၆။ | မနက်ဖြန်ခါမှာထားခဲ့တဲ့မျက်နှာ | တာရာမင်းဝေ |
| ၇။ | သင်နှင့်နံနက်ခင်းကိုသာ ဝင်ခွင့်ပြုမည် | တာရာမင်းဝေ |
| ၈။ | ကျွန်တော်နှင့်လက်တွဲဖော်များ | နီကိုရဲ |
| ၉။ | စက္ကူပေါ်ကသစ်ပင် | သစ္စာနီ |
| ၁၀။ | ဂင်းနစ်ကမ္ဘာ့စံချိန်များ(၂၀၀၄) | တာရာလင်းနွယ် |
| ၁၁။ | သူတို့ပျော်ကြလေပြီ | မင်းလူ |
| ၁၂။ | ဘာမှမတတ်နိုင်ဘူး | မင်းလူ |
| ၁၃။ | သူဆံပင်နှင်းဆီပွင့်တွေနဲ့ | မင်းလူ |
| ၁၄။ | အလွမ်း၌ချစ်စေသတည်း | မင်းလူ |
| ၁၅။ | ရယ်မောခြင်းလက်ကျန် | မင်းလူ |
| ၁၆။ | သူငယ်ချင်းတစ်ယောက်အကြောင်း | မင်းလူ |
| ၁၇။ | လွန်လေပြီးသောနှလုံးသား | မင်းလူ |
| ၁၈။ | အခြားဝတ္ထုတိုများ | မင်းလူ |
| ၁၉။ | အလွမ်းသစ် | မင်းလူ |
| ၂၀။ | အက်စစ်ညအယ်လ်ဘမ် | လွန်းဆက်နိုးမြတ် |
| ၂၁။ | ဗလာတစ်စက် | လွန်းဆက်နိုးမြတ် |
| ၂၂။ | ဆံပင်အလယ်ခွဲနဲ့နက္ခတ် | တရာမင်းဝေ၊ လွန်းဆက်နိုးမြတ် |
| ၂၃။ | ကြယ်စုံသစ်ပင် | မင်းလူ၊ တရာမင်းဝေ၊ လွန်းဆက်နိုးမြတ် |
| ၂၄။ | ပျော်ရွှင်ဖွယ်ကျိန်စာ | လွန်းဆက်နိုးမြတ် |
| ၂၅။ | ကတ္တီပါလက်ရေး | ဝေမှူးသွင် |
| ၂၆။ | စကားပြောသောနေ့စွဲများ | လင်းပဝဒီ |
| ၂၇။ | (၁၀)ရက်အတွင်းယောက္ခမသိမ်းသွင်းနည်း | ပဥ္စမံဒီရိုင်း |
| ၂၈။ | တစ္ဆေဆရာအလွဲ | ပဥ္စမံဒီရိုင်း |
| ၂၉။ | မတော်တဆ | ပဥ္စမံဒီရိုင်း |
| ၃၀။ | ချောင်းသမျှကမောက်ကမ | ပဥ္စမံဒီရိုင်း |
| ၃၁။ | နတ်ဆိုးကျီစားတဲ့အချစ် | ပဥ္စမံဒီရိုင်း |
| ၃၂။ | ဘယ်တော့မှ အလွမ်းချည်းမဟုတ် | ပဥ္စမံဒီရိုင်း |

www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် ၏ ၅၀၀၁၁၇၀၁၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၏ ၅၀၀၉၇၅၀၂၀၇

[redacted] ၏ [redacted]

ထုတ်ဝေသူ

၏

ဦးစန်းမွန်အောင်

(ငါတို့စာပေ)

75(ဂ)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးဒီဇိုင်း

ဇော်မောင်

မျက်နှာဖုံးပုံနှိပ်သူ

၏

ဒေါ်မေသက်ခင်

(ကာလာစုံပုံနှိပ်တိုက်)

အတွင်းပုံနှိပ်သူ

၏

ဦးဇော်မြင့်ဝင်း

(ကာလာစုံပုံနှိပ်တိုက်)

အုပ်ရေ

၅၀၀

[redacted] ၏ [redacted]


# ကြင်ရာသုတေသန

ပဉ္စမံဒီရိုင်း

www.burmeseclassic.com

www.burmeseclassic.com

ဤဝတ္ထုသည် နိုင်ငံခြားဇာတ်ကားတစ်ကားကို မှီငြမ်းပြုပြီး မြန်မာမှုပြုထားသော စာရေးဆရာ၊ ဒါရိုက်တာ၊ သရုပ်ဆောင်၊ အဆိုတော် အကယ်ဒမီဝင်းဦး၏ "ချစ်သူရွေးမယ် ချစ်ဝဲလည်" ရုပ်ရှင်ဇာတ်ကားကို ကြည့်မိပြီးနောက် အခြေခံသော ဝတ္ထုဝးစ်ပုဒ် ဖြစ်သည်ဟု စာဖတ်ပရိသတ်အား အသိပေးပါရစေ။

ကိုယ်ချင်းတို့ မြတ်နိုးတာ
ရှင်းတာ ချင်းမို့ပါ။

(နိုင်ငံခြားစာစာ)

www.burmeseclassic.com

www.burmeseclassic.com

(၁)

ကြည့်။ ကျွန်မထင်တဲ့အတိုင်း ဖြစ်နေပြီ။ ပြောထားပါရဲ့။ သူငယ်ချင်းတွေကို အဖော်ခေါ်မလာပါနှင့် ခေါ်လာရင် ပိုက်ဆံတွေ အများကြီးကုန်မယ်လို့။

အခုတော့ ကောင်းလား။ ဟိုမှာ... စားနေလိုက်ကြတာ ဝေဿန္တရာ လှည်းမှောက်ပြီး လှူတဲ့အတိုင်းပဲ။

အံမယ်၊ အံမယ်...၊ ထပ်မှာကြပြန်ပြီ၊ သူကလည်း ပြုံးနေလို့။ ဒါကို တော်တော် ကျေနပ်နေပုံပဲ။

တွေ့မယ်၊ သင်း... တွေ့မယ်။ ဒီလောက်တောင် လက်ဖွာတဲ့သင်း

ကျွန်မရဲ့ မျက်နှာမှာ ဒေါသရိပ်တွေ တရိပ်ရိပ် တက်လာပါတယ်။ မဖြစ်သေးပါဘူးလို့။

"ကြွေ... လာလေ၊ ဒီမှာ ကိုယ်တို့က ကြွေ့ကို စောင့်ရင်းအားပေးနေ ကြပြီ"



ကျွန်မက မပြုံးချင် ပြုံးချင်ပုံစံမျိုးနဲ့ သူ့ဘေးနား ဝင်ထိုင်လိုက်တယ်။

"ကဲ... သူငယ်ချင်းတို့ ဒီနေ့ဟာ အခုမှ ပိုပြီး ကျက်သရေမင်္ဂလာရှိသွားတယ်။ စောစောတုန်းကထိတော့ မင်္ဂလာမရှိသေးဘူး။ ဒီနေ့... မင်းနိုင်ဦးဆိုတဲ့ ယောက်ျားဒီငါ့ရဲ့ ချစ်သူ ကြွေကြွေတင့်ရဲ့ နှစ်ဆယ့်သုံးနှစ်မြောက် မွေးနေ့မှာ ချစ်သူဖြစ်တဲ့ ငါက ဒီလိုဂုဏ်ပြုစည်ခံကျွေးမွေးတာ ဘယ်လောက်မင်္ဂလာ ရှိလဲ၊ အခုမှ မင်္ဂလာရှိသွားတာ"

"မင်းနိုင်ဦးရေ ဒီထက် မင်္ဂလာရှိချင်ရင် ဘီယာစတောရှင်မှာ ဘာလေး ညာလေး ဒီညလုပ်ဦးကွာ"

"လုပ်ပေးရမှာပေါ့ သန့်ဇော်ရာ"

လုပ်ပြန်ပြီ။ သင်းက... ဟိုကပြောတာနဲ့ အလွယ်အကူပဲ။ သူ့သူငယ်ချင်းဆိုတဲ့ ကျွန်မ သူငယ်ချင်းတွေကလည်း ကိုယ့်ပစ္စည်းမဟုတ်တိုင်း၊ ကိုယ်မရှာရတိုင်း ဝိုင်းအုံဆုံးမကြတော့မယ်။ သင်းနဲ့ တော်တော်ခက်ပါလား။ ကျွန်မတားရတော့မယ်။

"ကိုမင်း... ဒီနေ့ဟာ ကြွေ့မွေးနေ့ဆိုတော့၊ ဒါပြီးရင် ဘုရားသွား ကောင်းမှုတွေ ဘာတွေလုပ်မှာဆိုတော့ ကိုမင်းနဲ့ ကြွေကော ကုသိုလ်ရအောင် ဒီည ဘီယာမသောက်ရဘူး"

"ဟာ... ဟုတ်တာပေါ့၊ ကိုယ်မေ့သွားတယ်၊ သူငယ်ချင်းတို့ရေ ညပွဲကိုတော့ ဆောရီးပဲကွာ"

အနုကျတော့လည်း ဟုတ်လို့။ ဟိုကသူငယ်ချင်းတွေတော့ မျက်နှာ တွေ ပျက်ကုန်ပြီ။ သင်းတို့က အချဉ်ဖမ်းလို့ရမလား။ ဘီယာသောက်ချင်ရင် ကိုယ့်ပိုက်ဆံနဲ့ ကိုယ်သောက်ပေါ့။

"ကြွေ... ဘာစားမလဲ။ ကိုယ်ထပ်မှာလိုက်မယ်"

"အံ... နေ"

ကျွန်မလက်ခါပြလိုက်တယ်။ မခါလို့ မဖြစ်ဘူး။

www.burmeseclassic.com



ဒီလောက်စားပွဲပေါ်မှာ မှာထားတာတွေ များနေတာကို ထပ်မှာဦးမယ်တဲ့။ တွေ့မယ်... တွေ့မယ်။

ကျွန်မလည်း မထူးတော့တာမို့ စားပွဲပေါ်မှာ ရှိတဲ့ဟာတွေကိုပဲ ယူစားမိတယ်။ သူကတော့ ဟိုဟာ ဒီဟာ ဟျှောက်ထည့်ပေးပါတယ်။

"မင်းနိုင်ဦးနဲ့ ကြွေကြွေတင့် နောင်ကို ညားကြရင်လည်း မွေးနေ့တိုင်းမှာ ဒီလိုပဲ ကျွေးနိုင်ကြပါစေလို့"

သူငယ်ချင်းတွေက ဝိုင်းပြီး ဆုတောင်းပေးပြီး ဆိုင်ထဲက နှုတ်ဆက် ထွက်သွားကြပါတယ်။ ဗိုက်လည်း ပြည့်သွားပြီကိုး။

ဆိုင်ထဲမှာ သူနဲ့ ကျွန်မပဲ ရှိတော့တယ်။ အဲ... ကျန်တဲ့ဝိုင်းတွေမှာတော့ စားသူတွေ အချို့ရှိတာပေါ့လေ။

"ပိုက်ဆံ ရှင်းမယ်၊ ဘီလ်ယူခဲ့ပါဟေ့"

စားပွဲထိုးက ဘီလ်စာရွက်ယူလာပါတယ်။ ကျွန်မကြည့်တော့ ရင်ကောင်တုန်သွားပါတယ်။

"ဘုရား... ဘုရား... သုံးသောင်းကြီးများတောင်၊ ဘာတွေမို့လဲ"

"ကြွေကလည်းကွာ... မှာတာက အစုံဆိုတော့ ဒီလောက်တော့ ...မှာပေါ့"

"မဟုတ်ပါဘူး၊ ကြွေ ပြောသားပဲ။ ဘာဖြစ်လို့ သူငယ်ချင်းတွေကို ဖိတ်ရတာလဲ။ နှစ်ယောက်တည်း ကိုယ့်ဘာသာ ဘာလေးညာလေးစား၊ ဘုရားသွားဆို ပြီးတဲ့ဟာ"

"မွေးနေ့ဆိုတာ နှစ်ယောက်တည်း ကျင်းပလို့မှ မကောင်းတာ။ သူငယ်ချင်းတွေကိုလည်း ကျွေးချင်တာပေါ့ကွာ"

"ကျွေးပါ၊ သူဌေးကိုး။ ဟိုက ညပွဲဘီယာတောင် တိုက်နိုင်သေးတာ၊ ဒီက အတားမြန်လို့၊ ပိုက်ဆံရှာရတာမှ မဟုတ်တာ"

ကျွန်မတို့ နှစ်ယောက် အပြန်အလှန် စကားပြော ကောင်းနေတာ ပတ်ဝန်းကျင်ကို မေ့လို့။



"ဒီမှာ... ပိုက်ဆံပေးမယ်ဆို"

"သြော်... မေ့လို့ဗျာ၊ ဒီမှာ စကားကောင်းနေတာ၊ ရော့"

အနီးနားမှာ ရပ်နေတဲ့ စားပွဲထိုးကို မေ့နေတာကိုး။

"ကြွေ ဘုရားတောင် မသွားချင်တော့ဘူး။ ပိုက်ဆံတွေ အရှုံးခံမှ မဟုတ်ဘဲ ကုန်တာနမြောလို့၊ ဘုရားသွားရင်လည်း ကုန်ဦးမှာ"

"ကြွေကလည်းကွာ ပြောပြန်ပြီ၊ ကိုယ်ရှာတာ ဘယ်သူ့အတွက်လဲ"

"အဲဒီ ဘယ်သူ့အတွက်ဆိုဆိုပြီး ကိုယ်ကသုံး၊ မရှိရင် ကြွေ့ကိုရှာခိုင်း။ ဘယ်လိုလို့ ကြွေတို့ အိမ်ထောင်ပြုလို့ရမှာလဲ။ ကိုယ် ဒီလိုသုံးနေရင်ကြွေတော့ စိတ်ညစ်ပြီ။ အိမ်ထောင်ကျရင် ဘယ်လိုလို့လုပ်မလဲ"

ကျွန်မရဲ့ပါးစပ်ထဲက စကားလုံးတွေက မရပ်မနား၊ သူ့ကို ပြောချင်လိုက်တာမနည်း။ break လုပ်ထားရလို့။

"ဒေါ်ကြွေကြွေတင့် နောက်မှ ပြောစရာရှိတာပြော၊ ချန်ထားဦး သွားမယ်"

သူက ကျွန်မလက်ကိုဆွဲပြီး ဆိုင်အပြင်ဘက် ထွက်လာရင်း ဘုရား သွားဖို့ ကားမှတ်တိုင်ဘက်ကို ထွက်လာခဲ့ပါတယ်။ လမ်းတစ်လျှောက လျှော့မ မျက်စိထဲမှာက စားသောက်ဆိုင် စားပွဲပေါ်မှာ ကျန်ခဲ့တဲ့ မကုန်တဲ့ ...င်းတွေ ကို နှမြောနေမိတာကို တွေးနေလို့။

ကားတွေကလည်း ဒီနေ့မှ လာခဲ့လိုက်တာ။ ...ားမှတ်တိုင်မှာလည်း လူက တော်တော်များတယ်။

"ကဲပါ... ကြွေရယ်... ရွှေတိဂုံဘုရားကို ကားငှားသွားတာပေါ့"

ယောကျ်ားတွေများ ခက်ရချည်ရဲ့။ ဒီလိုပြောတော့မယ်ဆိုတာ ကျွန်မက သိပြီးသား။ ဘာဖြစ်လဲ နည်းနည်းလေး ကားစောင့်တာ။

"မသွားဘူးကွာ... အလောတကြီး ကိစ္စမှ မဟုတ်တာ၊

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံတွေ ကုန်ဦးမယ်"

"ဘာဖြစ်လဲ ကြွေရာ... ကုန်ပါလေ့စေ၊ နေကလည်းပူ ကားကလည်း မလာ၊ ကိုယ်တော့ စိတ်မရှည်ဘူး"

ကျွန်မတို့နှစ်ယောက် ပြောနေတာ ကားမှတ်တိုင်ထဲက ခရီးသည် တချို့က ကွက်ကြည့်ကွက်ကြည့်နဲ့။

"ကြွေက ကပ်စေးမနည်းသင့်တဲ့ နေရာ နည်းနေပြန်ပြီ၊ ဘုရားသွား တာ အေးအေး သက်သက်သာသာနဲ့ သွားပါရစေကွာ"

"ဖြောက်... ဖြောက်"

"တက္ကစီ"

ကျွန်မ တားချိန်ပင် မရတော့။ လက်ဖျောက် အမြန်တီးပြီး တက္ကစီ တစ်စီးကို လှမ်းခေါ်လိုက်တယ်။

"ဘယ်လဲ"

"ရွှေတိဂုံဘုရားကို သွားမယ်"

"တစ်ထောင့်နှစ်ရာပေး"

လုပ်ပြန်ပြီ။ သင်းက ဈေးမဆစ်ဘဲ တက်တော့မယ်။ မရဘူး-

"ထောင့်နှစ်ရာများတယ်၊ နီးနီးလေးပဲဟာ ရှစ်ရာထား"

"မရဘူး အစ်မ... ဓာတ်ဆီဈေးက ဈေးတက်နေတယ်၊ အစ်မတို့ကို ပို့ပြီးရင် အပြန်ခရီးသည်မရဘူး"

"အို... ဘာလို့ မရရမှာလဲ၊ ဘုရားမုဒ်ရှေ့ ခဏလေးရပ်၊ ခရီးသည် တွေ ပုံလို့"

"ဟာ! အစ်မရဲ့... သူများဂိတ်ရှေ့ ကိုယ်လူတင်ရင် ပြဿနာဖြ သွားမှာပေါ့"

ကျွန်မနဲ့ တက္ကစီသမား ပြောနေတာကို သူကမကျေနပ်တဲ့ ပုံစံ အလိုမကျ ဖြစ်နေပါတယ်။

"ကြွေကလည်းကွာ တန်ပါတယ် တက် တက်"



"မရဘူး... တစ်ထောင်ထား"

"မရလို့ပါ အစ်မရာ"

"ကဲပါ၊ ကြွေရာ... လာလာ ထောင့်နှစ်ရာလည်းတန်တယ်၊ ကိုယ်က ကားဝယ်စီးနိုင်တာမှ မဟုတ်တာ၊ သိန်းနှစ်ရာတန်ကားကို ထောင့်နှစ်ရာ ပေးစီးရတာ တန်တယ်"

သူကတော့ လုပ်ချလိုက်ပြန်ပြီလို့။ တစ်ထောင်လောက်နဲ့ရမယ့် ခရီးကို အတင်းကာရော ကျွန်မလက်ဆွဲပြီး ကားပေါ်သို့ တက်ခိုင်းပါတယ်။ ကားပေါ်မှာ ဘုရားရောက်တဲ့အထိ ကျွန်မ မျက်နှာက ရှုပုပ်နေလို့။

"ကိုယ့်ကိုလေ မပြောချင်တော့ဘူး။ ဒီမှာ ဆစ်နေတာ တစ်ထောင်နဲ့ ရတော့မှာ၊ ကိုယ် ငှားမှန်းသိလို့ ဟိုက ဈေးမချတာ၊ ဒီလောက် ကကတွေပေါ တာ"

"ကြွေ ဘုရားလာတာ၊ ကြွေမွေးနေ့အတွက်လေ၊ ဈေးဆစ်ဖို့လာတာ မှ မဟုတ်တာ"

"ဟုတ်တာ မဟုတ်တာ အပထား၊ ကြွေတော့ ကိုယ်နဲ့ အိမ်ထောင်ပြု ဖို့ကို ဒီလိုလက်ဖွာနေရင်တော့ စဉ်းစားရတော့မယ်"

"စဉ်းစားဗျာ၊ စဉ်းစား..."

အံမယ်၊ သူက ကျွန်မပြောတာကို စိတ်မဆိုးတဲ့အပြင် ရယ်လို့ မောလို့။ ပြောမယ့်သာပြောရတာ ဘုရားပေါ်ရောက်တော့ ကျွန်မမွေးနံရှေ့မှာ ရေခပ် ပေး၊ ဖယောင်းတိုင်ထွန်းပေးနဲ့၊ အဟုတ်သား။

* * *

www.burmeseclassic.com

www.burmeseclassic.com

စကားတွေများ
ပြော... ပြောရလွန်းလို့
အဲဒီလို
ပြောခဲ့တာတို့ပဲ
ကျေနပ်နေရချည်သေးရဲ့တွယ်။

(၂)

အိမ်ထဲမှာကတော့ တိတ်တိတ်ဆိတ်ဆိတ်ပါပဲ။ ဒါပေမဲ့ အိမ်ရှေ့ခန်း မှာသာ...

"မေမေကလည်းပေးပါ၊ သမီးတိုက်ပေးပါ့မယ်"

အကျီကို မီးပူတိုက်နေတဲ့ မေမေ့လက်ထဲက မီးပူကို ကျွန်မက ဆွဲယူလိုက်တယ်။

"သမီးလေး... နေ နေ... မေမေပဲ တိုက်မယ်၊ သမီးဖေဖေက သူ့ အကျီလက်ကို မီးပူတိုက်ရင် ကော့နေမှ၊ သင်းမမတွေ အပျိုတုန်းက ဒီလို မီးပူတိုက်ပေးရင် ကြိုက်တာ မဟုတ်ဘူး၊၊ မေမေကိုယ်တိုင်တိုက်ပေးမှ"

ဟုတ်တော့ ဟုတ်တယ်။ ကျွန်မ မှတ်မိသလောက် သိသလောက်၊ ဖေဖေ ဦးဖေမောင်တင့်က မေမေ ဒေါ်ခင်ဝေလွှင်လုပ်ပေးမှ သဘောကျတာ။ ဟင်းချက် ထမင်းချက်ဆိုလည်း ဒီအတိုင်းပဲ။

"မေမေကသာ ဖေဖေ့ကို အိမ်ရှင်မ ပီသစွာ ပြုစုနေတာ၊ ဖေဖေက ကျတော့ မေမေ့ကို ဘာဝိုင်းလုပ်ပေးလဲ၊ သားသမီးခြောက်ယောက်လုံးကို မေမေပဲ ရှာကျွေးရတာ၊ ဖေဖေကလစာအပ်ရုံပဲရှိတာ။ သူ့ယော်ချင်းတွေနဲ့ သွား လာလိုက်၊

www.burmeseclassic.com

www.burmeseclassic.com



ခြင်းခတ်လိုက်နဲ့ဟာ"

ကျွန်မရဲ့ မေမေဟာ တကယ့်ကို အိမ်ထောင်ရှင်မ ပီသသူပါ။ ဖေဖေ့ရဲ့ အစိုးရအဲလုပ်လစာ တစ်ခုတည်းနဲ့ မိန်းမသားချည်းခြောက်ယောက် မွေးထားတဲ့ သမီးတွေကို ဘွဲ့ရ၊ လူတစ်လုံးသူတစ်လုံးဖြစ်အောင် နေနိုင်ဖို့ မေမေ့ရဲ့ ကြိုးစားမှုတွေကို မေ့ပစ်လို့ မရတာပေါ့။ အရုပ်ထဲ နေ့ပြန်တိုးပေး။ ဈေးထဲမှာ အထည်ဆိုင်ဖွင့်စသဖြင့် အလုပ်တွေကို မေမေ့မှာ မနားရအောင် အိမ်မှုကိစ္စတာဝန်တွေအတွက် ဖြည့်ဆည်းပေးရ။

"သမီးရဲ့၊ သမီးဖေဖေကို အဲ့ဒီလိုမပြောရဘူး။ သမီးဖေဖေဟာ ဝန်ထမ်းထဲမှာ ရိုးသားတဲ့ ဝန်ထမ်း၊ ကိုယ်ကျင့်တရားပျက်အောင် ဘာမှမလုပ် ဘဲ သူ့ရတဲ့ လစာနဲ့ မေမေ့ကို ပုံအပ်ပြီး သမီးတွေ မျက်နှာမငယ်ရအောင် နေခဲ့သူကွဲ့။ ဒီနေ့ထိသမီးရဲ့ ဖေဖေမှာ လူမှုရေးဖောက်ပြန်တာမျိုး မေမေ မတွေ့ရဘူး။ သားကို သခင်၊ လင်ကို ဘုရားလို့ဆိုတယ်မဟုတ်လား၊ မေမေက ကိုယ့်ခင်ပွန်းအတွက် အမြဲတမ်း ဒီအတွက် ဂုဏ်ယူလို မဆုံးဘူး"

မေမေပြောတာ ဟုတ်ပါတယ်။ ကျွန်မ ဘဝတစ်လျှောက်မှာ ဖေဖေဟာ အရက်မူးတာ၊ မိန်းမကို ရိုက်တာ၊ သားသမီးကို မာန်မဲတာမျိုး မတွေ့ခဲ့ဘူး။ ပြီးတော့ ဘွားဘွားနဲ့ ဘိုးဘိုး ဦးစိန်မောင်တင့်ရှိသေး...

"စကားကျယ်ကျယ်နဲ့ လက်စသတ်တော့ မြေးအဘိုး သားအမိ စကားပြော နေကြတာကိုး"

အိမ်ထဲကနေ ဘွားဘွားဒေါ်မြရင်က ထွက်လာပါတယ်။ ဘွားဘွား ရဲ့ လက်ထဲမှာ ပဝါတစ်ထည်ကို ကိုင်ထားလို့၊ ပဝါကနှစ်ပရိစ္ဆေဒ အတော် ကြာပြီ ထင်ပါတယ်။

"သေတ္တာတွေ ရှင်းရင်းဘွားဘွား ဒီပဝါလေးကိုတွေ့တာ။ မသုံးဖြစ်တာတောင် ကြာလှပေါ့။ ဒီပဝါလေးက မြေးရဲ့ ဘိုးဘိုးက ဘွားဘွားကို



မြသပိတ်တောင် ဘုရားပွဲတုန်းက လက်ဆောင်အဖြစ် ဝယ်ပေးတာလေ။ သူတို့အဖေက သိပ်သိတတ်တာ၊ ဘယ်သွားသွား ဇနီးမယားအတွက်ကော၊ ခြေးတို့ အဖေအတွက်ပါအမြဲ စားစရာ သောက်စရာ တစ်ခုခုပါတယ်ကွဲ့။ ဒါကိုက ချစ်ဖို့ကောင်းတာ"

ကြားရတော့မယ် ဘွားဘွားဆီက စာတ်ပြားဟောင်းကြီး ဘိုးဘိုးက လူပျိုဘဝက ဘယ့်လောက် မယ်ဒလင်တီးကောင်းတာ၊ အဲဒီခေတ်က အပျို တွေက ဘိုးဘိုးကို ဘယ်လိုပိုးတာ၊ ဘွားဘွားကို လူကြီးတွေက အခြားလူနဲ့ သဘောတူတုန်း ဘိုးဘိုးကို ခိုးပြေးခိုင်းတာ။ ခိုင်ခိုနှဖာကို ဘွားဘွားက ပြောတော့မှာ။

"ဘွားဘွားကျတော့ နံနက်တစ်ခါ၊ ညနေတစ်ခါ ဘုရားပန်းလဲတာ၊ ဘုရားရှိခိုးတာ နေ့စဉ်မပြတ်ဘူး။ ဘိုးဘိုးကျတော့ တစ်ခါမှ ဘုရားရှိခိုးတာ မရှိဖူးဘူး။ ဘွားဘွားကို ဆူသေးဟောက်သေးနဲ့။ ဘိုးဘိုးရဲ့ သူငယ်ချင်းတွေက တောင် ပြောသေး၊ ဘိုးဘိုးက တစ်သက်လုံးအလုပ်ကို ဟုတ်တိပတ်တိ လုပ်တာ မဟုတ်ဘူးတဲ့"

ဘွားဘွားက ရက်တရက်ပြုံးရင်းမှ ချောင်းအနည်းငယ်ဆိုးလိုက်ပါတယ်။ ဟုတ်ပါရဲ့၊ ဘွားဘွားမှာက ရင်ကျပ်ရောဂါ ရှိနေတာ။ ဘွားဘွားက အမောပြေတော့ တစ်ခုခု ပြောမယ့်ပုံစံပါပဲ။

"ကိုယ်ချစ်လို့ မြတ်နိုးလို့ယူတဲ့ ခင်ပွန်းကို ဘွားဘွားက သူ့အလို လိုက်ရမှာ ပေါ့ကွယ်။ သူ့ဝသီကိုက ဖကားပြောမယ်၊ သူငယ်ချင်းမိတ်ဆွေ အပေါင်းအသင်းတွေ အများကြီးထားမယ်။ ရပ်ကွက်အကျိုးတွေလုပ်မယ်။ အတ္တထက် ပရအကျိုးတွေကို သူကသယ်ပိုးနေတာပဲ။ ဒီတော့ မြေးရဲ့ ဘိုးဘိုး ကို ဘွားဘွားကျေနပ်တယ်။ ဩော်... ငါ့ခင်ပွန်းဟာ မိတ်ဆွေသင်္ဂဟတွေတိုးလို့ ငါပါမိတ်ဆွေတွေရပါလား။ သူ့ရဲ့ လူမှုရေးကွေကြောင့် သူ့အသက်ရှည်နေပါ လား။ ပြီးတော့ မြေးရဲ့ဖေဖေကိုလည်း သူက ဖခင်ပီသစွာ ကျင့်ကြံနေထိုင်ခဲ့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



မြေးရဲ့ ဖေဖေဟာ ဘိုးဘိုးကြောင့် မျက်နှာမငယ်ခဲ့ရဘူး။ ဘွားဘွ ကလည်း ဘိုးဘိုးကို မယ်တစ်ထမ်း မောင်တစ်ရွက်ဆိုတာမျိုး ဖြစ်ချင်ဝ လည်း ပါတာပေါ့ကွယ်"

ဘွားဘွားခများ ဒီလောက် စကားအရှည်ကြီး ပြောရတာ မမော အ်လားပါပဲ။ ကျေနပ်နေလို့ ပီတိဖြစ်နေလို့။

ဒါကြောင့်လည်း ကျွန်မရဲ့ ချစ်သူ မင်းနိုင်ဦးနဲ့ ဘွားဘွား အကြောတည့်တာ။

ဟိုက ဘွားဘွား ပြောသမျှကို နားထောင်ရင်း ဆန့်ကျင်ဘက် မပြော။ သူကပြောသေးရဲ့၊ လူကြီးဆိုတာ သူတို့ ပြောမယ့် စကား နားထောင်ပေးမယ့်သူကို ရှာနေတာ။ ကိုယ်က နားထောင်ပေးရမှာပေါ့

"သမီး ခင်ဇေလွင်နဲ့ ညနေကျရင်တော့ သမီးရဲ့ ယောကျ်ားဖေ သူတို့အဖေပါထမင်းမြိန်မှာပဲ။ ထမင်းလက်သုတ်သုတ်မယ်။ သူတို့ သားအဖ နှစ်ယောက် သိပ်ကြိုက်တာ"

ခုထိ ဘွားဘွားလည်း အသက်သာကြီးတယ်၊ မလုပ်ပါနဲ့ဆိုမ ဘိုးဘိုးအတွက် တစ်ခါတလေ ထမင်းဟင်းချက်ပေးတုန်း။ အိမ်ထောင် သွားတဲ့ အစ်မတွေနဲ့ တူတွေ တူမတွေလာလေ ပိုဆိုးလေပဲ။ ဘွားဘွား ဘိုးဘိုးကော မြေးတွေ မြစ်တွေကို ချက်ကျွေးတာ ပျော်မဆုံး မော်မဆုံး

အဲဒီလို ဘွားဘွားတို့ မေမေတို့လို ဘဝမျိုး ကျွန်မသာဆိုပြီး ကျွန်မချစ်သူ ကိုမင်းနိုင်ဦးနဲ့ယူရင် ဒီလိုမျိုးမှ ဖြစ်နိုင်ပါ့မလားလို့။

ကျွန်မအဖို့ မတွေးချင်လို့မှ မရတာ။

"မင်းလက်ရာကတော့ ငယ်ငယ်တုန်းက အတိုင်းပဲ"

ဘိုးဘိုးက ထမင်းသုတ်ကို စားရင်း ဘွားဘွားကို ချီးကျူးလိုက်တယ်။ ဘွားဘွားကတော့ ကျေနပ်နေလို့။ ဖေဖေ မေမေကတော့ ထမင်းသုတ်ကိုပဲ ဇားလို့ ဘာစကားမှမဆို။

"အေးကွာ... ဒီလို ထမင်းသုတ်ကို စားရတော့၊ အိမ်ထောင်က





းတဲ့ မြေးမတွေကို သတိရသား"

"အဖေကသာ သတိရနေ၊ ဟိုက သူတို့ သားတွေ သမီးတွေနဲ့ န်တော်တို့ ကိုတောင် မေ့နေမှာ"

ကျွန်မရဲ့ ဖေဖေစကားကို ဘိုးဘိုးက ပြုံးလိုက်တယ်။

"ကဲ... အဲဒါတွေထားဦး၊ ဖေမောင်တင့်ရေ... မင်း မွေးထားတဲ့ မြေး မိန်းကလေးခြောက်ယောက်မှာ အခုမြေး ကြွေကြွေတင့် တစ်ယောက် ကျန်တော့တာ၊ သူကလည်း သူ့ချစ်သူနဲ့သူ ဖြစ်နေပြီ၊ ဒီတော့ ကိုယ်က ကလေးရှင်ပီပီ အချိန်ကို ကြာကြာဆွဲမထားနဲ့ကွ၊ လူသိပ်ပြောလာရင် ကောင်းဘူး"

ဘိုးဘိုးက ဟင်းချိုတစ်ဇွန်းခပ်သောက်လိုက်ပါတယ်။

"သမီး ဘိုးဘိုးပြောတာ ဟုတ်တယ်။ သမီးတို့က တက္ကသိုလ်မှာ ဘည်းက ဒီလောက်ထိတွဲလာကြတာ အကြောင်းတစ်ခုခုကြောင့် မယူ င် ကိုယ်ပဲ အရှက်ရမှာလို့ မေမေထင်တယ်"

ကျွန်မက မေမေ့မျက်နှာကို ကြည့်ရင်း–

"ကိုမင်းနိုင်ဦးက ပိုက်ဆံသုံးတာ အရမ်းလက်ဖွာတယ်။ သူငယ်ချင်း ကိုလည်း ရှေ့နောက်မကြည့် သူက ဒိုင်ခံကျွေးတော့တာပဲ၊ နည်းနည်း း ချွေတာ ခိုင်းလို့မရဘူး။ ဒါမျိုးက သမီးရည်းစားချစ်သူ ဘဝမျိုးပဲ င်းတာ၊ လူလွတ်မဟုတ်တဲ့ အိမ်ထောင်သည် ဘဝမျိုးကျရင် မလွယ် သမီးတော့ တော်ကြာ အိမ်ထောင်ကျမှ ချေးရငှားရ ပေါင်ရနှံရနဲ့ဆို ာ"

"ဒီမှာ မြေးရဲ့ ဘိုးဘိုးသိသလောက်တော့ မင်းနိုင်ဦးက ပ်ကြိုးစား သားပဲ၊ လူပျိုဘဝဆိုတော့ သူ ရှာတာ သူသုံးမှာပေါ့ကွယ်၊ ထောင်သည် ဘဝဆိုရင် သူ့ဘာသာသူ ရှေ့ရေးနောက်ရေးတွေတွေးပြီး ခြင်သွား လိမ့်မယ် စိတ်ချ"

www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုးကတော့ ကျွန်မပြောတဲ့ စကားကို ဘာမှ မဖြစ်သလိုနဲ့ ပြောလိုက်ပါတယ်။

"ဘိုးဘိုးမသိဘူးနော်၊ ပိုက်ဆံကို ပက်ခနဲ သုံးပစ်တာ၊ ဘရိတ်အ လို့ကို မရဘူး။ သူ့လက်က ဖျောက်လို့မလွယ်ဘူး"

"မြေးကြွေကြွေတင့်... ယောကျ်ားဆိုတာ သူတို့မှာ ဝါသနာတစ်ခုစီ တော့ ရှိကြတာပဲ။ အေး... အဲဒီ ဝါသနာဗီဇက ကိုယ့်အတွက် ကိုယ့်မိသားစု အတွက် အကျိုးမယုတ်ရင်ပြီးတာပဲ"

ဘိုးဘိုးစကားလည်း ဆုံးရော ဖေဖေက ကျွန်မကိုကြည့်ရင်း–

"ဒီလို လုပ်ပါလားသမီး... ယောကျ်ားဆိုတာ ဘယ်လို သဘာဝလဲ သိအောင် အိမ်ထောင်ကျနေတဲ့ သမီးအစ်မငါးယောက်အိမ်တွေ ခဏလောက် တစ်အိမ်စီ သွားလေ့လာကြည့်ပါလား။ တစ်အိမ် အိမ်မှာ တစ်ရက်တန်သည် နှစ်ရက်တန်သည်ပေါ့။ အဖြေတစ်ခုတော့ ထွက်လာမှာပဲ"

"ဟုတ်တယ် ငါ့သား...၊ မင်းပြောတဲ့အကြံ မဆိုးဘူး။ မြေးရေ– ဘိုးဘိုးလည်း သဘောတူတယ်"

ဘွားဘွားနဲ့ မေမေကတော့ ဘာမှ ဝင်မပြော၊ ကျွန်မအဖို့ကတော့ အစ်မတွေ အိမ်ထောင်ကျပြီး၊ အစ်မတွေ ရှိရာကို သွားသွားလာလာ သိပ်၊ အကြာကြီး မနေဖူးတာမို့ တူတွေ တူမတွေ အစ်မတွေရဲ့ ယောကျ်ားတွေ အကြောင်း လေ့လာတာဟာ ကိုယ့်အတွက် မမှားဘူးလို့ ဆုံးဖြတ်လိုက်မိပါ တယ်။

တစ်ခုခုတော့ ထူးခြားမှာ သေချာပါရဲ့။

* * *

လူအထင်ကြီးအောင်
ပြောတတ်ဖို့
နေတတ်ဖို့ဆိုတာ
ဘုရားသခင်က
လူတိုင်းကို
ဖန်ဆင်းတော်မူလိုက်တာမှ
မဟုတ်တာ။

www.burmeseclassic.com

www.burmeseclassic.com

(၂)

အငေးကနေခြင်ကတည်းက ကျွန်မရဲ့ အစ်မအကြီးဆုံး ခင်ခင်တင့် တို့ တစ်ထပ်တိုက်ပုလေးက နေချင်စရာလေး။ ဘေးက သစ်သားအိမ်တွေရဲ့ ကြားမှာ တကယ့်ကိုထည်ထည်ဝါဝါနဲ့။ ဒီကြားထဲ မွှေးလောင်းပေါ်တာ် ထားတော့ ဟုတ်နေတာပေါ့။

"အမေရေ ဒန်တီလေးလာတယ်"

"တြွေကြွေတင့် ညီမလေး လာ...လာ"

အိမ်ရှေ့ရောက်ရုံရှိသေး ဆော့နေတဲ့ တူလေးက ကျွန်မရဲ့ အစ်မကို ပြေးခေါ်လို့ အိမ်ထဲက အစ်မ ခင်ခင်တင့်က ဝမ်းသာအားရနဲ့ ပြေးထွက်လာ ပါတယ်။

"အတော်ပဲ ညီမလေးရေ... ညီမလေးရဲ့ တူတွေကတောင် အန်တီလေးတောင် ခဏ ခဏ လာမလည်ဘူးလို့ ပြောနေတာ။ အိမ်ကလူ ကိုကျော်ဇောဖြူ ပြန်လာရင်လည်း ဝမ်းသာမှာပဲ။ ဒီညတော့ ကောင်းကောင်း ညီမလေးကို ချက်ကျွေးရမယ်"

မမကြီး ခင်ခင်တင့်ရဲ့ အိမ် ဧည့်ခန်းကို ကြည့်တာနဲ့တင်



ယောက်ျားဖြစ်သူ ကိုကျော်ဇောဖြူ ဘယ်လောက် အရှာအဖွေကောင်းသလဲ ဆိုတာ ခန့်မှန်းလို့ ရပါတယ်။ အရှာအဖွေကောင်းဆို ကိုကျော်ဇောဖြူက နိုင်ငံခြား သင်္ဘောက အင်ဂျင်ပိုင်း အရာရှိကိုး။

"အမေရေ... အဖေပြန်လာပြီ"

တူလေးက ကျွန်မတို့ ကြားအောင် အော်ပြောလိုက်ပါတယ်။ ကြည့်လိုက်တော့ တိုက်ရှေ့ကို ပတ်ဘလစ်ကားကား ရပ်ပြီး ကိုကျော်ဇောဖြူ ဆင်းလာပါတယ်။ ဝတ်ပုံ စားပုံက တကယ့်ကို သေသေသပ်သပ်နဲ့။

"ကြွေကြွေတင့်ပါလား...၊ ထူးထူးခြားခြား ဘယ်လိုဖြစ်လို့ အလည်လာတာ လဲ"

"ဒီလိုပါပဲ၊ ဒါနဲ့ ကိုကျော်ဇောဖြူက ဘယ်ကပြန်လာတာလဲ"

ကျွန်မက မေးတဲ့ မေးခွန်းကြောင့် ကိုကျော်ဇောဖြူရဲ့ မျက်နှာမှာ ပြုံးသလို ဖြစ်သွားရင်းက–

"ကိုကြီး သင်္ဘောပြန်တက်မလို့လေ၊ တကယ်တော့ ကိုကြီးက တောက်ချင်ဘူး၊ ဂျပန်ကသင်္ဘောသူဌေးက အီးမေးလ်တွေနဲ့ကော၊ တယ်လီဖုန်းနဲ့ကော၊ စာနဲ့ပါ လာခဲ့ပါ၊ သင်္ဘောမှာ ကိုကြီးလို ပဉ္စမအင်ဂျင်နီယာမျိုးက လိုတယ် တဲ့။ ဒေါ်လာတွေပိုပေးပါ့မယ် ဆိုလို့လေ။ အဲဒါသင်္ဘောသားရုံးသွား စုံစမ်းနေရ တာ။ ကိုကြီးရဲ့ သူငယ်ချင်းတွေကတောင် အံ့အားသင့်နေတာ ဘော်လုချည် လားပေါ့။ ဘယ်တတ်နိုင်မလဲ၊ ကိုကြီးက သူတို့ထက်ကို ဘုံပင်နံ့းက ကျွမ်းကျင်တာကိုး"

ဒီလောက်ဆို ကျွန်မသိလိုက်ပြီ။ ကိုကျော်ဇောဖြူကို ကျွန်မထပ် မေးထားမစရဲ တော့ဘူး။ စကားလုံးတွေ ထပ်လာတော့မယ်။

"ဒါနဲ့ ကြွေကြွေတင့်ကော ဘယ်တော့ အိမ်ထောင်ပြုမှာလဲ။ လုပ်တော့လေ၊ ကိုကြီး ရောက်ခဲ့တဲ့ ဩစတေးလျ၊ အီတလီ၊ ဂရိ၊ ပြင်သစ်၊ အင်္ဂလန်၊ ဟော်လန် ပြီးတော့..."

"အမေကြီး ဖင်လန်နိုင်ငံ ကျန်သေးတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



တူလေးဖြစ်သူက သူ့အဖေအကြောင်းသိလို့လား မသိ၊ ကြားဖြတ်ပြောလိုက် ပါတယ်။

"အေး... အေး၊ ငါ့သား ပြောတာ ဟုတ်တယ်။ အဲဒီ ဖင်လန်နိုင်ငံ တွေမှာဆို အသက်တစ်ဆယ့်ခြောက်နှစ် ရောက်တာနဲ့ အိမ်ထောင်ပြုကြပြီ။ တချို့က ဘုရားကျောင်း၊ တချို့က ရဲတိုက်၊ ပိုက်ဆံသိပ်ရှိသူတွေက သင်္ဘောကြီးတွေပေါ်မှာပေါ့ကွာ။ ကိုကြီး ရောက်ခဲ့တဲ့ နိုင်ငံတွေမှာ ကိုကြီးဆို ဟိုတယ်ကြီးတွေမှာပဲ စားတာ"

"ကိုကျော်ဇောဖြူ ရေသောက်ဦး၊ ပြီးမှ ဆက်ပြော ညီမလေးက အခုမှ ရောက်တာ၊ မနားရသေးဘူး"

"အေးပါကွာ၊ ငါက ငါ့အတွေ့အကြုံ ပြောတာပါ"

အစ်မ ခင်ခင်တင့်ထို ကျေးဇူးတင်လိုက်တာ။ နို့မို့ဆို ဘယ်လောက်တောင် ပြောဦးမလဲ မသိ၊ အစ်မရဲ့ စကားကျတော့ နားထောင်သား။ ဟုတ်လို့။

"ညီမရေ... သည်းခံ၊ သူ့ ဝသီက ဒီလိုပဲ ပြောတတ်တာ၊ တော်သေးရဲ့၊ မေဖေ့ ဘိုးဘိုးတို့နဲ့သာ အတူနေရရင် သူကြွားတာ၊ ဝါထာလုပ်ပြောတာနဲ့ ဘင်း... ခက်ရချည်ရဲ့။ သူ့မှာ ကျန်တာ ကောင်းတယ်၊ အဲဒီ ဥာဏ်ကလေးကဖျက်နေတာ"

အိမ်ထဲကနေ ကိုကျော်ဇောဖြူရဲ့ သီချင်းသံသဲ့သဲ့ဆိုသံကို ကြားနေရပါတယ်။ ရေချိုးခန်းထဲက ထင်ပါရဲ့။ သားဖြစ်သူရဲ့ တဟီးဟီး တဟားဟား ရယ်သံပါ ကြား နေရတယ်။

"သူက ညီမလေးရဲ့ တူကို ဒီလိုပဲ သူနဲ့အတူတူရေချိုးပေးနေကျ၊ သူကိုယ် တိုင် သူ့သားကို ကြေးတွန်း ဆပ်ပြာတိုက်နဲ့ ညီမလေးရဲ့တူ လူပျိုပေါက် ရောက်တဲ့ အထိများ လုပ်ပေးနေဦးမလား မသိဘူး"

အစ်မ ခင်ခင်တင့်က ဒီစကားကို ပြောတဲ့ အမူအရာက တကယ့်ကို ကျေကျေ နပ်နပ်ကြီးနဲ့ ပြောနေသလိုပဲ။



ကျွန်မမှာသာ နောက်ထပ် ဘယ်လို စကားလုံးကြွားလုံးတွေ ကြားရလေဦး မလဲ မသိ။

* * *

ည။

အစ်ခင်ခင်တင့်တို့ ရပ်ကွက်များ ကံကောင်းပုံ။ မီးက မပျက်ရေးချ ပျက်။

စားပြီးသောက်ပြီးလို့ အိမ်ရှေ့မှာ ထိုင်မယ်ရှိသေး ကလေးတွေ ...ာ လူကြီး အချို့ကော မိန်မအချို့ပါ တိုက်ထဲဝင်လာပါတယ်။

အံမယ်၊ သူတို့အိမ်အလား တီဗွီရှေ့မှာ ကိုယ်စီကိုယ်င ထိုင်လို့။

"မမ ဘာလာလုပ်ကြတာလဲ"

"ဩော်... ဒါလား၊ ကိုကျော်ဇောဖြူ လုပ်တာလေ၊ စလောင်းလာ ကြည့်တာ၊ စလောင်းက တရုတ်ဇာတ်လမ်းတွဲတွေလေ၊ ခက်ပါတယ် ...လေးရယ်၊ ပြန်ရင် လှည့်းလိုက်ရတဲ့ အမှိုက်"

ကျွန်မရဲ့ အမေးကို အစ်မခင်ခင်တင့်က မတိုးမကျယ်ပြောပါ ...ယ်။

"ဟ... ပရိသတ်တွေ ရောက်နေကြပြီကိုး၊ ကဲ... တီဗွီစလောင်း ...ပေးပါမယ်၊ ဒီညက ဂျက်ကီချန်း police story အပိုင်းနှစ်လေ။ ...ောင်ကောင်မှာ ရိုက်တာ၊ ကျွန်တော်ရောက်ဖူးတဲ့နေရာတွေပါတယ်။ ...ပြရမှာပေါ့"

ကျွန်မအဖို့တော့ ပြဿနာပဲလို့။ ကိုကျော်ဇောဖြူရဲ့ ကြွားချက်တွေ ...ာ့ ကြားရဦးမယ်။ နားညည်းဦးမယ်ဆိုပြီး စိတ်ပျက်ချင်သလိုလို ...န်မက ဖြစ်နေပေမဲ့ စလောင်းလာကြည့်သူတွေကတော့ ဘာမှ ...ဖြစ်သလိုနဲ့။

တီဗွီမြင်ကွင်းထဲမှာ ဇာတ်ကားက ပြနေပါပြီ။ သေနတ်တွေပစ်

www.burmeseclassic.com

www.burmeseclassic.com



လက်သီးတွေထိုးနဲ့ ဂျက်ကီချန်းခများ ရေတောင် မသောက်နိုင် စကားတောင်မပြောနိုင်။ အဲ... ကိုကျော်ဇောဖြူကြတော့–

"တွေ့လား... အဲဒါဟောင်ကောင် ရဲဌာနချုပ်၊ အဲဒီဘေးနားက လက်ဘက်ရည်ဆိုင်မှာ ဟောင်ကောင်ရောက်တိုင်း ကျွန်တော်သောက်တာ။ ဟော ဂျက်ကီချန်းစီးတဲ့ ဆိုင်ကယ်တွေ့လား။ ဂျပန်မှာ ကျွန်တော်ဝယ်ဦးမလို့၊ ဒီမှာ ကိုယ်တစ်ယောက်တည်း စီးရင် လူတွေ ဝိုင်းကြည့်မှာ စိုးလို့ မဝယ်ဖြစ်တော့တာ။ ဘတ်စ်ကားတွေ တွေ့လား။ ကျွန်တော်တို့ ဆီကလို ဘယ်ဟုတ်မလဲ၊ နှစ်ထပ်ကားတွေ ချည်းပဲ၊ ကျွန်တော်က တက္ကစီပဲ စီးတာ၊ ကားတွေကလတ်သာပြလိုက် ရပ်လိုက်ပြီ"

စလောင်းကြည့်သူတွေက ကိုကျော်ဇောဖြူရဲ့ စကားကိုအတော်နားဆောင် တာပဲတိုး။ တစ်ယောက်မှ သူ့ဘက် မလှည့် ဂျက်ကီချန်း ဆီသာ အာရုံရောက်နေလို့။

"မိန်းမရေ... ဥဒ်သင်္ကာ ကိုယ်ဝယ်လာတဲ့၊ အအေးပုလင်းခွံကို ရေဆည့်ပြီး ရေခဲသေတ္တာထဲထည့် အအေးခံထားတဲ့ရေ ယူလာကွာ၊ ရေငတ်လို့"

ဘုရား... ဘုရား...။ ကျွန်မရဲ့ အစ်မတစ်ယောက် သူ့ယောကျ်ားရဲ့ စကားသံ အတော်ခံနိုင်တာပဲလို့။ မျက်ခုံးတစ်ချက်တွန့်ပြီး အိမ်ထဲဝင်သွားရင်းက ရေယူလာပေးပါတယ်။

"ကြွေကြွေတင့်ကို မုန့်တွေ ဘာတွေ ကျွေးဦးလေ၊ ဩော် ဒီနေ့ ထရိတ်ဒါးဘက် မရောက်လို့ ရွှေပုစွန်က ဝယ်လာတဲ့ ကိတ်မုန့်ပဲရှိတယ်။ စား... ကြွေကြွေတင့် အားမနာနဲ့နော်၊ မိသားစု သုံးယောက်တည်းဆိုတော့ မုန့်က အိမ်မှာ အလျှံပယ်ပဲ"

မုန့်ဆိုတဲ့ စကားသံကြောင့် တီဗွီကြည့်နေတဲ့ ကလေးအချို့ ကိုကျော်ဇောဖြူဘက် မျက်နှာလှည့်လိုက်လို့ ကိုကျော်ဇောဖြူ ကစ်ယောက ပြောတဲ့စကားကို ဘရိတ်အုပ် လိုက်ပါတယ်။



"ဒီထပ်ခေါက် သဘောင်္တက်လို့ ပြန်လာရင် တီဗွီကို လက်မခြောက်ဆယ်ဝယ်ခဲ့မယ်။ ဒီက ကြည့်တဲ့သူတွေ အရုပ်ကြီးကြီးကြည့်ရတာပေါ့"

"ဟေး..."

"ဟဲ့ ကလေးတွေ ရုပ်ရှင်ရုံ မဟုတ်ဘူး၊ တိုးတိုး"

ကိုကျော်ဇောဖြူရဲ့ စကားကို ကလေးတွေက ထောက်ခံသည့် အလား အော်ပြီး အားပေးလို့ အစ်မခင်ခင်တင့်က ကလေးတွေကို လှမ်းဟန့် လိုက်ပါတယ်။

"ဒီလို တီဗွီကြီးတွေကို အာရှနိုင်ငံတွေမှာက ဘောလုံးကွင်းတို့ ဘာတို့ထဲမှာ ပါတာလေ"

"ကိုကျော်ဇောဖြူ... ဒါဆို ရှင့်အိမ် ညှော်ခန်းနဲ့ ဘယ်ဆံ့ပါ့မလဲ"

တီဗွီလာကြည့်တဲ့ ကလေးအမေ တစ်ဦးက မေးလိုက်တယ်။ ဒါကို ကိုကျော်ဇောဖြူက–

"ဒီတစ်ခေါက် ပြန်လာရင် ဒေါ်လာတွေ အများကြီး ပါလာမှာ၊ တိုက်အကြီး ကြီး ပြန်ဆောက်မှာဗျ၊ ကျွန်တော်တို့ သဘောင်္ကုမ္ပဏီက ငြိန်ခေါ်တယ်လေ။ ကျွန်တော် က လုပ်ငန်း ကျွမ်းကျင်တော့ သူဌေးက လက်မလွှတ်နိုင်ဘူးပေါ့"

"ဦးလေး... အဲဒီစကားက ညတိုင်းကြားနေရလို့ ရိုးနေပြီ"

တီဗွီ ကြည့်တဲ့ကလေး တစ်ဦးက လှမ်းသတိပေးလိုက်ပါတယ်။ နေနိုင်၊ မထိုင်နိုင် ကျွန်မတောင် ပြုံးမိသွားပါတယ်။

"ဟောင်ကောင် weather က အနေတော်ပဲဗျ၊ အီကွေတာ ရာသီဥတု နိုင်ငံတွေကသာ ဆိုးတာ၊ အာဖရိကမှာ ကျွန်တော် သဘောင်္ကပ်တုန်းကဆိုရင် ပူလွန်းလို့ တစ်နေ့ကို ဖျော်ရည် bottle တွေ drink ရတာ ဒေါ်လာတော်တော်ကုန်တာ၊ အာဖရိကရဲ့ ယဉ်ကျေးမှုက တော်တော် တော့ ခေတ်နောက်ကျသား။ အဲ့ဒီမှာ ကျွန်တော်က အသားဖြူတော့

www.burmeseclassic.com

www.burmeseclassic.com



သဘော် ပေါ်လာလာပြီး အာဖရိကသူတွေက ကျွန်တော့်ကို လာလာကြ တာ၊ ကျွန်တော် အင်ဂျင်ခန်းထဲ ဆင်းပုန်းနေရတာပဲဗျို့"

ကျွန်မက ဆက်လက် မခံစားနိုင်တော့ နားက အတော်လေး အီစလံဝေ သွားပါပြီ။

အစ်မ ခင်ခင်တင့်ကို အိပ်တော့မယ်လို့ ပြောပြီး အိပ်ခန်းထဲ တံခါးပိတ်၊ စောစောပဲ အိပ်လိုက်မိပါတယ်။

ဒါတောင် တစ်ခါတစ်ခါ ကိုကျော်ဇောဖြူရဲ့ အမေရိကန်စတိုင် ဥရောပစတိုင် စကားတွေ ကြားနေမိသေးတယ်။

"ညီမလေး နိုးလာပြီးလား"

ကျွန်မ အိပ်ရာကနိုးလာတော့ အစ်မခင်ခင်တင့်က မနက် အဆာပြေ စားဖို့ ထမင်းကြော် ကြော်ပြီးနေပြီ။ ကော်ဖီတောင် ဖျော်နေ

"ကိုကျော်ဇောဖြူရေ… ရှင့်လေ့ကျင့်ခန်းပြီးရင် လာတော့၊ ဒီမှာ အဆင်သင့် ဖြစ်ပြီ"

အစ်မ ခင်ခင်တင့်ရဲ့ စကားသံကြောင့် အိမ်ရှေ့ကို ကျွန်မကြည့် လိုက်တော့ ကိုကျော်ဇောဖြူ တစ်ယောက် ဂေါက်ရိုက်တံ တစ်ချောင်း လက်ကကိုင်ပြီး လွှဲနေလို့။ ကျွန်မရဲ့ အစ်မအိမ် မြေကွက်လပ်ရှေ့မှာ သူ ဟန်ရေးပြနေပုံက တကယ့် ဂေါက်ကွင်း ကြီးမှာ ဂေါက်ရိုက်နေ သလိုမျိုးပါပဲ။

လမ်းသွားလမ်းလာ အချို့က ကွက်ကြည့်ကွက်ကြည့်နှင့်။

"ဘယ်လိုလဲ ကြွေကြွေတင့် အိမ်မှာလို အကြာကြီး မအိပ်ရရ အစ်မလာနိုးတာ စိတ်တိုနေလား"

"ကိုကျော်ဇောဖြူကလည်း ကျွန်မက ဒီအချိန်ဆို အိမ်မှာ နိုးနေကျပါ"

ကိုကျော်ဇောဖြူက လက်အိတ်တွေ ချွတ်၊ ဂေါက်တံကို တံခါးကြားတွင် ထောင်လိုက်တယ်။

"ကမ္ဘာပေါ်မှာ ဂေါက်သီး ကစားတာက လူချမ်းသာတွေမှ စားနိုင်တာ၊ အပေါင်းအသင်းလည်း ဝင်ဆံ့တယ်။ ဒီမှာက ဂေါက်ကွင်း တွေက နည်းသေးတယ်။ ကိုယ်တို့ ရောက်ခဲ့တဲ့ ဥရောပနိုင်ငံတွေက ဂေါက်ကွင်းတွေဆို တစ်မြို့တည်းမှာ အများကြီးပဲ။ ဂေါက်ရိုက်တာ တော်ရုံ ငွေကြေး ကြွယ်ဝမှုမျိုးနဲ့ ရိုက်လို့ လွယ်တာမဟုတ်ဘူး။ ကလပ်ကွက်ထဲမှာဆို ကိုဂေါက်ရိုက်တာကို လာရောင်းကြသူ ချည်းပဲ။ သူတို့က ဂေါက်သီး ရိုက်တယ်နဲ့ ဂေါ်လီရိုက်တာ လမ်းလျှောက်တာချင်းအတူတူ ပဲလို့ဆိုလို့ ရှင်းပြရိုက်ရတာ ဆိုတာ ကိုတို့လို ဂေါက်သမားတွေဆိုတာ"

"ကိုကျော်ဇောဖြူ နောက်မှ ဆက်ပြော၊ ဒီမှာ ငါးမင်းကြော်တွေ အေးကုန်မယ်၊ ကြွေကြွေတင့်က နားထောင်ချင်မှန်းမသိ၊ မထောင်ချင်မှန်း မသိနဲ့ ပြီးရင် သားကို ကျောင်းပို့ဖို့လုပ်ဦး"

တော်ပါသေးရဲ့။ အစ်မ ခင်ခင်တင့်ကို ကျေးဇူးတင်လိုက်တာ ဆိုတာ၊ သူ ဝင်ကယ်လို့၊ နို့မို့ဆိုရင် နားထဲ ကြားစကားလုံးတွေ တရစပ် ဝင်လာတော့မှာ။

"သားရေ… စာအုပ်တွေဘာတွေ သေသေချာချာ စစ်ဦးနော်၊ တော်ကြာ မေ့ကျန်နေဦးမယ်။ မိန်းမရေ ဘာဝယ်ခဲ့ရဦးမလဲ၊ မြို့ထဲ ဆက်သွားရမယ်ကွ"

ဒါကျတော့လည်း ကိုကျော်ဇောဖြူတို့က ဟုတ်သားလို့။ သားဖြစ်သူ ကို ကိုယ်တိုင် ထမင်းချိုင့် ထည့်ပေး၊ အကျီဝတ်ပေး၊ ကျောင်းမှာ စာကို ဘယ်လိုသင်ဖို့ ဆရာမတွေကို ဘယ်လို ရှိသေဖို့၊ သူငယ်ချင်းတွေနဲ့ ရန်မဖြစ်ဖို့ အစစအရာရာ လုပ်ကိုင် မှာကြားသွန်သင် လို့နေပါတယ်။

"သူက နည်းနည်းကြွားတယ်၊ စကားပိုပြောတတ်တာကလွဲရင် ကျန်တာ အကုန်တော်တယ်။ ဒါလေးတော့ သည်းခံရတာပေါ့ ညီမလေး ရယ်၊ ယောကျ်ားဆိုတာ ဘာဉ်တစ်ခုခုတော့ရှိတာပဲ။ သူ့ဘာဉ်ကတော့

www.burmeseclassic.com



နည်းနည်းနားထောင်ရသူအဖို့ နားညည်း တာပေါ့လေ"

တူဖြစ်သူကို ကားနဲ့ လိုက်ပို့၊ မြို့ထဲ ထွက်သွားတဲ့ ကိုကျော်ဇော် အကြောင်း ကို အစ်မခင်ခင်တင့် ကျွန်မကို ပြောပြပါတယ်။

ကျွန်မအဖို့ ညနေရောက်ရင် ဘယ်လိုကြွားတဲ့ စကားလုံးတွေများ နားထောင် ဦးမလဲ မသိ။

* * *

ဒီနေ့ တနင်္ဂနွေနေ့မို့ အစ်မ ခင်ခင်တင့်က အိမ်ကို သန့်ရှင်းရေး လုပ်နေပါတယ်။ ကျွန်မလည်း မနေနိုင်လို့ အစ်ကို ဘာလေးညာလေး ဝိုင်းလုပ် ပေးပေါ့။ အစ်မရဲ့သားက တီဗွီဂိမ်း ဆော့နေတယ်။

ကိုကျော်ဇောဖြူက စာအုပ်တစ်အုပ်ဖတ်နေတယ်။ သဘော်ာနဲ့ သက်ဆိုင်တဲ့ စာအုပ်မျိုးပါပဲ။

"ဪ— အစ်ကိုကြီး၊ ကျွန်မတို့ကို ဝင်ခွင့်ပြုပါနော်"

"ဝင်ပါ— ညီမတို့၊ ဘာကိစ္စပါလိမ့်"

အသံကြားသို့ ကျွန်မ ကြည့်လိုက်တော့ အင်္ကျီထက်အောက် ဆင်တူ ဝတ်ထားတဲ့ အသက်နှစ်ဆယ်အရွယ် ကောင်မလေးငါးယောက်က လက်ကိုင်အိတ်တွေ ကိုင်ရင်း အိမ်ထဲ ဝင်လာတယ်။ ဒါကို အစ်မဖြစ်သူ ခင်ခင်တင့်လည်း သတိထားမိတယ်။

"ဒါ ကျွန်မတို့ရဲ့ ကုမ္ပဏီက ထုတ်တဲ့ ရေမွှေးနဲ့ ပေါင်ဒါမှုန့်တွေ ပါ။ အားပေး ပါဦးနော်၊ ကျွန်မတို့က ရပ်ထဲရွာထဲ ဆင်းပြီး ပရိုမိုးရှင်းလုပ် တာပါ"

အဲဒီ ငါးယောက်အုပ်စုထဲက ခပ်သွက်သွက် တစ်ယောက်က လက်ကိုင် အိတ်ထဲက ရေမွှေးပုလင်း အရှိုနဲ့ ပေါင်ဒါမှုန့်ကို ထုတ်ပြီး ကိုကျော်ဇောဖြူကို ပြလိုက် ပါတယ်။

"ကမ္ဘာပေါ်မှာ အခုအချိန်မှာ ရေမွှေးနဲ့ ပေါင်ဒါမှုန့်ဟာ အလိုအပ်



ဆုံး လူတိုင်း အတွက် မရှိမဖြစ်တဲ့ အရာတွေ ဖြစ်လာပြီပဲ ညီမတို့ရဲ့"

ကျွန်မကတော့ သိလိုက်ပြီ။ ကိုကျော်ဇောဖြူကတော့ စပြီလို့၊ ကျွန်မနဲ့ အစ်မကလည်း လုပ်နေကိုင်နေရင်းက သူ့ယောကျ်ားတော့ သူ့ဝသီအတိုင်း လုပ်ပြန်ပြီ ဆိုတဲ့ ပုံစံနဲ့ အကဲခတ်နေပါတယ်။

"ဟုတ်တာပေါ့ အစ်ကိုကြီးရယ်၊ ဒါ့ကြောင့် ဒီရေမွှေးပဲ ဖြစ်ဖြစ် ပေါင်ဒါမှုန့် ပဲ ဖြစ်ဖြစ် တစ်ခုခုတော့ အားပေးဦးနော်"

"အေးကွာ၊ ကိုယ်တို့ရောက်ခဲ့တဲ့ ဥရောပ ပြင်သစ်မှာဆို ရေမွှေးရောင်းတဲ့ စတိုးဆိုင်ကြီးတွေက ဒီလို ပရိုမိုးရှင်းမျိုး မလုပ်ကြဘူး၊ ညီမတို့ စဉ်းစားကြည့် အစည်း အဝေးသွားမယ်၊ ကားစီးမယ်၊ ရုံးတက်မယ်၊ ကျောင်းသွားမယ်၊ ကိုယ့်ချွေးနံ့က ထွက် နေမှာပဲ ဒီလို ရေမွှေးနဲ့ဆိုပြီးပြီ၊ လူတိုင်း ဆောင်ထားသင့်တာပေါ့"

ကောင်မလေးငါးယောက်ထဲက တစ်ယောက်က ကိုကျော်ဇောဖြူ ရဲ့ စကားကို နားထောင်နေရင်း အလိုမကျတဲ့ ပုံစံမျိုးဖြစ်နေပါတယ်။ အသာကတော့ ပစ္စည်း ဝယ်ချင်လည်းဝယ်၊ မဝယ်ချင်လည်းမဝယ်နဲ့ ပုံစံမျိုးနဲ့ပါ။ ဒါကို မသိရေးချမသိသူက ကိုကျော်ဇောဖြူ။

"ဒီက အစ်ကိုကြီးက ဘာလုပ်တာလဲ"

ခပ်သွက်သွက် ကောင်မလေး တစ်ယောက်က မေးလိုက်ပါ ပယ်။ အဲ့ဒီ စကားမျိုးကို ကိုကျော်ဇောဖြူက ကြားချင်တယ်ထင်ပါရဲ့။

"အစ်ကိုကြီး သင်္ဘောအင်ဂျင်နီယာပေါ့ကွယ်၊ အခုနားနေတာ ကုမ္ပဏီက သူဌေးက သင်္ဘောပြန်လိုက်ပါ၊ ကိုယ်တို့လို ကျွမ်းကျင်ပညာရှင် ဆွက သူ့အလုပ်မှာမရှိလို့ မဖြစ်လို့ဆိုပြီး အတင်းပြန်လိုက်ခိုင်းလို့ သင်္ဘော ထိုတ်ရမှာ။ နိုင်ငံတကာကို ရောက်ရလွန်းလို့၊ ကိုကြီးလည်း ငြီးငွေ့နေပြီ။ ရှ၊ အာဖရိက၊ သြစတေးလျ၊ ဥရောပ၊ အမေရိက စုံနေတာပါပဲကွာ။ — အဲ့ဒီမှာ ညီမလေးတို့ကို မိန်းကလေးတွေ ဟာ ဒီလိုပဲ ကိုယ့်ဝမ်း ကိုယ်ကျောင်း အလုပ်လုပ်ကြရတာ။ ကိုကြီးရောက်ခဲ့တဲ့ ကုမ္ပဏီမှာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုလည်း ဒီအတိုင်းပဲ။ ဥရောပရဲ့ နှင်းခဲတွေနဲ့ အေးစက်တဲ့ ရာသီအခါ သမယမှာ ညီမလေးတို့လို ကလေးမတွေဟာ အလုပ်လုပ်ကြရတာ ပေါ့... ဟို စိနိုပေါ်က အရုပ်ရဲ့ ဘေးနားက ဓာတ်ပုံတွေ့လား၊ အဲဒါ ပြင်သစ်က အီဖယ်မျှော်စင် ဘေးနားမှာ ကိုကြီး ရိုက်ထားတာလေ"

စကားတွေက ဘယ်လို လိုရင်းမရောက်ဘဲ ကွေ့ပတ်သွားလေ သလဲမသိ။ ကောင်မလေး ငါးယောက်ကလည်း ကိုကျော်ဇောဖြူ လက်ညှိုး ညွှန်ရာဓာတ်ပုံဘက်ကို လိုက်ကြည့်လို့။

"ကိုကျော်ဇောဖြူ...၊ ရှင်ဝယ်မှာလား မဝယ်ဘူးလား၊ သူတို့က ရှင့် စကားနားထောင်ဖို့လာတာ မဟုတ်ဘူး။ မစ္စည်းလာရောင်းတာ၊ သူ့ ခများ တခြား သွားရဦးမှာ" အစ်မ ခင်ခင်တင့်က စင်ဟန့်ပါတယ်။

"ဟာကွာ... ဝယ်မှာပေါ့။ သူတို့က မေးတာကိုး"

"ဘာယူမှာလဲ အစ်ကိုကြီး"

ကိုကျော်ဇောဖြူရဲ့ စကားအဆုံး ဝမ်းသာအားရနဲ့ ကောင်းမလေး တွေက မေးလိုက်တာပါ။ သူတို့ခများ စကားလုံးတွေ ပိနေတဲ့ ဒဏ်က လွတ်ပြီ ကျွတ်ပြီ ပဲ မို့နဲ့။

"ဒီရေမွှေးက ဘယ်လောက်လဲ"

"တစ်ထောင့်ငါးရာပါ"

"သက်သာတာပဲ၊ ပြင်သစ်မှာဆို မရဘူး။ ဒီလောက်ဆို ဖရန့် ငါးထောင် သစ်သောင်းပဲ။ ကိုကြီးက ဥရောပ ပြင်သစ်ရောက်တိုင်းဝယ် နေကျပဲ"

ဓာတ်လမ်းက ပြန်စဦးမယ် ထင်ပါရဲ့။ ဒါပေမဲ့ ကျွန်မရဲ့ အစ်မ က သူမှမကယ်ရင် ကောင်မလေးငါးယောက် မလွယ်လို့ ထင်တော်မူသည့် အမှတ်နဲ့-

"ကိုကျော်ဇောဖြူ၊ ရှင်ဝယ်ချင်ရင်လည်း ပစ္စည်းယူပြီး ပေးလိုက် တော့လေ။ သူတို့က တခြားသွားရဦးမှာ"



"အေး... ဒါဆို၊ တစ်နေ့က ဘယ်ဘက်က ထုတ်လာတဲ့ ရွှေတစ်သိန်း အုပ်ထဲက တစ်ထောင်တန် နှစ်ရွက် ယူခဲ့ကွာ"

ကောင်မလေး ငါးယောက်က ကိုကျော်ဇောဖြူရဲ့ မျက်နှာကို ကွက်ကြည့် ကွက်ကြည့် ကြည့်ပြီး ပြုံးလို့။

"ကျေးဇူးပါပဲ၊ အစ်ကိုကြီး။ နောက်လာရင်လည်း အားပေး ဦးနော်"

"ဟုတ်တယ် အစ်ကိုကြီးဆီက နိုင်ငံတကာ အတွေ့အကြုံကြား တာ... အဲ... နားထောင်ရတာပေါ့"

"လာခဲ့ပါ... လာခဲ့ပါ... ကိုကြီးက သဘော အတွေ့အကြုံတွေ၊ နိုင်ငံတကာကို shopping ထွက်တဲ့ အကြောင်းတွေ ပြောရဦးမှာပေါ့"

ကောင်မလေး ငါးယောက်ကတော့ ရေမွှေးတစ်ပုလင်း ရောင်းရလို့ ဝမ်းကြေးကြီးမားစွာကြွားလုံးတွေ နားထောင်ရတဲ့ ဒဏ်ကလွတ်ပြီကျွတ်ပြီဆို ပြီး အိမ်ထဲကနေ ခပ်သုတ်သုတ်ထွက်သွားလေရဲ့။

"ကဲ... ကိုကျော်ဇောဖြူ၊ ရှင်တော့ ကျွန်မ ပြောရဦးမယ်၊ နေရာ တကာတိုင်း၊ တွေ့တဲ့ လူတိုင်း ရှင်ဘာလို့ ဒါမျိုး ရှင့်အကျင့်အတိုင်းလျှောက် ပြောရတာလဲ၊ ခက်ပါတယ်။ ဟိုက နားထောင်ချင်မှန်း နားမထောင်ချင် မှန်းမသိ"

"မင်းကလည်းကွာ၊ ဟိုက ငါ့ရဲ့ နိုင်ငံတကာ အတွေ့အကြုံတွေ ကို မေးတာကိုး၊ ဒီတော့ ငါ ရှင်းပြရတာပေါ့"

"ဘာရှင်းပြတာလဲ၊ သူတို့က သူတို့ ပစ္စည်းရောင်းထွက်ချင်လို့ မျက်နှာလုပ် မေးတဲ့ဟာ"

"မဟုတ်ပါဘူးကွာ၊ သူတို့လေးတွေက လိုလိုလားလားနဲ့ မေးတာ ပါ၊ နောက်တစ်ခါလာရင်တောင် ထပ်မေးဦးမှာတဲ့ လာရင်တော့ ကော်ဖီလေး ဘာလေး တိုက်ပြီး ပြောပြရမှာပေါ့ကွာ"

"ဩော်... ရှင်က သူတို့ ငါးယောက်ကို သဘောကျနေတာကိုး၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မသိလို့ပါ၊ ဒါကြောင့် သူတို့ အထင်ကြီးအောင် ရှင်ကကြွား၊ နောက် တစ်ခါလာရင် ရှင်က မိတ်ဆက် ဟိုချိန်း ဒီချိန်း ချိန်းတော့မှာပေါ့"

"ခင်ခင်တင့် မင်းကိုယ့်ရဲ့ တန်ဖိုးထားတဲ့ ကိုယ်ကျင့်တရားကို မစော်ကားနဲ့"

ဘယ်လိုက ဘယ်လိုတိုက်ပွဲက ပြင်းထန်သွားလေလဲမသိ၊ တဖြည်းဖြည်း ရန်ပွဲအသွင်ဆောင်လာပါတယ်။ ဒါပေမဲ့ တီဗွီဂိမ်းဆော့နေတဲ့ တူလေးကတော့ ဘာမှ မဟုတ်သလိုနဲ့ ဂိမ်းကို ဆော့နေဆဲ။

"စော်ကားတော့ကော ဘာဖြစ်လဲ၊ ရှင့်ပုံက အဲဒီဟာမလေးတွေကို သာယာနေ တာကိုး"

"မင်း လွန်လာပြီနော်၊ ငါဟာ သဘောလိုက်ရင်း အာရှ၊ ဥရောပ၊ အမေရိက နိုင်ငံစုံ ရောက်ခဲ့ပေမယ့်၊ ငါ့ကိုကြိုက်တဲ့ နိုင်ငံခြားသူတွေ အများကြီး ငါ့ရုပ်ရည်၊ ငါ့ ဉာဏ်၊ ငါ့ဥစ္စာပစ္စည်းနဲ့ ငါ့ကို ငြင်းပယ်သူမရှိဘူး ဒါပေမဲ့ ငါဟာ ဒါတွေကို မသာယာဘူး၊ ဒါကို မင်းနားလည်ပါ၊ မြန်မာပြည်မှာ ပြည့်စုံကြွယ်ဝချမ်းသာတဲ့ ငါ့ရဲ့ ဘိုးဘေးဘီဘင်တွေလည်း ဒါမျိုး ကိုယ်ကျင့်တရားမပျက်ဘူး။ ငါ့အဖေရဲ့ ဘိုးဘိုးရှေးမြန်မာ ခင်းတိုင်ဝင် အမတ်ကြီးလည်း ဒါမျိုးမလုပ်ဘူးကွ"

"အမယ်လေ…၊ ကောင်းကြသေးရဲ့လား၊ လင်မယားချင်းရန်ဖြစ်တာတောင်မှ ကြွားပြီး ရန်ဖြစ်သေးရဲ့၊ ကောင်းကြသေးရဲ့လား"

ကျွန်မအဖို့ ကျွန်မအစ်မ ခင်ခင်တင့်နဲ့ ကိုကျော်ဇောဖြူတို့ နှစ်ယောက်ရန် ဖြစ်တာကို ကြည့်ပြီး ရယ်နေမိပါတယ်။ ကိုကျော်ဇောဖြူလို လူမျိုးကတော့ သူ့ကြွားတဲ့ အကျင့်ကို ဘယ်တော့မှ ဖျောက်နိုင်မှာ မဟုတ်ဘူးဆိုတာလည်း ကျွန်မ သဘောပေါက် ပါရဲ့။

လင်မယားနှစ်ယောက် မနက်တုန်းကသာ စကားများကြပေမယ့် ညနေလည်း ရောက်ရော…

"ကိုကျော်ဇောဖြူ…၊ ညနေ ဘာဟင်းစားမလဲ"



"ကိုယ့်တွက်က အရေးမကြီးပါဘူး၊ မင်းကြိုက်တဲ့ ဟင်း၊ မင်းသားကြိုက်တဲ့ဟင်းချက်၊ ကန့္စွန်းလေးထမင်းချိုင့် နက်ဖြန်ကျောင်းတက်ဖို့လည်း ဟင်းကို သေသေချာချာ ချက်ဦး၊ ပိုလည်း ထည့်ပေးနော်၊ ကျောင်းမှာ သားရဲ့ သူငယ်ချင်းတွေ ကျွေး ရတာပေါ့"

"သားရေ… အဖေ့ကို ကျောင်းကစာတွေလာပြစမ်း၊ မသိတာရှိရင် မေး၊ တော်ကြာ အိမ်စာတွေ လုပ်ဖို့ မေ့နေရင်ဆူခံနေရဦးမယ်၊ သား… ကျောင်းစာတွေ လုပ်ပြီး ပြီလား"

အဲဒီနောက်တော့ မနက်ကနဲ့ ဘာမှ မဆိုင်တော့သလို သားဖြစ်သူရဲ့ ကျောင်းစာတွေ ကြည့်ပြီး သားမရှင်းတာကို ပြန်ပြီး သင်ပြ၊ ပြန်ရှင်းပြနဲ့ ညနေ ထမင်းစား တော့လည်း ပျော်ပျော်ရွှင်ရွှင်နဲ့။ မိသားစု ထမင်းဝိုင်းဟာ ပြည့်နေလို့။

အဲ… ညရောက်တော့လည်း ရုပ်ပြစလောင်းက ထုတ်လွှင့်တဲ့ ဇာတ်ကားကို ကြည့်ရင်း ကိုကျော်ဇောဖြူ တစ်ယောက် တီဗွီလာ ကြည့်သူတွေကို သူ့ဝသီ အတိုင်းပြောနေပြန်ရော။

"ဒါက ရှန်ဟဲမှာပဲ၊ ပီကင်းကို ကျွန်တော်တို့ သဘောဆိုက်တော့၊ ဇာတ်မလေးတွေဗျာ၊ ချောလိုက်တာ၊ ဒီမင်းသမီးတွေအတိုင်းပဲ၊ ကျွန်တော် လည်း သဘော အင်ဂျင်နီယာဆိုတော့ ကန်တုံတို့ ယန်စီတို့မှာပေါ့ဗျာ၊ ဒါက ဘာလဲဆိုတော့…"

* * *

www.burmeseclassic.com

ပရိုဟိယဆက်ကျိုး
ရှာဈေးလုပ်ခြင်းဖြင့်
မိမိရဲ့
တစ္ဆနရံတာ
နောက်ဆုတ်သွားမှာပဲ

(ဘာထရန့်ရပ်ဆဲလ်)

(၄)

ကျွန်မရဲ့ ဒုတိယအစ်မ ဝေဝေတင့်တို့ အိမ်ရောက်ဖို့ ကားဂိတ်က
လမ်းနည်းနည်းတော့ လျှောက်ရသားလို့။ အစ်မကြီး ခင်ခင်တင့်ကတော့
ကားနဲ့ လိုက်ပို့ပေး မယ်ပြောရဲ့။ ဒါပေမဲ့ ကျွန်မကအားနာလို့။ အားနာတာ
က် ကားပေါ်မှာ ကိုကျော်ဇောဖြူ ကြွားတာ မခံနိုင်တာလည်းပါရဲ့။

"သာဓုပါ ခင်ဗျာ... သာဓုပါ။ မရှိလို့ မလှူ၊ မလှူလို့ ဒုက္ခ
ာက်နဲ့ မြတ်စွာဘုရားရှင် လက်ထက်တော်က သာဓကတွေလည်းရှိရဲ့၊
ကျွန်တော်တို့ ရပ်ကွက်မှာက အပတ်စဉ်အင်္ဂါနေ့တိုင်း ဆွမ်းလောင်း
ဆိုတော့ ဒီဆွမ်းကို သံဃာတော်တွေကဘုဉ်း ပေးမယ်။ ဘယ်လောက်
မြတ်သလဲ၊ ဒီလို မွန်မြတ်တဲ့နေရာမှာ ဟယ်... ကြွေကြွေတင့်
လည်လာ တာလား"

ရုတ်တရက်ဆိုသလို အစ်မ ဝေဝေတင့်တို့ အိမ်နားရောက်ခါနီး
လှူခံ မဏ္ဍပ် လော်စပီကာကနေ အလှူခံပြောနေသူက မိုက်ကိုင်ရင်း
ပြောရင်းက ကျွန်မနာမည် လှမ်းခေါ်တာ ကုက္ကိုလ်ပင်နှစ်ကြားမှာ
ထားတဲ့ လော်စပီကာကနေ ကြားလိုက်ရလို့ ကျွန်မလန့်သွားပါတယ်။

အလှူခံမဏ္ဍပ်ထဲ ကြည့်လိုက်တော့ အစ်မ ဝေဝေတင့်ရဲ့ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com



ကိုသာဆိုင် ကို တွေ့လိုက်ရပါတယ်။ မိုက်ကရိုဖုန်းကို လက်ကကိုင်ရင်း ကျွန်မကို ပြုံးပြနေလို့။

ကျွန်မ ခမျာတော့ ရှက်လိုက်တာဆိုတာ။ ကိုယ့်နာမည်ကို မဆီမဆိုင် မိုက်ကရို ဖုန်းနဲ့အော်ရတယ်လို့။

"ကြွေကြွေတင့် အိမ်မှာ ဝေဝေတင့်ရှိတယ်၊ သွား အစ်ကိုကြီး လိုက်မပို့တော့ ဘူး၊ ဒီမှာ ဆက်ပြောရဦးမှာ"

ကျွန်မခေါင်းညိတ်ပြလိုက်တယ်။ တော်သေးရဲ့ မိုက်ကရိုဖုန်းပိတ်ထားလို့၊ အလှူခံမဏ္ဍပ်ထဲက လူတချို့က ကျွန်မကို ကွက်ကြည့် ကွက်ကြည့် နဲ့။

"ဘာတဲ့... ဒီလို လှူတဲ့နေရာမှာ ကဿပဘုရားရှင် လက်ထက်က မဟာဒုတ်ကိုကြည့်၊ ဘယ်လောက် ဆင်းရဲသလဲဆိုရင် ဗျာ...'

* * *

အစ်မဝေဝေတင့်တို့ အိမ်ရှေ့ရောက်တဲ့အထိ ကိုသာဆိုင်ရဲ့ အသံကို ကြား နေရတယ်။

"အစ်မရေ.. အစ်မ"

"ဟယ်... ညီမလေး ကြွေကြွေ၊ လာ... လာ... ဖေဖေကော မေမေကော မပါဘူးလား"

အစ်မ ဝေဝေတင့်က ဝမ်းသာအားရနဲ့ အိတ်တွေဘာတွေ လှမ်းယူပါတယ်။

"ညီမလေး တူမတွေက ကျောင်းသွားကြတယ်၊ အစ်မယောကျ်ားကတော့ လမ်းထိပ်မှာလေ မိုက်နဲ့ အော်နေတာတွေ့တယ်မဟုတ်လား"

"တွေ့တာပေါ့အစ်မရေ...၊ နာမည်တောင် မိုက်နဲ့ အော်ခံရသေး"

ကျွန်မကလည်းဖြစ်ပုံကိုပြောပြမိတော့ အစ်မဝေဝေတင့်က ရယ်လို့။

"သူကတော့ မပြောနဲ့ ကြွေကြွေရေ...၊ မိုက်ကရိုဖုန်းနဲ့ကိုင်ပြီး ပြောရလို့ကတော့ အားလုံးကို မေ့ပဲ"

အဲဒီနောက်တော့ အစ်မဖြစ်သူ ဝေဝေတင့်နဲ့ ကျွန်မ စကားတွေ ပြောလိုက်တာ စုံလို့။

"မေမေရေ... ဟာ... တီတီလေးလည်းရောက်နေတယ်။"

ညီအစ်မနှစ်ယောက်စကားတွေ ဘယ်လောက် ကောင်းသွားသလဲဆို တူမနှစ်ယောက် ကျောင်းလွှတ်ပြန်လာချိန်တောင်ရောက်လာပါတယ်။

"ကဲ... သမီးတို့ရေ ဒီမှာ တီတီလေးနဲ့ စကားပြောဦး၊ မေမေ ထမင်းပြင်ဦး မယ်၊ သမီးတို့ ဖေဖေလည်း လာတော့မယ်"

အစ်မဝေဝေတင့်က ထမင်းပြင်လို့ နေတုန်းမှာပဲ ကိုသာဆိုင် ရောက်လာပါတယ်။ လက်ထဲမှာလည်း မိုက်ကရိုဖုန်း တစ်ခုကို ချွေပြီး ကိုင်ထားလို့။

"ညီအစ်မနှစ်ယောက် စကားတွေ ကောင်းနေကြတယ် မဟုတ်လား၊ သမီးတွေ ဒေါ်လေးအပျိုကြီးကို ဘာတွေသွားပူဆာနေလဲ မပူဆာနဲ့နော်၊ တော်ကြာ ဧည့်သည်ပြန် ပြေးသွားဦးမယ်"

"ဖေဖေကလည်း သမီးတို့ ဘာမှ မပူဆာပါဘူး"

သမီးနှစ်ယောက်နဲ့ စကားပြောပြီး နောက်တော့ ကိုသာဆိုင်က သူ့လက်ထဲမှာ ကိုင်ထားတဲ့ ကြိုးချွေထားတဲ့ မိုက်ကရိုဖုန်း အချွေကို ပြီး ခေါင်းရင်းမှာရှိတဲ့ ဆောင်းဘောက်စ်နဲ့ တွဲထားတဲ့ အမ်ပလီဖိုင်ယာမှာ မိုက်ကရိုဖုန်းကို တပ်လိုက်ပါတယ်။

"ကိုသာဆိုင် ဘာလုပ်ဦးမလို့လဲ"

"ဝေဝေရေ ဒီမိုက်ကို စမ်းမလို့၊ မဏ္ဍပ်မှာ အော်တော့ မိုက်က အိုဝ်မဆွဲဘူး"

"နောက်မှအော်၊ ဒီမှာ တစ်ခါတည်း ထမင်းဝင်စား၊ ညီမလေးလည်း ဗိုက်ဆာနေတော့မယ်"

www.burmeseclassic.com



"ရပါတယ်ကွာစားမှာသာစားပါ၊ မိုက်က အရေးကြီးတယ်၊ အခုလို ဝါတွင်းကာလ ရောက်ခါနီးမှာ ဆွမ်းလောင်းဖို့ ရပ်ကွက်တွေက အပြိုင်ဖြစ် တော့မှာ"

"ရှင်တို့ လက်ထက်ကျမှပဲ၊ လှူဒါန်းတာ ဘောလုံးပွဲတွေလို ပြိုင်ရတယ်လို့"

လင်မယားနှစ်ယောက် စကားပြောတာကို ကြည့်ပြီး ကျွန်မပြုံးမိ တယ်။

ကိုကျော်ဇောဖြူလို လူမျိုး နောက်တစ်ယောက် လာတော့မှာ ပါလားလို့။

* * *

"ဟလို… ဟလို"

"တက်စတီ… ဝမ်း တူး သရီး"

"ဟလို… နွေဦးလအကုန် ဝ္ပီး… ဝ္ပီ… ဟလို… တက်စတီ… မိုးဦးအကျ၊ ဝါဆို၁၁အစ ဗုဒ္ဓဘာသာ သူတော်စင်များ ခင်ဗျား… ဝ္ပီး… ဝ္ပီး… ရှိုး… ဟလို… ဝါဆို သင်္ကန်းနှင့်တကွ ဆွမ်းခဲဖွယ် ချိုချဉ်ရသာ အဖြာဖြာ ပူဇော်လှူဒါန်းဖွယ် အသွယ်သွယ်တို့ကို ဝါတွင်းသုံးလပတ်လုံး ဝ္ပီ… ဝ္ပီ… ရှိုး… ရှိုး… ဟာ ဒီမိုက်ကလဲ ဟလို… ဝါဆို ဝါကပ်ပြုကြကုန်သော သံဃာတော်အရှင်မြတ်တို့အား ဆက်ကပ်လှူ ဒါန်းခြင်း ဝါတွင်း ဝါပ သံဃဒါန ဆွမ်းလောင်းပူဇော်ပွဲများကို မြင်တွေ့ကြားသိရသူ ပုဂ္ဂိုလ်အပေါင်းကို ရှိုး… ရှိုး… ဝ္ပီ… ဝ္ပီ…"

ထမင်းစားနေတဲ့ ကျွန်မရဲ့ နားထဲ အသံတွေက အစုလိုက် အပြုံလိုက် အလုံး အရင်း ဝင်ရောက်လို့ နေပါတယ်။

"ကိုသာဆိုင် ရှင်ဒီမိုက်စမ်းတာ ရပ်တော့နော်"

အစ်မ ဝေဝေတင့်ရဲ့ အသံက volume တော်တော်မြင့်သွားပါ



တယ်။ တူမလေး နှစ်ယောက်ကတော့ ဘာမှ မဖြစ်သလိုနဲ့ ထမင်းကို စားနေမြဲ။

"ခက်တယ်ကွာ၊ ကိုယ်က ရပ်ကျိုးရွာကျိုး သယ်ပိုးဖို့ လုပ်နေတာ၊ မင်းက လည်း သက်သက် အကုသိုလ်အဖြစ်ခံလို့"

"နောက်မှ အကုသိုလ်ဖြစ်ချင်ဖြစ်၊ ရှင့်ဟာက အခု အိမ်ပေါ်မှာ နားဒုက္ခ ဖြစ်တာကဆိုးတယ်။ ဒီမှာ ညီမလေးကိုလည်း အားနာဦး… လာ… ထမင်းစားဦး"

ကိုသာဆိုင် အမ်ပလီဖိုင်ယာ ခလုတ်ကို ပိတ်လိုက်တယ်၊ ပြီးတော့ လက်ဆေး ပြီး ထမင်းဝင်စားပါတော့တယ်။

"ဝေဝေ ထည့်စားနော်။ ကဲ… သမီးတို့ကော စားကောင်းလား၊ ရော့ ရော့၊ ဖေဖေဖို့ပဲ ဟင်းမချန်နဲ့လေ။ ဖေဖေက ကြက်သားတစ်တုံး ဆိုရပြီ။ ရော့… သမီးတို့ နှစ်ယောက်က ဒီတစ်တုံးကို တစ်ဝက်စီယူဦး"

ကိုသာဆိုင်က သူ့ပန်းကန်ထဲကို ကြက်သားတစ်တုံးထည့်ပြီး ကျန်တစ်တုံးကို လက်နဲ့ဖဲ့ပြီး သမီးနှစ်ယောက်ရဲ့ ထမင်းပန်းကန်ထဲ ထည့်ပေးပါတယ်။

"ရှင်ကတော့ လုပ်ပြန်ပြီ ကလေးတွေကို စည်းနဲ့ကမ်းနဲ့ကျွေးတာ ကို အလိုလိုက်ပြန်ပြီး"

"ဝေဝေကလည်းကွာကလေးဆိုတာ လူကြီးကျွေးမှ စားရတာ စားမှာသာ စားပလေ့စေ"

"သမီးတို့စားပြီးရင် ခဏအိပ်၊ ညနေကျူရှင် သွားရဦးမယ် မဟုတ်လား၊ ဖေဖေ ကျောင်းလွှတ်မှ လာကြိုမယ်"

ထမင်းစားနေတုန်းမှာလည်း ကိုသာဆိုင်က ကျွန်မကို စကား လှည့်ပြောလိုက်၊ သမီးနှစ်ယောက်ကို ထမင်းထည့်ပေး နယ်ပေးနဲ့။

ဒဲ… တစ်ခါတစ်ခါတော့ ထမင်းစားရင်း မိုက်ကရိုဖုန်း အကြောင်းကိုပြောတော့ပြောသေးရဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကိုသာဆိုင်ခမျာ မိုက်ကို ချစ်တတ်ပုံကတော့လေ။

* * *

ညတုန်းက အစ်မဝေဝေတင့်နဲ့ကော တူမလေး နှစ်ဦးနဲ့ကော အိမ်အကြောင်း၊ ဖေဖေနဲ့ မေမေအကြောင်း၊ ဘိုးဘိုး ဘွားဘွားတို့အကြောင်း စကားတွေပြောတာ ညဥ့်နက် လို့ နက်သွားမှန်း မသိဘူး။

မန္တလေးမှာ ဝါတွင်းဥပုသ်အတွက် အစည်းအဝေးလုပ်ပြီး ပြန်လာတဲ့ ကိုသာဆိုင်က မအိပ်ကြသေးဘူးလားပြောမှ အိပ်ရာဝင် ဖြစ်တော့တယ်။

♣

အဲ... ထူးထူးခြားခြား အိပ်မက်က မက်ရော။ အိပ်မက်ထဲမှာ ကျွန်မနဲ့ ကျွန်မချစ်သူ ကိုမင်းနိုင်ဦးတို့ မင်္ဂလာပွဲကို ကြီးကြီးကျယ်ကျယ်ကို ဆောင်တာ။ ဂရိသတ် တွေကလည်း အများကြီး ကီးစိုင်းတွေ အဆိုတော် တွေနဲ့။

ကိုမင်းက မင်္ဂလာဆောင် စင်မြင့်ကနေ ကျွန်မရဲ့ လက်ကို ချိတ်ပြီး။ ဧည့် ပရိသတ်တွေကို ဧည့်ခံရင်း တိုက်ပုံအင်္ကျီအိတ်ကပ်ထဲက ငွေတစ်ထောင်တန် အထပ် လိုက်ကို ဇုတ်ပြီး ပိုက်ဆံတွေ ကြဲပါလေရော။

အို... ဝုန်းဒိုင်းနဲ့ ဝရုန်းသုန်းကားဖြစ်ပြီး လူတွေက လုကောက် လိုက်ကြတာ ဆိုတာ။

ကျွန်မက ဒေါသထွက်ထွက်နဲ့ သူ့ဗိုက်ခေါက်ကို လိမ်ဆွဲပေါ့။ ဒီလောက်တောင် ပိုက်ဆံတွေ ဖြုန်းလုရချည်လားပေါ့။

သူကတော့ ရယ်နေလို့။ အိပ်မက်ထဲမှာလေ။

♣



အခုချိန်လောက်ဆို ပြောမယ်သာပြောတာ။ ကိုမင်းနိုင်ဦးခမျာ ကျွန်မကို လွမ်းနေလောက်ပြီ။ ကျွန်မက အစ်မတွေအိမ်အလည်သွားမယ် ဆိုတာ ဘာကြောင့်လဲ ဆိုတာ သူက မသိဘူးလေ။

ကျွန်မရဲ့ ရည်ရွယ်ချက်ကို သိများသိသွားရင် သူဘာပြော လေမလဲ။

သူကလည်း ခက်တော့ခက်သား။ အိပ်မက်ထဲမှာတောင် လိုက်ပြီး အသုံး အဖြုန်းက ကြီးသေး။

"ဝေဝေရေ... အိမ်သာထဲမှာ ဘယ်သူရှိလဲ"

"ကိုသာဆိုင်... အော်ကြီးဟစ်ကျယ်နဲ့ ခုနှစ်အိမ်ကြား ရှစ်အိမ်ကြား အော်မနေ နဲ့"

အတွေးကောင်းနေတုန်း လမ်းထိပ် အလှူခံမဏ္ဍပ်ကနေ ကိုသာဆိုင် တစ်ယောက် အိမ်ထဲပြေးဝင်လာရင်း နောက်ဖေးကို တန်းဝင် သွားပါတယ်။ အစ်မဝေဝေတင့် ရဲ့ စကားကို ကြားမှ ကြားပါလေ သမလားမသိ။

"အဲ့ဒါသာကြည့် ညီမလေးရေ... သူနဲ့ ခရီးသွားရမှာကို သိပ်လန့်တာ။ ဘယ်နေရာရောက်ရောက် အိမ်သာကို အရင်ရှာတာ"

နောက်ဖေး မီးဖိုချောင်မှာ ဟင်းချက်နေရင်းကနေ အစ်မဝေဝေတင့် က လှမ်း ပြောလိုက်ပါတယ်။

"သာခုပါခင်ဗျာ... ယခုလို ဝါတွင်းကာလ အပတ်စဉ် အင်္ဂါနေ့ နံနက်တိုင်း ဆွမ်းလောင်းဖို့ ငွေငါးဆယ်လှူဒါန်းတဲ့အတွက် နိဗ္ဗာန်ဆော် ဥသကာကြီး ကိုသာဆိုင် အိမ်သာတက်နေတုန်း လုပ်အားပေးအဖြစ် ကျွန်တော် မောင်ရာဇာဒွေးလွင်မိုးက ဆုပေးရမှာမို့ ချဲလ်ဆီး ဆောလုံးဂလပ် အသင်းပိုင်ရှင် အေဘရာမိုဗစ်၊ ဆော့ဝဲ သူဌေးကြီး ဘီလ်ဂိတ်၊ မီဒီယာသူဌေးကြီးစာက်ဒါနာနဲ့ ကွယ်လွန်သွားတဲ့ ဂရိသူဌေးကြီး

www.burmeseclassic.com



အိုနာစစ်တို့လို ပေး၍မကုန် လှူ၍မခန်း၊ ပဒုမ္မာရွှေကြာပန်းလို ပွင့်လန်းနိုင်ကြပါစေလို့ သာဓုပါ သာဓုပါ"

လမ်းထိပ်အလှူခံမဏ္ဍပ်က ဆုပေးသံကို ကျွန်မလှမ်းကြားနေတယ်။ ဒီအချိန်မှာပဲ–

"ပြဿနာပါပဲ၊ အိမ်သာတောင် ကောင်းကောင်း မတက်ရဘူး။ ဒီမောင်ရာဇာ ဒွေးလွင်မိုးဆိုတဲ့ကောင်ကို မိုက်ခထောပေးမိပါတယ်၊ ဒီကောင်ကတော့ လုပ်ချလိုက်ပြန်ပြီ။ ဒုက္ခပါပဲ ဆုတွေပေးတာကလည်း အလွဲချည်းပဲ ဒီကြားထဲ အိမ်သာတက်တာတောင် မိုက်နဲ့ ထည့်ပြောသေး။ သင်းတွေ့မယ်"

ကိုသာဆိုင်တစ်ယောက် ပါးစပ်ကနေ ရေရွတ်ရင်း အိမ်သာတက်နေရင်းက အိမ်ရှေ့ အမြန်ထွက်လာရင်း အိမ်ပေါ်မှ ပြေးဆင်းသွားပါတယ်။

♣

"ဟော့ကောင် မောင်ရာဇာဒွေးလွင်မိုး၊ ဟာခေါ်ရတာ မလွယ်လိုက်တာကွာ၊ မင်း ဘယ်လိုဆုပေးလိုက်တာလဲ၊ ဒီကြားထဲ ငါအိမ်သာတက်တာပါ မင်းက ဘာလို့ မိုက်ထဲကနေ ပြောရတာလဲ"

"ကိုသာဆိုင်ကလည်းဗျာ... ကျွန်တော် ရာဇာဒွေးလွင်မိုးက ကိုသာဆိုင်တို့ ဆုပေးသလို ဟိုးတုန်းက သူဌေးကြီးတွေ နာမည်မှ မသိတာ ကိုယ်ဖတ်ဖူးတဲ့ မဂ္ဂဇင်း ဂျာနယ်က ကမ္ဘာကျော် သူဌေးကြီးတွေရဲ့ နာမည်ပဲ သိလို့ ဆုပေးတာပဲ မော်ဒန်တောင် ဖြစ်သေးရဲ့ဗျာ"

"ဟော့ကောင် မင်းဖော်တော့၊ ဒီနေ့ကစပြီး လမ်းထိပ် အလှူခံမှာ မိုက်ကရိုဖုန်း ကိုင်ခွင့်လိုင်စင်ကို ငါသိမ်းတယ်"

လမ်းထိပ် မဏ္ဍပ်က အသံတွေကို ကျွန်မကြားနေရပါတယ်။

"ဒုက္ခပါပဲ ညီမလေးရယ်... ကိုသာဆိုင်ကတော့ အလှူခံမဏ္ဍပ်မှာ စကား ပြောတာ မိုက်ကရိုဖုန်း မပိတ်ဘဲ ပြောတယ်ထင်ပါရဲ့။ သူတို့





အသံတွေ မိုက်ကရိုဖုန်းထဲ ဝင်ပြီး သစ်ပင်မှာ ချိတ်ထားတဲ့ လော်စပီကာကနေ တစ်ရပ်ကွက်လုံးတော့ကြားလောက်ပြီ"

"... ဘာလည်းလေ ကက်ဆက်ဓာတ်လမ်း ဖွင့်နေတယ်လို့ ထင်ကြမှာပေါ့"

ကျွန်မရယ်ရင်းပြောလိုက်ပါတယ်။

"တွေ့မယ်... သင်း... အိမ်ပြန်လာ ကြည့်"

မမဝေဝေတင့်ကတော့ ကိုသာဆိုင်ကို အပြတ်ကို ကြိမ်းတော့တာပါပဲ။

♣

ညနေရောက်တော့ ဘာဖြစ်မလဲ ကျွန်မက သိချင်နေတာ။ ကိုသာဆိုင်က မဝေဝေတင့်နဲ့ ကလေးတွေ ကြိုက်တဲ့ ခေါက်ဆွဲကြော် ဝယ်လာတယ်။ ကျွန်မရဲ့ အစ်မ ဝေဝေတင့်ကကော ကိုသာဆိုင် ခပ်ကြိုက်တဲ့ ဝက်သားသုံးထပ်သားကို အချို ချက်၊ သရက်ချဉ်သုတ်နဲ့ ထင်ကို ထမင်းပွဲပြင်ပေးဖို့ စောင့်နေတယ်လေ။ ကဲ ကောင်း ရော။

* * *



www.burmeseclassic.com

တန်ခိုးရှင်သာဖြစ်ကြည့်
ဓာရ်နတ်ကိုယ်ပွားတွေကို
တုဆိုလ်ကြိမ်လုံးနဲ့
ခပ်ဆတ်ဆတ်ရိုက်ပြီး
စကြဝဠာတိုင်းအပြင်ဘက်
ကျွမ်းထိုးမှောက်ခုံဖြစ်အောင်
ပညာပေးလိုက်ချင်ပါရဲ့။ ။

(၅)

ကျွန်မ အဖို့ အစ်မဝေဝေတင့်တို့အိမ် ရောက်ကတည်းက သတိထား မိတာကတော့ အစ်မရဲ့ ယောကျ်ား ကိုသာဆိုင် တစ်ယောက် အိမ်မှာ ငါးမိနစ်ပြည့်အောင် နေတာကို မတွေ့ရဘူး။

ကိုသာဆိုင်အဖို့ လူမှုရေးကိစ္စတွေကလည်းများမှများ ကန်ထရိုက် လုထား သလားပဲ။

ရပ်ကွက်လမ်းထဲက အင်္ဂါပတ်ဆွမ်းလောင်းအသင်းမှာလည်း ပါရဲ့။ ဒီကြားထဲ ကြားရတာက ရပ်ကွက်မဏ္ဍပ်က ဆွမ်းကို အသီးအနှံ နည်းပဲ လောင်းနေရလို့ အသားဟင်း လောင်းချင်ငယ်ဆိုလို့ ဝက်သား အချိန် နှစ်ဆယ်ကျော်ချက်ဖို့ အလှူခံထွက်ရ၊ ဆွမ်းချက်တဲ့ညမှာ မိုးတွေ ရွာလို့ အမိုးမရှိတဲ့ မဏ္ဍပ်မှာ ယောက်ယက်ခတ်နေ တုန်း၊ အနီးအနားမှာရှိတဲ့ ဆောင်လေးတွေက ဂစ်တာတီးရင်း ဝိုင်းရယ်လို့ ဆွမ်းချက်တဲ့ သူတွေနဲ့ ပြဿနာဖြစ်လို့ ရှင်းရတာက တစ်မျိုး။

တူလိုက်တာ အိမ်က ဘိုးဘိုးလိုပဲ။ ဘိုးဘိုးနဲ့ ကိုသာဆိုင်သာ တွဲထားပေးရင် ဟုတ်နေပြီ။

တူမလေး နှစ်ယောက်ကိုလည်း ကျွန်မမှာ ညဆို စာရှင်းပြရတာ ရှိသေး။ အဲ... တူမနှစ်ယောက်ကလည်း သူတို့ အဖေ လူမှုရေးတွေ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်ကြောင်း ခဏခဏ ကျွန်မကိုပြောသေး။

အဖေကို တော်တော် ချစ်တဲ့ကလေးတွေ။

♣

"ကြွေကြွေရေ... ဒီနေ့တော့ မမကို ဝိုင်းကူဦးကွယ်"

ဈေးကနေ ဆွဲခြင်းတောင်း တစ်ပွေ့တစ်ပိုက်နဲ့ ပြန်လာတဲ့ အစ်မကနေ ဆင်းရင်း လှမ်းပြောပါတယ်။

"ဝယ်တာတွေ များလှချည်လား၊ ဘာလုပ်ဖို့လဲ ဟင်"

"ဒီည မမတို့အိမ်မှာ ကိုသာဆိုင်တို့ လမ်းလူမှုရေး အစည်းအဝေး ရှိတယ်လေ။ အဲဒါ ကြာဆံကြော်ကျွေးမှာမို့ပေါ့။ ရပ်ကွက်လူမှုရေး အစည်းအဝေးတွေဆို ဒီမှာပဲ လုပ်တော့"

ဪ... အစ်မ ဝေဝေတင့်ခမျာ ယောကျ်ားကို လူမှုရေး အလုပ်က ဘာဖြစ် တယ် ညာဖြစ်တယ် ပြောပေမဲ့ ကိုယ်တိုင်ကလည်း စိတ်ပါဝင်စားတက်ကြွနေတာကိုးလို့။

ဒီပုံစံမျိုးကို ဘိုးဘိုးနဲ့ ဖေဖေ့ကို ခေါ်ပြလိုက်ချင်ရဲ့။

ကိုသာဆိုင်နဲ့ ကျွန်မ ချစ်သူကိုမင်းနိုင်ဦးနဲ့သာ တွဲလိုက်ရင်လည်း ဟုတ်ရေးချ ဟုတ်လို့။

ဒီလိုလူမှုရေးတွေမှာ ကိုမင်းနိုင်ဦးတစ်ယောက် ဘယ်လောက် လက်ဖွာလိုက် မလဲလို့။

♣

"မမကို မေးရဦးမယ်။ ကိုသာဆိုင် တစ်ယောက် ဒီလို လူမှုရေးတွေကို လုပ်နေတာ အချိန်ပြည့်ဆိုတော့ မမတို့ စီးပွားရေး မထိခိုက်ဘူးလား"

ကျွန်မက ငေါ်ဖီတွေကို ဓားနဲ့ လှီးနေရင်းက မေးလိုက်ပါတယ်။



အစ်မဝေဝေတင့်က ပြုံးရင်း–

"ညီမလေး ဒီလိုမေးမယ်ဆိုတာ မမက သိပြီးသား ကိုသာဆိုင်က ဒီလို လူမှုရေးလုပ်ငန်းတွေ တက်တက်ကြွကြွလုပ်ဖို့အတွက်ကို သူ့ဟာသူ ပြင်ဆင်ပြီးသား လေ။ သူ့မိဘတွေဆီက အမွေရတဲ့ ငွေတွေနဲ့ သူငယ်ချင်းတွေနဲ့ လုပ်ငန်းမှာရှယ်ယာတွေ ထည့်ထားတော့ တစ်လတစ်ခါ အမြတ်သွား ယူရုံပဲ။ အဲဒါနဲ့ အစ်မ်တို့ မိသားစု စားတယ်လေ။ ကံ၊ ကံရဲ့အကျိုးလို့ပဲ ပြောရမှာပဲ။ ကိုသာဆိုင်က ဒီလို လူမှုရေးလုပ်ငန်းတွေလုပ်လို့လား သိဘူး။ သူရှယ်ယာထည့်တဲ့ လုပ်ငန်းတွေက ရှုံးတာ တစ်ခါမှ မရှိသေးဘူး"

အစ်မ ဝေဝေတင့်က ကြက်သားပြုတ်အိုးကို မီးဖိုပေါ်က ချလိုက်ပါတယ်။

"ဒီလို လူမှုရေးလုပ်ငန်းတွေ လုပ်တော့ တချို့က အမြင်မရှင်းတာ တွေ ရှိတယ်။ လုပ်တဲ့သူတွေက ကိုယ်ကျိုးအတွက်သုံးတာမျိုးတို့ဘာတို့ အတင်းပြောတာတို့ ဝေဖန်တာတို့ ကြုံရမှာပေါ့"

"ဒါကတော့ ညီမလေးရယ် အများနဲ့ လုပ်တာဆိုတော့ ရှိတာပေါ့။ ဒါပေမဲ့ ကိုယ့်ကိုယ်ကျင့်တရား သန့်ဖို့ကပဲ အရေးကြီးတယ်"

အစ်မဝေဝေတင့်က ကြက်သားပြုတ်ထားတာကို အသားတွေ နွှင်ဖို့ လုပ်ရင်းက–

"တောင်နံ့ရဲ့ ကမ်းပါးတစ်ခုမှာ ငါအားလုံးကို မုန်းတယ်လို့ ညီမလေး အော်ကြည့်၊ ပဲ့တင်သံက ငါအားလုံးကို မုန်းတယ်လို့ပဲ ပြန်လာလိမ့်မယ်။ ဒါမှမဟုတ် ညီမလေးက ငါ အားလုံးကို မေတ္တာ ထားတယ်၊ ချစ်ခင်တယ်လို့ အော်ကြည့်၊ ပဲ့တင်သံက ငါအားလုံးကို မေတ္တာထားဘယ် ချစ်ခင်တယ်လို့ ပြန်လာသိမ့်မယ်။ ဒီလိုပဲပေါ့ ညီမလေး ရယ် အခု မမတို့ ကြာဆံကြော်ဖို့ လုပ်နေတာကကော ရပ်ကျိုးရွာကျိုး လူမှုရေးကိစ္စ အကောင်းတရားအတွက် ဆွေးနွေးကြမယ့် ကိစ္စကို ကိုယ်က

www.burmeseclassic.com



ကျေးမွေးလှူဒါန်းရတာ ဆိုတော့ ကိုယ့်ရဲ့ ကောင်းတဲ့ ရည်ရွယ်ချက်က ကိုယ်ပြန်ကြားရမယ့် ကိုယ့်ပွဲတင်သံပဲ ပေါ့၊ ကျန်တာတွေ မစဉ်းစားပါဘူး။

ကြည့်စမ်း။ အစ်မ ဝေဝေတင့်တို့များ ကိုသာဆိုင်ရဲ့ မိန်းမလို့ မပြောရဘူး။ ပြောမယ့်သာပြောတာ၊ ညီအစ်မတွေထဲမှာ အစ်မဝေဝေတင့်က အလှူဆုံး၊ အပျိုဘဝကတည်းက အလှူခံဆိုကန်တော့ပါသေးရဲ့ ဘယ်တော့မှ မပြောဘူး။ ပြီးတော့ တက္ကသိုလ် လူမှုရေးအသင်းမှာလည်း အမြဲပါတယ်။

ဒါကြောင့် ကိုသာဆိုင်နဲ့ ကျောင်းမှာ တွေ့ကြတာပေါ့။

ဘာပဲဖြစ်ဖြစ် အစ်မဝေဝေတင့်တို့ အိမ်မှာ ကျွန်မအတွက် အတွေ့အကြုံသစ် ဘွေ့ကတော့ ရတာအမှန်ပါပဲ။

* * *

ညမှာ လရောင်ရှိတယ်။ ကြယ်တွေ ကောင်းကင်မှာလင်းတယ်။ မီးကလာ နေတယ်။ လမ်းထဲက ကလေးတွေ ဆော့ကစားနေတယ်။

တီဗွီဖွင့်သံတွေ ကြားနေရတယ်။ ကိုရီးယားဇာတ်လမ်းတွဲ တီဗွီ ပြနေတာ ငိုသံတွေကြားနေရတယ်။

ကျွန်မရဲ့ အစ်မတို့ အိမ်ထဲမှာတော့ ဆေးလိပ်မီးခိုးတွေက ရထားခေါင်းတွဲ ထွက်လာသလိုပဲ။ ကမ္ဘာ ကျန်းမာရေးအဖွဲ့ကြီး ဟာ... ဟင်... ဩချသွားလောက်မယ်။

ကြာဆံကြော်ကို စားသူကစား၊ ရေနွေးသောက်သူကသောက်နဲ့ အစည်းအဝေး ကမစသေးပါဘူး။

ကြာဆံကြော် တစ်အိုးကတော့ ကုန်ပြီ။ ကျွန်မလည်း မနားရဘူး။ ကြာဆံကြော်ပွဲပြင်ပေးရတာ လက်ကိုညောင်းလို့။

"ကဲ... အစည်းအဝေး စလိုက်ရအောင်"

စာအုပ်တစ်အုပ်ကို ကိုင်ရင်း ဟိုလုပ်ဒီလုပ် လုပ်နေတဲ့ ကိုသာဆိုင်ရဲ့ စကား သံကြားလိုက်ရတယ်။



"အခု ဒီည အစည်းအဝေး ခေါ်ရတာကတော့ ကျွန်တော်တို့ လူမှုရေးအဖွဲ့ ဖွဲ့ဖို့ပါပဲ။ လူမှုရေးအဖွဲ့ဆိုတာက သိတဲ့အတိုင်းပဲ၊ ကမ္ဘာပေါ်မှာ လူသားတွေက ကောင်းကျိုးအတွက် ဖွဲ့နေကြတာပဲ။ မာသာထရီဆာ၊ ဖလော့ရင့်နိုက်တင်ဂေးလ်၊ ဟင်နရီ ဒူးနန့်၊ ဟော... ခိုင်ယာနာမင်းသမီး၊ သူတို့တစ်တွေဟာ အတ္တ၊ မာန၊ ရာထူး၊ စည်းစိမ်တွေကို ခဝါချလို့ လူသားတွေ ကောင်းကျိုးကို..."

"ဟေ့ကောင်... မောင်သိန်း၊ လိုရင်းပြောကွာ၊ မင်းကို အခမ်းအနားမှူး မလုပ်ခိုင်းလိုက်နဲ့၊ လုပ်ခိုင်းလိုက်တာနဲ့ မင်းပြောချင်တာတွေ ပြောတော့တာပဲ၊ လိုရင်းက ဘယ်ရောက်သွားမှန်းမသိဘူး။ မင်း... ထိုင်၊ ငါရပ်ကွက်ဥက္ကဋ္ဌ အမိန့်ပေးတယ်၊ ကဲ ကိုသာဆိုင် ဒီညအစည်းအဝေး အကြောင်း စပြောဗျာ"

ကိုသာဆိုင်က ပြောမယ် ဟန်ပြင်တုန်း ကိုသာဆိုင်ရဲ့ဘေးနား လူတစ်ယောက် က အမြန်ထပြီး...

"အားလုံးစဉ်းစားကြည့်၊ ဟိုဘက်ရပ်ကွက်က နာရေးအသင်းက ကျုပ်တို့ ထက် နောက်ကျတယ်။ ကျုပ်တို့က လွန်ခဲ့တဲ့အနှစ် နှစ်ဆယ် လောက်ကတည်းက နာရေးအသင်းဝင်တွေဆီက တစ်အိမ်ထောင်တစ်ကျပ် ကောက်ပြီး ဖွဲ့ခဲ့တာ။ ဘယ်လောက် ရပ်ကွက်ထဲမှာ ဟိတရေနာရေး အသင်းကြီးစည်ကားလဲ သင်းတို့က ကျုပ်တို့ကို ဒါမျိုးလာပြိုင်လို့ရမလား"

"ဟုတ်တယ် ကိုဟန်တိုးပြောတာ မှန်တယ်။ ရပ်ကွက်ထဲမှာ နာရေးကူညီလို့ နာရေးရှင်တွေ အဆင်ပြေသွားတာ အများကြီးပဲ၊ ဒါတောင် ဆွမ်းသွတ်ကျရင် မုန့်ဟင်းခါးကုန်လို့ ဟင်းရည်အိုး အိမ်ရှေ့မှာ ထောင်ထား ရတာတွေ၊ နာရေးလာတဲ့လူတွေ ဖိနပ် ပျောက်တာတွေတော့ ရှိတာပေါ့"

"ဟေ့... ဟန်တိုးနဲ့ လှသိန်း တော်စမ်းကွာ၊ မင်းတို့လုပ်တာနဲ့ ကိုသာဆိုင် ပြောရမှာ ဘာမှန်းတောင် မသိတော့ဘူး"

"ဟာ... ဥက္ကဋ္ဌကြီးကလည်း ဖြစ်တာကို ပြောတာပဲဟာ"

www.burmeseclassic.com

www.burmeseclassic.com



ကိုသာဆိုင် တစ်ယောက် လူကြားထဲမှာ စာရွက်ကိုင်ရင်း ဘာလုပ်ရမှန်း မသိဖြစ်နေတယ်။

"ကဲ... ကိုသာဆိုင် ပြောတော့"

ကိုဟန်တိုးဆိုသူက လှမ်းသတိပေးပါတယ်။

"အခု ခင်ဗျားတို့လည်း သိကြမှာပဲ၊ နာရေးကူညီမှုအသင်းကြီးက အခုချိန် မှာ သိပ်အောင်မြင်နေတယ်၊ သူတို့ လုပ်ဆောင်ချက်တွေကလည်း သိပ်ကောင်းတယ်။ ငွေကြေးပြည့်စုံသူဖြစ်ဖြစ် မပြည့်စုံသူဖြစ်ဖြစ် နာရေးဖြစ်လာလို့ ဘယ်သူမဆို အတူအညီတောင်းရပါတယ်။ ဘာငွေကြေးမှမယူဘူး ဒီတော့ကျွန်တော်က အတွေးရတယ်၊ ကျွန်တော်တို့ ရပ်ကွက်ထဲမှာ ဘယ်အိမ်ကပဲ နာရေးဖြစ်ဖြစ် ကျွန်တော်တို့ အခုဖွဲ့စည်းတဲ့ ရပ်ကွက်နာရေးအဖွဲ့က အဖွဲ့ဝင်တွေက အလှည့်ကျနာရေးကိစ္စကို ကူညီဆောင်ရွက်ပေးမယ်၊ မြေကျတဲ့အထိပေါ့ ဝန်ဆောင်ခဘာမှ မယူဘူး၊ အားလုံး ကုသိုလ်ဖြစ် ကူညီမယ်ပေါ့"

"ကိုသာဆိုင်ပြောတာ သိပ်ကောင်းတယ်၊ ကျွန်တော်တို့ ထောက်ခံတယ်၊ ဥက္ကဋ္ဌကြီးသာ ကွယ်လွန်ကြည့်ပါ ပိုတောင်စည်ဦးမှာ"

"ဟော့တောင်ဟန်တိုး၊ မင်း ငါ့ကို ဘာပြောတာလဲ"

"မဟုတ်ပါဘူး ဥက္ကဋ္ဌကြီး၊ နောက်တာပါ"

ကိုဟန်တိုးရဲ့ ဝမ်းသာအားရနဲ့ ပြောချလိုက်တဲ့ စကားကို ရပ်ကွက် ဥက္ကဋ္ဌ ကြီးက ဒေါသဖြစ်ပြီး ဟောက်လိုက်တာပါ။

အဲဒီနောက်... ရပ်ကွက် နာရေး၊ လူမှုရေးအဖွဲ့ဝင်တွေ ဖွဲ့ကြပါတယ်။ ဘယ်ရမလဲ ကိုသာဆိုင်က အတွင်းရေးမှူး။

အဲ... ခက်ရော ကျွန်မတော့ ဘုရား ဘုရားလို့ ရေရွတ်မိရဲ့။

♣

ဘာဖြစ်လို့လဲဆိုတော့ ရပ်ကွက် နာရေးကူညီမှုအသင်းရုံးခန်းကို အခု ကျွန်မ အလည်လာတဲ့ ကျွန်မရဲ့ အစ်မဝေဝေတင့်တို့ အိမ်မှာ ဖွင့်လိုက်လို့ပါပဲ။

* * *

ကိုသာဆိုင် တစ်ယောက် အခုတလောမှာ လမ်းလိပ်က အလှူခံမဏ္ဍပ်ကို သွားတာ သိပ်တောင် မတွေ့ရပါဘူး။

နာရေး ကူညီမှုအသင်း ရုံးခန်းဖွင့်တဲ့ နှစ်ရက် သုံးရက်အတွင်းမှာ ကိုယ့် အိမ်မှာ ကိုယ်မြဲနေလို့။

"နာရေး ကူညီမှုအသင်းဖွဲ့မှပဲ အရပ်ထဲက ကျန်းမာနေလိုက်ကြတာ။ နာတာရှည် ရောဂါဖြစ်နေသူတွေတောင် ပြန်ကျန်းမာနေကြ၊ ဘယ်သူမှ မပေါက်သေးပါဘူး။ ဟိုဘက်ရပ်ကွက် လူတွေကို သိအောင် လုပ်ပြမယ်ဆိုပါမှကွာ"

အိမ်ရှေ့ လမ်းမဘက်ကိုကြည့်ပြီး ရေရွတ်မြည်တမ်းနေတဲ့ ကိုသာဆိုင်ကို ကြည့်ပြီး ကျွန်မ ပြုံးမိလိုက်တယ်။

"ကိုသာဆိုင် ရှင့်မလဲလေ ကုသိုလ်ကနေ အကုသိုလ် ဖြစ်နေဦးမယ်နော်"

"မိန်းမရာ... မဟုတ်ပါဘူးကွာ၊ တို့ရပ်ကွက်က ဘယ်လောက် ညီညွတ် ကြောင်း သိရအောင်လို့ပါကွာ"

ကျွန်မလည်း မနေသာတာနဲ့ ဝင်ပြောမိပါတယ်။

"အမယ်လေး... အစ်မ ဝေဝေတင့်ရေ... ဘိုးဘိုးတို့ ဖေဖေတို့ ဒီလိုကတော့ ကိုသာဆိုင်ကို သြချတော့မှာပဲ"

ကျွန်မက အဲဒီလို ပြောတော့ ကိုသာဆိုင်က ရယ်နေလို့ အဲဒီလိုနဲ့ နေ့လယ်ခင်း လည်း ရောက်ရော...

♣

"ဗျို့ ကိုသာဆိုင်... ကိုသာဆိုင်"

အိမ်ရှေ့ကနေ လူနှစ်ယောက် အော်ခေါ်လို့ နေပါတယ်။

"ဟော့... ဘာဖြစ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမလဲ၊ အရင်တုန်းက ရွှေဆိုင်ဖွင့်တဲ့ ဒေါ်တင်မြင့်ကြီး ဆုံးပြီ။ အဲဒါ သတင်းလာပို့တာ၊ သူတို့တွေက ကျွန်တော်တို့ နာရေးအသင်းကို အပ်ချင်လို့တဲ့"

"ဟာ ဟန်ကျပြီဟေ့"

"ဟေး... ငါတို့ရဲ့ နာရေးကူညီမှုအသင်းရဲ့ တက်ကြွမှုတွေကို ပြစွမ်းကြပြီ... အဲ"

ကိုသာဆိုင် ဝမ်းသာအားရ ထပြီး အော်ဟစ်ရင်းမှ...

"နေဦးကွ၊ ဒေါ်တင်မြင့်ကြီးကို ငါတို့ရဲ့ နာရေးကူညီမှုအသင်းကို လိုအပ်တာ ကိစ္စမရှိဘူး၊ သားသမီးက ဆယ်ယောက်တောင်၊ မြေးတွေက ဒီအဘွားကြီးမသေခင်က တည်းက ဒီအိမ်ကြီးကိုရောင်းပြီး အမွေခွဲချင်နေ တာ၊ တော်ကြာ ပြဿနာတွေတက်ရင် ဒုက္ခ"

"ဒုက္ခလုပ်မနေနဲ့ ကိုသာဆိုင်... ဥက္ကဋ္ဌကြီးကိုပါဝင်ခေါ်ကြမယ်၊ လုပ်စရာတွေ လုပ်ရဦးမှာဗျ"

အဲဒီနောက်တော့ ကိုသာဆိုင် လာခေါ်သူ နှစ်ယောက်နဲ့ လိုက်သွားပါတော့တယ်။

နောက်တော့ နာရေးကူညီမှု အသင်းအတွင်းရေးမှူး ကိုသာဆိုင် ကြုံခဲ့ရတာ တွေကတော့...

* * *

"အမယ်လေး အမေရယ် သမီးလိမ္မာလေးကို ထားခဲ့ပြီနော် အမေ က သမီးကို ဒီအိမ်ကြီးညည်းကို ပေးမှာလို့ ပြောတယ်လေ၊ ဟုတ်တယ်နော် ဟီး... ဟီး..."

ကိုသာဆိုင်တို့ နာရေးကူညီမှုအသင်းတွေ ဒေါ်တင်မြင့်တို့ အိမ်ပေါ်သို့ ရောက်တယ်ဆိုရင်ပဲ ငိုသံတွေကို ကြားရပါတယ်။

"အမေ... သားလူမိုက် ပြန်ရောက်လာပြီလေ။ အမေ ထမကြည့်နိုင်တော့ဘူး မဟုတ်လား။ မင်းမမိုက်ရင် ဒီအိမ်ကြီးဟာ



မင်းအတွက်ဆို အခု သားမမိုက်တော့ဘူးလေ"

"အဘွားရယ်... ဒီအိမ်ကြီးကိုရောင်းပြီး မြေးကို အရက်ဆိုင်ဖွင့်ပေး မယ်ဆို... ဟီး... ဟီး..."

"ကိုသာဆိုင်ရေ ဒေါ်တင်မြင့်ရဲ့ ဘေးနားမှာ အငိုပြိုင်ပွဲကျင်းပ နေတာကျနေတာပါဗျို့၊ အမျိုးမစုံသေးဘူးဗျို့ ငိုကြဦးမှာ"

ကိုဟန်တိုးက ငိုနေသူတွေကို ကြည့်ရင်းက ကိုသာဆိုင်ထံ တက်တိုးပြောလိုက် ပါတယ်။

"ဟဲ့... သေတဲ့သူကသေပြီ၊ နောက်မှ ငိုကြပေါ့ ငါတို့ရပ်ကွက် နာရေးကူညီမှု အသင်းက ဒေါ်တင်မြင့်အတွက် လုပ်စရာရှိတာတွေ လုပ်ပေး ရဦးမှာ"

ဒေါ်တင်မြင့် သမီးကြီးဖြစ်သူက

"ကိုသာဆိုင်တို့ရယ် အမေရဲ့ရုပ်ကို အကောင်းဆုံးဖြစ်အောင် လုပ်ပေးပါ။ ရပ်ကွက်နာရေးအဖွဲ့ကို အပ်ပါတယ်"

"ဒါနဲ့... ဥက္ကဋ္ဌကြီးရေ... ဒီညဖဲဝိုင်းလုပ်လို့ ရမှာပေါ့နော်"

ဒေါ်တင်မြင့်ရဲ့သား တစ်ယောက်က ရပ်ကွက်ဥက္ကဋ္ဌကြီးကို မေးလိုက်ပါ တယ်။

"ဟော့ကောင်... အမေတစ်ယောက်လုံးသေတာတောင် မင်းက ဖဲရိုက်ဖို့ မေးနေ သေးတယ်။ မင်းအမေ ဒီလိုစိုးပူအားပျက်တာ မင်းကြောင့် ပြည်းပါတယ်။ သတ္တိရှိရင် ဒီညဖဲဝိုင်းလုပ်ကြည့်၊ ရဲလက်ကို အပ်ပစ်မယ်၊ ဘာမှတ်လဲ"

ရပ်ကွက် ဥက္ကဋ္ဌကြီးကျတော့ ကြောက်သား ဘာစကားမှ မဆိုတော့။

ရေဝေးနာရေး ကူညီမှုအသင်းကို ဖုန်းဆက်၊ ရုပ်အလောင်းအတွက် ဓာတ်ပုံ ထိုး၊ အသုဘဖိတ်စာရိုက်နဲ့ အဲဒီနေ့က ရပ်ကွက် နာရေးကူညီမှု အသင်းက အသင်းဝင်တွေ အလုပ်ရှုပ်ကုန်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အတွင်းရေးမှူးဖြစ်တဲ့ ကိုသာဆိုင်လည်း ဘယ်နေရမလဲ။ ချာ... မြေချမယ့် ကိစ္စအတွက်ပါ အသေးစိတ် အသင်းဝင်တွေနဲ့ စီစဉ်ရတာ ပေါ့လေ။

ဒါက ရပ်ကွက်ထဲမှာ ပထမဦးဆုံး အကောင်းဆုံး လုပ်ရမယ့် လူမှုရေး အလှူဒါနကိုး။

♠

ရေဝေးသုသာန် အဝင်ဝကနေ ကိုသာဆိုင်တို့ ရပ်ကွက်နာရေး အဖွဲ့ဝင်တွေက ကြိုရောက်လို့ နေပါတယ်။

သုသာန်ကစမ္မာရုံထဲမှာတော့ ဒေါ်တင်မြင့်ရဲ့ ရုပ်ကလပ်ကို ခေါင်းတလားထဲ ထည့်ပြီး စြင်ထားပါတယ်။

စမ္မာရုံ၊ အဝင်ဝကနေ လှမ်းကြည့်လိုက်ရင် ခေါင်းတလားပေါ် ဖုံးထားတဲ့ အဝတ်စအောက်က ခေါင်းတလားဘေး ရေးထားတဲ့ 'တင်မြင့်ဆိုတဲ့ နာမည်ကိုတွေ့ နေရပါတယ်။

"ကိုသာဆိုင်ရေ... အသုဘ ပို့သူတွေ လာကြပြီ"

ကိုသာဆိုင်တို့ ရှိနေရာကို ရပ်ကွက်ထဲက အသုဘပို့ လာသူတွေ ကော၊ ဒေါ်တင်မြင့်ရဲ့သား သမီးတွေကော၊ ဆွေမျိုးသားချင်းတွေ ကော ရောက်လာကြပါတယ်။

"ကဲ... ဒေါ်တင်မြင့်ရဲ့ ဆွေမျိုးတွေ အရင်ဝင်ပါ"

ရပ်ကွက်ထဲက နာရေး ကူညီမှုအသင်း အဖွဲ့ဝင်တွေက ဦးဆောင် ပြီး ခေါင်းတလားထားတဲ့ နေရာကို ခေါ်သွားပါတယ်။

"အဘွားရယ်... ဟီး... ဟီး... မြေးတို့ကို ထားသွားပြီလား"

"အမေရေ... သမီးတို့ပါ အမေနဲ့ အတူလိုက်မယ် မနေဘူး၊ မဆွဲနဲ့"

"အမေ... ဟီး... ဟီး..."

"ဟာ! ဟာ! လုပ်ပါဦး၊ တက်သွားပြီ"



ဒေါ်တင်မြင့်ရဲ့ ခေါင်းတလားနားမှာ သားသမီး မြေးတွေငိုသူငို၊ ...တ်သူ တက်နဲ့၊ ဆွဲသူဆွဲ၊ ပွေ့သူပွေ့နဲ့ မွှေလို့နေပါတယ်။

ကိုသာဆိုင်က ငိုနေတဲ့ မြင်ကွင်းကိုကျော်ခိုင်းပြီး စမ္မာရုံရဲ့ အဝင်ဝကို ကြည့် လိုက်တော့ အသုဘပို့ ကားတွေက စမ္မာရုံရှေ့မှာ ...ပ်လိုက်ပါတယ်။ ကားတွေ ရပ်ရပ် ချင်းမှာပဲ ကားပေါ်က လူအချို့ ...နဲ့ဆင်းသူဆင်းရင်းက...

"အဖေရေ... အဖေ... ဘယ်လိုဖြစ်တာလဲ အဖေရယ်၊ အဖေ သွားရဘူး"

"ဟီး... ဟီး.... ကျေးဇူးရှင် ဖေဖေ ဟီး... ဟီး"

"အဖေရေ... ကျွန်တော်တို့ကို ထားသွားပြီဘား"

"သမီးတို့ကို ပစ်သွားပြီလား အဖေရယ်၊ ဟီး... ဟီး"

ကိုသာဆိုင်တစ်ယောက် ဘာလုပ်ရမှန်း မသိ။ အဲဒီ လူတွေက ငိုယိုရင်း စမ္မာရုံထဲ ပြေးဝင်သွားပါတယ်။

"အမယ်လေး အဘွားရဲ့"

"အဖေရေ... အဖေ... ထကြည့်ပါဦး"

"ဟီး... ဟီး.. အမေ ကျွန်တော်တို့လေ အမေ့ကို ထားရပြီ"

"အဘွားရေ... ဟီး... ဟီး"

"အဘိုးရေ... ဟီး"

ဒေါ်တင်မြင့် ခေါင်းတလားဘေးမှာ အပြိုင်ငိုနေကြပါတယ်။

နာရေးလာပို့သူတွေကော၊ ရပ်ကွက်နာရေးကူညီမှု အဖွဲ့ဝင်တွေ လည်း ဘာလုပ် ရမှန်းမသိ။

ဒီအချိန်မှာပဲ ဒေါ်တင်မြင့်ရဲ့ မြေးမတစ်ဦးက အလန့်တကြားနဲ့ ငိုယိုရင်းမှ...

"အဘွားရဲ့ နာမည်မဟုတ်ဘူး၊ အခေါင်းမှာ ရေးထားတာ ဦးတင်မြင့်ဘဲ၊ အသက်ရှစ်ဆယ်တဲ့ ဦးဆိုတဲ့ နာမည်က အဝတ်နဲ့ ဖုံးနေလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဟေ!"

ငိုနေသူတွေ အလန့်တကြားနဲ့ ငိုတာရပ်ရင်းက ကိုသာဆိုင်တို့ နာရေး ကူညီမှု အသင်းဝင်တွေဘက် ကြည့်လိုက်ပါတယ်။

"ကိုသာဆိုင်၊ ဘယ်မှာလဲ အမေ့ရုပ်ကလာပ်"

"ဟာ... ဘယ်လိုဖြစ်လို့ လွဲရတာလဲကွာ"

ကိုသာဆိုင်လည်း ခေါင်းကုတ်ရင်း ဘာလုပ်ရမှန်းမသိ။ ပျာယာခတ်နေလို့ နေပါတယ်။

"ကိုသာဆိုင်ရေ... ဒေါ်တင်မြင့်ရဲ့ ရုပ်ကလာပ်က မီးစက်ရဲ့ ဟိုဘက်ဓမ္မာရုံမှာ ဗျ၊ နာခည်ချင်းတူနေလို့ဗျို့"

ရပ်ကွက် နာရေးကူညီမှု အသင်းဝင်တစ်ဦးက အမောတကော ပြောပါတယ်။

"ဟဲ့... ဟိုဘက် ဓမ္မာရုံမှာတဲ့"

ကိုသာဆိုင်က လှမ်းပြောပါတယ်။

"အမယ်လေး... အမေရယ်၊ သေတာတောင် ဦးတင်မြင့်နဲ့ ဒေါ်တင်မြင့်မှားရ တယ်လို့"

"ဟီး... ဟီး... အဘွားရယ် အဖြစ်က သေတာတောင် ဆိုးရက်တယ်လို့"

"နာရေးကူညီမှုအသင်းနဲ့ အမေ့ရှာပနာ အပ်မိတာ မှားပြီ၊ မှားပြီ... အမေရယ်၊ ခွင့်မလွှတ်ပါနဲ့၊ မိုးနတ်မင်းကို သားတိုင်တည်ပါရဲ့"

ငိုယိုရင်း ဒေါ်တင်မြင့် ရုပ်ကလပ်ထားတဲ့ ဓမ္မာရုံဘက် ရှိရာကိုသာဆိုင်တို့ နာရေးအဖွဲ့ဝင်တွေကို လက်ညှိုးထိုးပြောဆိုငိုယိုပြီး ဓမ္မာရုံထဲကနေ ထွက်သွားပါတယ်။

ငိုယိုသူတွေ နောက်ကနေ အသုဘပို့သူတွေကလည်းလိုက်ပေါ့။

ဒီကြားထဲ အသုဘပို့သူတွေက ရယ်သူကရယ်နဲ့ ကိုသာဆိုင်တို့ နာရေးကူညီမှု အဖွဲ့ဝင်တွေ အခံရခက်ပုံများနဲ့။



"ကိုသာဆိုင် အဲဒါခင်ဗျားညံ့တာ။ အတွင်းရေးမှူးတာဝန်ယူထား ...း ခင်ဗျား စေ့စေ့စပ်စပ်ကြည့်ရမှာ"

"ကိုဟန်တိုးကလည်းဗျာ... လှမ်းကြည့်လိုက်တော့ နာမည် ...တပ်ဖုံးနေတော့ တင်မြင့်ပဲ တွေ့တော့ ဒေါ်တင်မြင့်ပဲ မှတ်တာပေါ့"

"အသက်ကိုတော့ ကြည့်ဦးပေါ့ဗျာ"

"ရုတ်တရက်ဆိုတော့ ဘယ် သတိထားမိမလဲကွာ"

ဓမ္မာရုံထဲမှာ ဦးတင်မြင့်ရဲ့ ခေါင်းတလားအောမှာ ငိုယိုနေတဲ့ ...င်ကွင်းကို မကြည့်ချင်တော့တဲ့ ကိုသာဆိုင် အသုဘလိုက်ပို့တဲ့ ကားပေါ် ...သွားတက်ထိုင်နေမိပါ တယ်။

ပထမဦးဆုံးအကြိမ် ရပ်ကွက် နာရေးကူညီမှုအသင်းစလုပ်မိပါရဲ့။ ...ဲမှ လွဲပေရက်လို့။

♠

ကိုသာဆိုင်တို့ ရပ်ကွက်ထဲမှာတော့ ရပ်ကွက်နာရေး ကူညီမှု အသင်းရဲ့ အကြောင်းက ဟိုးလေးတကြော်ကြော်နဲ့ကို ဖြစ်လို့နေပါတယ်။

အဆိုးဆုံးက ဟိုဘက်ရပ်ကွက်က လူတွေက ကိုသာဆိုင်ကို ...ဘာလာ မေးလွန်း လို့ ကိုသာဆိုင်ခမျာ ရှင်းရလင်းရလွန်းလို့နောက်ဆုံး ...ဒေါ်သတကြီးနဲ့ ပြောရတဲ့ အထိပါပဲ။

ရပ်ကွက်ထဲမှာ ချက်ချင်းဆိုသလို ဆိုရိုးစကားတောင် ရယ်မောရင်း ...ဲ့သူက ဖွဲ့လို့။

ရှာပနမှာ ငိုတော့မယ်ဆိုရင် ဦးတင်မြင့်လား ဒေါ်တင်မြင့်လား ...နာမည်ကို သေချာဖတ်ပါ။ ဒါမှ မဟုတ်ရင် ရှာပနမှာ နှစ်ခါငိုရတတ် ...တယ်တဲ့။

♠

www.burmeseclassic.com

www.burmeseclassic.com



အစ်မဝေဝေတင့်တို့ အိမ်က ကျွန်မ မပြန်ခင်မှာပဲ ကိုသာဆိုင် တစ်ယောက် လမ်းထိပ်အရှုပ်ချုံမကျူပ်သွားတာလည်း မတွေ့တော့ဘူး။

ပြီးတော့ သူ့အိမ်မှာ ရုံးခန်းဖွင့်ထားတဲ့ ရပ်ကွက်နာရေးကူညီမှု အသင်းရုံးခန်း ကိုလည်း အခြားအဖွဲ့ဝင်တစ်အိမ်ပြောင်းလိုက်တယ်။

ရပ်ကွက် နာရေးကူညီမှုအသင်း အတွင်းရေးမှူးဘဝကနေ ကိုသာဆိုင် တစ်ယောက် နှုတ်ထွက်တဲ့နေ့မှာပဲ ဘာစိတ်ကူးရတယ်မသိ၊ ကိုသာဆိုင်က သမီးနှစ်ယောက်နဲ့ ကျွန်မရဲ့အစ်မ ဝေဝေတင့်ကော၊ ကျွန်မတို့ကိုပါ မြို့ထဲမှာ ရုပ်ရှင်ပြ၊ ရွှေပုဇွန်မှာ မုန့် လိုက်ကျွေးနဲ့။

ညရောက်တော့ သူ့အိမ်က မိုက်ကရိုဖုန်းနဲ့ အမ်ပလီဖိုင်ယာတွေ ရပ်ကွက် ဓမ္မာရုံကို လှူတာကို ကျွန်မသတိထားမိလိုက်တယ်။

ဘယ်လိုကြောင့် ကိုသာဆိုင် ပြောင်းလဲသွားရပါလိမ့်။

* * *

အိုမာခယမ်က ပြောတယ်။
"ပေါင်မုန့်တစ်ချပ်
ဝိုင်တစ်ခွက်နဲ့
မိန်းမလှလေးတစ်ယောက်
အနားမှာ ရှိနေရင်
ဘဝဟာ နေပျော်ပြီ" တဲ့။
သနားလိုက်တာ "သင်း" တို့။
"သင်း" ခမျာ
ဘီယာစတေရှင်တွေနဲ့
နိုင်ငံခြားအရက်တောင်းတောင်း
မသောက်ဖူးလို့သာ
ဒီလိုကဗျာရေးသွားတာဖြစ်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com

(၆)

ကျွန်မရဲ့ တာဝန်ယမြောက် အစ်မ ဆွေဆွေတင့်တို့ အိမ်က ကမာရွတ်မြို့နယ် ထဲမှာဆိုတော့ သွားရေးလာရေးက တော်တော့်ကို လွယ်ပါတယ်။

လမ်းထိပ်က ကားမှတ်တိုင်မှာ ကားထွက်စီးလိုက်တာနဲ့ အိုကေ မြို့ထဲသွားလည်းရ၊ ကျွန်မရဲ့ အိမ်ကို ပြန်လည်းရနဲ့။

အစ်မ ဆွေဆွေတင့်ရဲ့ အိမ်က နှစ်ဦးတစ်ကွက်မြေမှာ တစ်ထပ် တိုက် ဆောက်ထားတယ်။ ပြန်ရောင်းရင် နေရာက ကောင်းတော့ အနည်းဆုံး သိန်းခုနစ်ရာ ပြေးမလွတ် ဘူး။

အစ်မများ ကံကောင်းချင်တော့ ယောကျ်ားဖြစ်တဲ့ ကိုအောင်ကျော်ဆ က တစ်ဦးတည်းသောသား။ အဖေနဲ့အမေ ကွယ်လွန်တော့ အိမ်ကိုအမွေ လိုက်တယ်။ သူ့ရဲ့ အဖေကလည်း ညီအစ်ကိုနှစ်ယောက်တည်းရယ်။ ပထ



သူ့အဖေရဲ့ မိဘများ ကွယ်လွန်တော့ အဖေ့ညီ ကိုအောင်ကျော်ဆန်း ဦးလေးက ခေါင်းရင်းမြေကွက်ကိုယူ တိုက်ဆောက်၊ ခြေရင်း မြေကွက်ကိုကျ တော့ ကိုအောင်ကျော်ဆန်းတို့ အဖေကယူပြီး တိုက်ဆောက် အမွေခွဲခဲ့တယ် လို့ အစ်မဆွေဆွေတင့်က ပြောပြပါတယ်။

ပြီးတော့ အစ်မက ယောကျ်ားရဲ့ သိတတ်ပုံတွေကိုလည်း သူများယောကျ်ား တွေနဲ့မှ မသာရင်သာနေရမယ်။ လျော့တော့ မလျော့ဘူး တဲ့။

ဒါနဲ့ ကျွန်မက အစ်မ ဆွေဆွေတင့်တို့အိမ် ရောက်တဲ့ရှာပဲ အိမ်ထဲမှာ အရက် ပုလင်းလွတ်တွေ တန်းစီ ထောင်ထားတာကျတော့ကော ဘာဖြစ်လို့လဲလို့ မေးတော့...

"အဲဒါ ကိုအောင်ကျော်ဆန်း သောက်တာလေ၊ သူက ယမကာလေးတော့ မှီဝဲတာကလွဲပြီး အပြစ်ပြောစရာမရှိဘူးပေါ့ကွယ်။ အငါးပါးကို ထိန်းဖို့ဆိုတာက ဘယ် လွယ်မလဲကွယ်"

ဩော်... အစ်မ... အစ်မ ယမကာသမားရဲ့ ဇနီးဖြစ်တာကိုပဲ ဂုဏ်ယူနေသလို ပါပဲလားကွယ်။

♠

"ဆွေရေ... ဟေ... ဆွေဆွေတင့်... ကိုယ်ကပြန်လာပြီဟေ့"

ည ဆယ်နာရီလောက် အချိန်မှာ ကျွန်မနဲ့ အစ်မ ဆွေဆွေတင့်တို့ စကား ပြောရင်း လက်ဖက်စားနေတုန်း အိမ်ရှေ့က ခေါ်သံကြားလို့ အစ်မဖြစ်သူက ခြံတံခါး သွားဖွင့်ပေးပါတယ်။

"ကိုအောင်ကျော်ဆန်း... သိပ်မူးလာလား။ စကားကို အော်ကြီးဟစ်ကျယ် မပြောနဲ့နော်၊ ညီမလေးရှိတယ်။ ရှင်ကလည်းလေ ကျွန်မ ညီမလာတုန်း မသောက်ဘဲ နေတာ မဟုတ်ဘူး။ ဘယ်သင့်တော်ပါ့ မလဲ"

www.burmeseclassic.com

www.burmeseclassic.com



မဆွေဆွေတင့်ရဲ့ ဆူသံကို ကျွန်မကြားနေရတယ်။

"မမူးပါဘူးဗျာ... ကဲ... ကဲလာပါကွာ"

အိမ်ထဲကို ဝင်လာတဲ့ ကိုအောင်ကျော်ဆန်းကို ကျွန်မကြည့်တော့ အရက် မသောက်ထားသလိုပါပဲ။ လက်ထဲမှာလည်းခေါက်ဆွဲကြော် နှစ်ထုပ်ကို ကြွပ်ကြွပ်အိတ်နဲ့ ထည့်ပြီး ဆွဲလာလို့။

"ကြွေကြွေတင့်လည်း မအိပ်သေးဘူးကိုး၊ အတော်ပဲ ဒီမှာ ခေါက်ဆွဲကြော် ဝယ်လာတယ်။ စားဦး... ဆွေရေ ကလေးတွေ နိူးပါဦး"

အဖေရဲ့ အသံကို ကြားလို့လားမသိ။ အိမ်ခန်းထဲက တူနှစ်ယောက်ပါ အိမ်ရှေ့ကို ထွက်လာပါတယ်။

"ဆွေရေ... ခေါက်ဆွဲကြော်တွေ ခွဲထည့်လိုက်၊ ရော့... ဒီမှာ ငွေငါးသောင်း... ဒီနေ့ ကားတစ်စီး လက်ပြောင်းလက်လွှဲပေးလိုက်တာ ကိုယ့်အတွက် ၇ိုင်သွားတယ်၊ နက်ဖြန် ရှယ်ချက်ဟော့... ဒါပဲ"

အံမယ်... အံမယ်... ကိုအောင်ကျော်ဆန်းတို့များ လေသံများ မာနေလိုက်တာ၊ အံမယ်... အစ်မကလည်း လက်ထဲမှာ ငွေနယားလေးများ ကိုင်ထားတော့ ဟုတ်နေ လို့။

တူနှစ်ယောက်ကတော့ အဖေဝယ်လာတဲ့ ခေါက်ဆွဲကြော်ကို ခေါင်းမဖော်ဘဲ အားပေးချက်ကတော့ ပြော မပြောချင်ဘူး။

* * *

နံနက်ခင်းခမျာ ကြည်နူးဖို့ကောင်းလိုက်တာ။ မိုးက ညက ရွာထားတော့ မိုးစက်အကြွင်းအကျန်တွေက သစ်ပင်တွေပေါ်မှာ တွဲလဲခို။ လမ်းမပေါ်မှာ စွတ်စိုမှု အနည်းငယ်ရှိနေလို့၊ ငှက်ကလေးတွေရဲ့ မတိုးမကျယ် တေးသံတွေကလည်း နံနက်ခင်း ဂီတသံစဉ်အလားပါပဲ။

ဒီအချိန်ဆို အိမ်မှာ ကော်ဖီဖျော်နေလောက်ပြီ။ ဘွားဘွားက ဘုရားရှိခိုးပြီးပြီ။ ဖေဖေနဲ့ ဘိုးဘိုးကတော့ အိပ်ရာထဖို့ ပြင်လောက်ပြီ။



အဲ... ကျွန်မ ချစ်သူ ကိုမင်းနိုင်ဦးကျတော့ နိုးမှာ မဟုတ်ဘူး။ အိပ်နေဦးမှာ။

ကိုမင်းနိုင်ဦး တစ်ယောက် အခုလောက်ဆို ကျွန်မကို သတိရနေမှာ။ ကျွန်မ ကတော့... နေပါစေ၊ သင်းကို မှတ်လောက်သား လောက် ပစ်ထားဦးမယ်...။

"အတုလံ တိလောက

ဟိတောယကာရုံ

အမိတော ဒယဉာဏံ

နယကံမုနိ

... ... ... ...

... ... ... ...

ပစ္ဆိမ ဘဝေသွာဟံ

ခေမာမတံ ပတ္တောဟာဝေ"

ခေါင်းရင်းအိမ်က ကိုအောင်ကျော်ဆန်းရဲ့ ဦးလေး ဘုရားဝတ်ပြုသံ ကျွန်မ ကြားနေရတယ်။

ကျွန်မလည်း အိမ်နောက်ဖေးကို သွားပြီး ဆန်အနည်းငယ်ယူပြီး အိမ်ရှေ့ ထွက်၊ ဆန်စေ့တွေကို အိမ်ရှေ့မြေကွက်လပ်မှာ ကြဲလိုက်ပါတယ်။

ကျွန်မကြဲထားတဲ့ ဆန်စေ့လေးတွေကို စာကလေး တွေက စားနေလို့။

ကျွန်မက ရပ်ကြည့်ရင်း ကြည်နူးနေလို့။ တစ်ဆက်တည်း ဆို သလို အိမ်ထဲ လှမ်းကြည့်လိုက်တော့ အိပ်ရာနိုးလာတဲ့ ကိုအောင်ကျော်ဆန်း က ရေခဲသေတ္တာဖွင့်ပြီး အရက်ပုလင်းကို ဖွင့်ပြီး ဖန်ခွက်ထဲ ထည့်လိုက် တာကို မြင်နေရတယ်။

ဒီလူနဲ့ မနက်စောစောပဲ ရှိသေး အရက်နဲ့ မျက်နှာသစ်ရတယ်လို့ အစ်မ ဆွေဆွေတင့်က မပြောဘူးလားမသိ။

www.burmeseclassic.com



"သာခုကွယ် သာခု၊ ဒီလို စာကလေးတွေကို ကျွေးတာကုသိုလ် တာပေါ့ သမီးရဲ့၊ သမီးက ဆွေဆွေတင့် ညီမမဟုတ်လား"

ခေါင်းရင်းအိမ်က ကိုအောင်ကျော်ဆန်းရဲ့ ဦးလေးက ကျွန်မရှိနေတဲ့ နေရာကို ရောက်လာရင်း ပြောလိုက်တာပါ။ လက်ထဲမှာလည်း တုတ်ကောက် နဲ့။

"ဟုတ်ပါတယ် ဦးလေး။ ဒါနဲ့ ဦးစောစောက ဘုရားရှိခိုးတဲ့ ဘုရားစာက ဘာလဲ၊ သမီးမကြားဘူးလို့"

ကျွန်မက မေးတော့ ကိုအောင်ကျော်ဆန်းရဲ့ ဦးလေးရဲ့ မျက်နှာ ဝင်းပသွား ပါတယ်။

"သမီးက မေးတော့ ဦးလေးဦးမောင်ဆန်းက ပြောရမှာပေါ့ကွယ်၊ ဒါက ရတနာသုံးပါး ဆရာသမား ရှိခိုးဆုတောင်းစာကွဲ့၊ ဆရာဆိုတာ မိဘနဲ့ တစ်ဂိုဏ်းတည်း ပဲလေ။ ဦးဘဝ ဒီလိုနေနိုင်အောင် ဆရာသမားတွေရဲ့ ကျေးဇူးပါတာပေါ့။ ဒါကြောင့် ဆုတောင်းရတာပေါ့ကွယ်"

တုတ်ကောက်ကိုင်ထားသော ဦးမောင်ဆန်းက ကျွန်မနဲ့ စကားပြောနေရင်း အိမ်ထဲကို မသိမသာ လှမ်းကြည့်လိုက်ပါတယ်။

"ဟာ... ဟိုကောင် စောစောစီးစီး အရက်သောက်နေပါလား၊ ကျက်သရေ မရှိလိုက်တာ၊ ဟေ့ကောင် အောင်ကျော်ဆန်း"

မနက် စောစောစီးစီး အရက်ကို ခွက်ပုန်းမော့နေတဲ့ ကိုအောင်ကျော်ဆန်းတစ်ယောက် ခိုးထုပ်ခိုးထည် မိသွားသလိုမျိုးကြောင့် အရက်ပုလင်းကို ကပျာကယာ ရေခဲသေတ္တာထဲ ထည့်လိုက်ပါတယ်။

"အောင်ကျော်ဆန်း မင်း ဒီကိုလာစမ်း"

ကိုအောင်ကျော်ဆန်းခမျာ ဦးလေးဖြစ်သူ ဦးမောင်ဆန်းကို ကြောက်ရတာ အခုမှပဲ ကျွန်မသတိထားမိပါတော့တယ်။

ရိုရိုကျိုးကျိုးနဲ့ကို ဦးမောင်ဆန်းရှိတဲ့နေရာ ရောက်လာပါတယ်။

"ဟေ့ကောင် မင်း လူမှဟုတ်ရဲ့လား၊ သူများတွေက



နက်စောစော စီးစီး ကောင်းမှုကုသိုလ် လုပ်နေချိန်မှာ မင်းက အရက်သောက်တယ်။ ဒါ အိမ်ထောင်ဦးစီး တစ်ယောက်လုပ်ရမယ့် လုပ်လား။ တယ်! ငါလုပ်လိုက်ရ မင်းသေတော့မယ်"

ဦးမောင်ဆန်းက တုတ်ကောက်နဲ့ ရိုက်ဖို့ ချိန်တာကို အတင်း တ်နဲ့ ကာရင်း ကိုအောင်ကျော်ဆန်းက...

"သောက်ချင်လို့ သောက်ရတာ မဟုတ်ပါဘူး ဦးလေးရာ ညတများ သွားလို့ ပြန်ဖြေတာပါ"

"မင်းကွာ... ဒီက ဆွေဆွေတင့်ရဲ့ ညီမကို ငါအားနာလို့ သေမယ်၊ င်းတော့"

ဦးမောင်ဆန်း ကြိမ်းဝါးနေတုန်းမှာပဲ–

"ဘယ်လိုဖြစ်တာလဲ ကိုအောင်ကျော်ဆန်းရယ် ရှင်ကတော့ ပ်ချလိုက်ပြန်ပြီ အခုမှ မိုးလင်းခါစ စောစောစီးစီးပဲရှိသေးတယ်။ င်တော့လေ... ညီမလေးကတော့ အထင်သေးတော့မှာပဲ"

"ဆွေဆွေတင့် နင့်ယောကျ်ားကို နင်လည်း နိုင်အောင်လုပ်ဦး င်အလိုလိုက်လို့ ဒီကောင်ရောင့်တက်နေတာ"

အဲဒီနောက်တော့ ဦးမောင်ဆန်းတစ်ယောက် တုတ်ကောက်ကိုင်ပြီး မ်း လျှောက်ထွက်သွားပါတယ်။

"ဆွေရေ... ကလေးတွေကို ကျောင်းသွားဖို့ နိုးတော့"

ပြောပြောဆိုဆိုနဲ့ ကိုအောင်ကျော်ဆန်း တစ်ယောက် ခဲသေတ္တာကို ပြန်ဖွင့်၊ အရက်ပုလင်းကိုဖွင့် ဖန်ခွက်ထဲ နည်းနည်းထည့်ပြီး လိုက်ပါတယ်။

မဆွေဆွေတင့်က မျက်စောင်း တစ်ချက်ထိုးလိုက်တယ်။

ကျွန်မက ဘာဆက်ဖြစ်မလဲ ကြည့်နေတုန်းမှာပဲ ကိုအောင်ကျော်ဆန်း အခန်းထဲ ဝင်သွားပါတယ်။

အဲ... မကြာပါဘူး၊ ပြန်ထွက်လာတော့ သူ့လက်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ကလေးကျောင်း အကျီတွေကော၊ သူ့အကျီတွေကော၊ ပြီးတော့ ကျွန်မအစ်မ ဆွေဆွေတင့်ရဲ့ အကျီတွေ တောင်ပါသေးရဲ့။

ရေချိုးခန်းထဲကို တန်းဝင်သွားပြီး အဝတ်လျှော်သံ ဖွပ်သံတွေကို ကြားရပါ တော့တယ်။

"ကိုအောင်ကျော်ဆန်းမှာ ကောင်းတဲ့ အကျင့်က ရှိသေးတယ် ညီမလေးရဲ့။ အဲဒါ ဒီလိုမျိုးအဝတ်တွေကို လျှော်တာပဲ မနက်မိုးလင်းတာ နိုင်ခံလျှော်ပေးတော့တာပဲ။ ပြီးမှ သူလုပ်စရာရှိတာ ဆက်လုပ်တာ၊ သူကတော့ ပြောတယ် ကလေးတွေကို ကျောင်း ထမင်းချိုင့်ထည့်ပေးဖို့ ချက်ပြုတ်ရနဲ့ အလုပ်ရှုပ်မှာ စိုးလို့တဲ့လေ"

ဒီစကားပြောနေတဲ့ ကျွန်မရဲ့ အစ်မ ဆွေဆွေတင့်ရဲ့ မျက်နှာက စောစော တုန်းကလို မဟုတ်ဘူး၊ ကျေနပ်နေလို့။

♠

"သားတို့ရေ... သားတို့ အန်တီအတွက်လည်း ချန်ဦးနော်၊ တော်ကြာ သားတို့ အန်တီလေး ဗိုက်မဝဘဲ နေဦးမယ်"

"ချန်ပါတယ် အဖေကြီးရ... ဒီမှာ ဟင်းရည်တွေ အများကြီးပဲ"

တူအကြီးဖြစ်သူနဲ့ အဖေလုပ်သူတို့ နှစ်ယောက်က တစ်ယောက် တစ်လှည့် ပြောနေတာ ကြည့်နေမိတဲ့ ကျွန်မ မုန့်ဟင်းခါးစားဖို့တောင် မေ့နေပါတယ်။

ဒီလိုကျတော့လည်း ကိုအောင်ကျော်ဆန်းက အလားကြီးပါလားလို့ အဝတ်တွေကို လျှော်ပြီး၊ ဖွတ်ပြီး၊ လှန်းပြီးတာနဲ့ တစ်ခါတည်း အပြင်ကို ထွက်သွားပါတယ်။ ပြန်လာတော့ မုန့်ဟင်းခါးတွေ ဝယ်လာလို့ အိပ်ရာကနိုးလို့ မျက်နှာသစ် သွားတိုက်ပြီးတဲ့ တူနှစ်ယောက်က ထမင်းစား စားပွဲမှာ အဆင်သင့် ထိုင်နေလို့လေ။

"သား နှစ်ယောက်ကတော့ မနက်ဆို သူ့အဖေ ဝယ်ပေးမှစားတာ ညီမလေးရဲ့"



"ဟုတ်တယ် အန်တီရဲ့ သားတို့က ကျောင်းမှာဆို သူငယ်ချင်းတွေ အကြောင်း အမြဲတမ်းပြောရတယ်။ ငါတို့ အဖေက မနက်တိုင်းမုန့်ဝယ်ပေး နေကျလို့။ မင်းတို့ အဖေတွေကော မနက်တိုင်း မုန့်ဝယ်ကျွေးလားဆိုပြီး ကြွားရသေးတယ်"

အငယ်ဆုံး တူလေးက မုန့်ဟင်းခါးကို စားရင်း ပြောလိုက်ပါ တယ်။

"သားကလည်းကွာ၊ ဒါမျိုး မပြောရဘူးလေ၊ သူတို့မိဘတွေက လည်း သူတို့ကို ဝယ်ကျွေးချင် ကျွေးမှာပေါ့။ တချို့က မအားလပ်လို့ ခံနိုင်တယ်။ တချို့က တခြား ကိစ္စတွေရှိရင်လည်း ရှိမှာပေါ့။ သားတို့ကို ကျတော့ ဖေဖေက ငယ်ငယ်လေးကတည်းက ဒီလို ဝယ်ကျွေးရတာ အကျင့်ပါလို့ပါကွာ။ သားနော်... ဒါမျိုး သူငယ်ချင်းတွေနဲ့ မပြိုင်ရဘူး။ ချင်းအဆင်မပြေလို့ စိတ်ညစ်တဲ့ ကလေးမျိုးကိုသားက သွားပြိုင်ရင် ဆိုတာ စိတ်မကောင်းဖြစ်၊ ရန်တွေ ဘာတွေဖြစ်ကုန်မှာပေါ့"

"ဟုတ်ကဲ့၊ သား... နောက်ကို မပြောတော့ဘူး"

အံမယ်... ဒီလိုကျတော့လည်း ကိုအောင်ကျော်ဆန်းက ဟုတ်လို့။ သားကို ဆုံးမနေတာ၊ ဒါမျိုးဆုံးမလိမ့်မယ်လို့ ထင်ကိုမထင်ရဘူး။

နောက်တော့ တူနှစ်ယောက် ထမင်းချိုင့်အတွက် ကျွန်မရဲ့ အစ်မက ချက် ပြုတ်၊ ကျွန်မကလည်း ဝိုင်းကူလုပ်ပေး။

ကိုအောင်ကျော်ဆန်းကတော့ သားနှစ်ယောက်ကို စာသေသေ ချာ ကျောင်း မှာသင်ဖို့မှာရင်း အိမ်ရှေ့ကနေ ဒတ်ဆန်းကားနဲ့ န်းတီးပြီး သူ့ သူငယ်ချင်းတွေ လာခေါ်လို့ လိုက်သွားလေရဲ့။

အစ်မ ဆွေဆွေတင့်ကတော့ ပြောတယ်။ သေချာပြီ၊ ဒီညလည်း သူတို့ ကားအရောင်းအဝယ်ဖြစ်လို့ သောက်ကြစားကြနဲ့ မိုးချုပ်ဦးမှာတဲ့။

* * *

www.burmeseclassic.com



တူနှစ်ယောက်က မြန်မာဗီဒီယို ဟာသဇာတ်ကား စီဒီခွေငှားလာ လို့ ကျွန်မလည်း ထိုင်ကြည့်နေမိတယ်။ ညဆယ့်နှစ်နာရီကျော်သွားတာ တောင် သတိမထားမိဘူး။ ကလေးတွေကလည်း နက်ဖြန်ကျောင်းပိတ်ရက် ဆိုတော့ ဟုတ်နေလို့။

အစ်မဆွေဆွေတင့်ကတော့ သူကြည့်ချင်တဲ့ ကိုရီးယားဇာတ်လမ်း တွဲ ကြည့် လိုက်ရလို့ မြန်မာဇာတ်ကားမကြည့်ဘူးဆိုပြီး အိပ်ရာထဲ ဝင်လှဲနေလေရဲ့။

"သွားပြီဟော့ နက်ဖြန်မှ ဆုံမယ်"

"ကောင်းကောင်းသွားနော်၊ မင်းများနေပြီ"

"ရတယ် ကိုအောင်ကျော်ဆန်း အေးဆေးပဲ"

အိမ်ရှေ့ကနေ အသံတွေကြားရတော့ ကိုအောင်ကျော်ဆန်း ပြန်လာတာမှန်း သိလိုက်တယ်။

"ဟေ့ကောင်... အောင်ကျော်ဆန်း၊ မင်းမူးလာပြန်ပြီလား၊ အိမ်ကိုဘာလို့ စောစော မပြန်လဲကွာ၊ မင်းဟာက အခုလည်း မူးလာပြန်ပြီ သောက်စားလာပြန်ပြီကွာ၊ ခက်ရဲ့၊ ဒီအချိန်ထိ မင်းဘယ်သဲဝေထိုး နေဘာလဲ"

ခေါင်းရင်းအိမ်က ကိုအောင်ကျော်ဆန်းရဲ့ ဦးလေး ဦးမောင်ဆန်း ရဲ့ စကားသံတွေကိုပါ ကျွန်မဗီဒီယိုကြည့်ရင်းက ကြားနေရတယ်။

တူနှစ်ယောက်ကတော့ အေးဆေးပဲ သူတို့အဖို့ ရိုးနေတဲ့ ပုံစံမျိုးပါပဲ။

"ဦးလေးကလဲဗျာ၊ ကလေးကျနေတာပဲ ကျွန်တော့်ကို ဆူနေ လိုက်တာ၊ မိန်းမကိုတောင် ဘယ်လိုကြောင့် ဒီလိုမူးအောင် သောက်လာ တယ်ဆိုပြီး ဆင်ခြေပေးရမှန်း မသိရတဲ့အထဲ"

"ဩော်... ဒီလိုတော့လည်း မင်းက မိန်းမ ကြောက်တာကိုး နက်ဖြတ်ကျမှ ဆွေဆွေတင့်ကို နားရင်း နှစ်ချက်ဆော်ခိုင်းဦးမယ်"



တွေ့တော့ တွေ့ကြပြီ။ အခုထက်ထိ မအိပ်သေးတဲ့ဦးလေးနဲ့ ...မကာ ထွေထွေလေးနဲ့ ကိုအောင်ကျော်ဆန်းတို့ နှစ်ယောက်လို့။

ခြံတံခါးကို တွန်းဖွင့်ဝင်လိုက်ပြီး ကိုအောင်ကျော်ဆန်းက ...ခံထဲကို လှမ်း အကဲခတ်လိုက်ပါတယ်။

ခြေလှမ်းတွေကို မှန်မှန်လှမ်းရင်းက အိမ်ထဲကို ဝင်လာပါတယ်။ ...နှစ် ယောက်က ဗီဒီယိုကြည့်နေရင်း အဖေဖြစ်သူကို လှမ်းကြည့်တော့ ...အောင်ကျော်ဆန်းက လက်ညှိုးကို သူ့နှုတ်ခမ်းမှာ ကပ်ရင်းက ရှူး... ...တိုး ပုံစံမျိုး လုပ်လိုက်ပါတယ်။

"သားတို့...၊ သားတို့ မေမေ အိပ်သွားပြီလား"

ကလေးနှစ်ယောက်က ခေါင်းညိတ်ပြပါတယ်။

"ဒါဆို နေ... နေ၊ ဖေဖေ့ဘာသာ ဖေဖေ ထမင်းနွှးစားလိုက်မယ်၊ ...တို့ ဒေါ်လေးနဲ့ ဗီဒီယို ဆက်ပြီးကြည့်နေ"

ကျွန်မအံ့ဩမိပါတယ်။ စောစောတုန်းက ဦးလေးဖြစ်သူနဲ့ ...ပြောတဲ့လေသံမျိုး မာမာဆန်ဆန် အသံမျိုးမဟုတ်။ မနေ့ညက ...လာတုန်းက ပြောတဲ့ လေသံမျိုးလည်း မဟုတ်ဘဲ၊ တကယ့်ကို ကျွန်မရဲ့ ...မ ဆွေဆွေတင့်ကြားမှာစိုးလို့ မကြားရအောင် ပြောတဲ့ လေသံမျိုးပါပဲ။

ထမင်းတွေ သူ့ဘာသာသူ နွှးခပ်၊ ဟင်း သူ့ဘာသာသူအိုးဖွင့် ...အား၊ စား ပြီးသား ပန်ကန်ဆေး၊ လက်သုတ်နဲ့ တကယ့်ကို ဘာဆိုဘာမှ ...ကြားရပါ။

ယမယာ ဒီလောက်သောက်ပြီး ထွေတဲ့သူက ဘယ်လိုဖြစ်တာ ...သိမ့်။

• ♣

"ညီမလေးက ဒါကို အံ့ဩနေတာလား။ အစ်မက ...င်း ...ကြောင်း နေ့ကျနေပြီ။ သူပိုက်ဆံရလာတဲ့ နေ့ဆို လေသံက

www.burmeseclassic.com



မာမာထန်ထန်နဲ့လေ။ ပိုက်ဆံ မရတဲ့ နေ့တွေဆို ညကလိုမျိုးပေါ့။ ဒါကို
သူ့စတိုင်လေ”

“ဩော်... ဩော်” လို့ နောက်တစ်နေ့မှာ အစ်မဆွေဆွေတင့်ကို
မေးတော့ ဤကဲ့သို့ အဖြေကို ကြားရလို့ပါ။

* * *

“ကိုအောင်ကျော်ဆန်း လမ်းထိပ်က ကျွန်မ အသိက ပြောတယ်
ရှင်— ညတိုင်း ထွေထွေလေးနဲ့ ပြန်လာတိုင်း ကကငှားပြန်ပြန်လာတယ်
ကားတွေကလည်း ရှယ်ပဲတဲ့၊ ကကတွေမဟုတ်ဘူး။ နံပါတ်အနက်တွေ
ချည်းပဲတဲ့။ ပိုက်ဆံတွေတုန်ကကုန်နဲ့ ရှင်တစ်ခါတလေ လိုင်းကားစီးပြီး
ပါလား”

တစ်မနက် ကိုအောင်ကျော်ဆန်း အပြင်သွားခါနီးမှာ ကျွန်မရဲ့
အစ်မ ဆွေဆွေတင့်ကပြောတော့...

“ဟား... ဟား... ဟာ... ဒီမှာ မိန်းမ၊ လူတိုင်း ကားငှားစီးနိုင်တာ
မဟုတ် ဘူး၊ ကိုယ့်ကံနဲ့ကိုယ်ဖြစ်လာတာပဲကွ၊ မင်းသိရဲ့လား”

ကိုအောင်ကျော်ဆန်းက ရယ်ရင်း မောရင်း လက်ဖျောက်
တီးရင်းက လေချွန် ပြီး ထွက်သွားပါတယ်။

♣

တကယ်ပါ ဖြစ်ချင်တော့ အဲဒီနေ့ညနေကျမှလေ...။

♣

ကိုအောင်ကျော်ဆန်း တစ်ယောက် ဒီနေ့ နည်းနည်းများသွား
တယ်။

များဆို ဒီတဲ့အတိုင်း သူငယ်ချင်း တစ်ယောက်က အလုပ်ဖြစ်



လှည်း တန်းမှာ လိုက်ပြုစုတယ်လေ။

လမ်းခွဲတော့ လှည်းတန်းမီးပွိုင့်နားရောက်လာတယ်။

အဲဒီမှာ တာဝန်ကျနေတဲ့ ယာဉ်ထိန်းရဲတွေက သူ့ သူငယ်ချင်းတွေ
ချည်းပဲ။

“ဟ... အောင်ကျော်ဆန်းရေ... မင်း ကောင်းလာပြန်ပြီလား”

“ဟုတ်တယ် သူငယ်ချင်း ဒီနေ့လည်း လုပ်ပါဦး အရင်လိုပေါ့”

“မင်းနဲ့ကွာ...၊ ငါ့ခမျာ မျက်ခုံးက ခပ်လှုပ်လှုပ်ပဲကွာ၊ မင်းက
ရှုးမူးနဲ့ ကားစီးလို့ ပြုတ်ကျမှာစိုး၊ ငါတို့ သူငယ်ချင်းတစ်ယောက်
တားပေါ်ကနေ လိမ့်ကျသေ မှာ မကြည့်ရက်လို့ ငါတို့က မင်းနေတဲ့
သခမုတ်တိုင်နားထိ ကားတစ်စီးစီးကို တား ပေးပြီး မင်းကိုခေါ်သွားဖို့
ယူနီဖောင်းဝတ်ကြီးနဲ့ ပြောပြောပေးရတာ မဟုန်သေးပါဘူး ကွာ”

သူငယ်ချင်းယာဉ်ထိန်းရဲက ကိုအောင်ကျော်ဆန်းကို စကား
ပြောရင်းမှ မီးပွိုင့် ဘက်ကို ကြည့်နေပါတယ်။

“သူငယ်ချင်းရာ... မင်းတို့လို သူငယ်ချင်းတွေကြောင့် ကားကို
ပိုက်ဆံမပေး ရဘဲ စီးရတာနည်းလားကွာ၊ ကုသိုလ်ပေါ့ကွ”

“အေး... အခုလည်း မင်းကောင်းလာတာ မကြည့်ရက်လို့
လုပ်ပေးရဦးမှာ ပေါ့ကွာ”

သူငယ်ချင်း ယာဉ်ထိန်းရဲ ပြောသလိုပါပဲ။ အခုမှ သောက်ထား
တာတွေက ပိုတက်လာသလိုမျိုးပါပဲ။

ခေါင်းထဲမှာ ရီဝေဝေနဲ့ မျက်နှာတွေက ပိုလေးလာတယ်။
စားထားတဲ့ ဝက်သား အမြည်းတွေကြောင့် ပိုမူးလာသလိုပဲ။

“သူငယ်ချင်း လုပ်ကွာ၊ ငါအခုမှ တက်လာပြီ”

“နေဦး... ဟောကောင် ဟိုမှာ ဆလွန်းကား တစ်စီးလာနေတယ်
ငါတားပေး မယ်”

“တားကွာ... တားလိုက်”

www.burmeseclassic.com

www.burmeseclassic.com



ယာဉ်ထိန်းရဲ့ သူငယ်ချင်းက ကား တားလိုက်တယ် ထင်ပါရဲ့။ ကားတစ်စီးရပ်သံ ကိုအောင်ကျော်ဆန်း ကြားလိုက်ရတယ်။ မျက်လုံးတွေ ရီဝေနေလို့ မသဲကွဲ။

"ဒီမှာ... ခင်ဗျာ... ကျွန်တော့်သူငယ်ချင်းကို သုခမှတ်တိုင်အထိ တင်သွား ပေးပါ။ သုခရောက်ရင် ဆင်းလိမ့်မယ်။ ညနေတိုင်း ဒီကောင်က ကျွန်တော့်ကို မူးလာရင် လာယစ်နေကျဗျာ။ ကားတစ်စီးစီးတားပြီး တင်ရေးရ တာ၊ ဒီကောင် မူးမူးနဲ့ လိုင်းကားစီးရင် လိမ့်ကျသေမှာ စိုးလို့ပါ။"

"ရပါတယ်ဆရာ... ဆရာ့ သူငယ်ချင်းကို နောက်ခန်းကနေ ထိုင်ခိုင်းလိုက်ပါ"

ကားမောင်းတဲ့ သူနဲ့ သူငယ်ချင်း ယာဉ်ထိန်းရဲ့ ပြောစကားကို ကြားနေရ ပေမဲ့ တွေနေလို့ မသဲကွဲ။

"ကဲ... အောင်ကျော်ဆန်း တက်"

သူငယ်ချင်းက၊ ဆလွန်းကား နောက်တံခါးကို ဖွင့်ပေးတယ်။

ကိုအောင်ကျော်ဆန်းလည်း ဝင်ထိုင်လိုက်တယ်။ ကားက မောင်းတယ် ဆိုရင်ပဲ မှန်တံခါးဖွင့်ထားတာက ဝင်လာတဲ့ လေတွေကြောင့် နဖူးပြင်မှာ အေးခနဲ စီးစားရရင်း တွေကလည်း ဝေ့နေလို့ မျက်ခွံတွေ ပိုလေးပြီး မှေးခနဲ အိပ်ပျော်သွားတယ်။

♣

"ကားမောင်းတဲ့ အစ်ကိုကြီး၊ တော်တော် သဘောကောင်းတာပဲ ကျွန်တော့် အိမ်တွေဘာတွေတောင် သိလို့ပါလား"

မှေးခနဲ အိပ်ပျော်ရာကနေ ကိုအောင်ကျော်ဆန်း နိုးလာတော့ ကားက သူ့အိမ်ခြံ ဝင်းထဲ မောင်းဝင်တာတွေ့လို့ သူက ဝမ်းသာအားရနဲ့ ပြောလိုက်ပါတယ်။



"ဆွေဆွေတင့်! လာဦး"

အိမ်ရှေ့မှာ ကားရပ်ရပ်ချင်း ကားမောင်းလာသူက လှမ်းအော် လိုက်ပါတယ်။

ကိုအောင်ကျော်ဆန်းအဖို့ အဲဒီအသံကို ကြားဖူးသလိုမျိုး ခံစားလိုက်ရပါ တယ်။

"ဟော့ကောင်... အောင်ကျော်ဆန်း...။ ကားပေါ်ကဆင်းဝါဦး။ ဆရာသမား ရယ်"

ကားမောင်းတဲ့သူက နောက်ခန်းတံခါးကို ဖွင့်ပြီး ဆင်းခိုင်းလို့ မျက်လုံးကို သေသေချာချာ သူဖွင့်ကြည့်လိုက်ပြီး။

"ဟာ... ဦးလေး"

စောစောတုန်းက အလန့်တကြားနဲ့ လှမ်းခေါ်လိုက်လို့ထင်ပါရဲ့ အိမ်ထဲက မဆွေဆွေတင့်လည်း ထွက်လာတယ်

"ဘာဖြစ်တာလဲ... ဦးလေးရယ်၊ ကျွန်မလန့်လိုက်တာ"

"ကောင်းကြသေးရဲ့လား ဟင်၊ နင့်ယောကျ်ားက ညနေလူမှန်း သူမှန်းမသိ အောင်မူးတိုင်း လှည်းတန်းမီးပွိုင့်နားက သူ့သူငယ်ချင်း ယာဉ်ထိန်းရဲ့ကို ကားတစ်စီး စီးတားခိုင်းတယ်လေ။ အဲ့ဒီတားလို့ရတဲ့ ကားနဲ့ သုခမှတ်တိုင်ထိ လိုက်ပို့ခိုင်းတယ်လေ။ ပိုက်ဆံလည်း မပေးဘူး။ အားငဲ့ ကားတွေကလည်း လိုင်းကား ကက မဟုတ်တဲ့ ကားတွေ၊ ကားပိုင်ရှင်တွေ က သူတို့နဲ့လည်း မသိ။ ယာဉ်ထိန်းရဲက ပြောတာဆိုတော့ အောင့်အည်း အောင့်သက်နဲ့ လိုက်ပို့ရတာပေါ့။ နင်တော့ မသိဘူး၊ ငါတော့ဒီကောင့်အစား ရှက်လိုက်တာ"

ဦးမောင်ဆန်း စကားကြောင့် မဆွေဆွေတင့်ရဲ့ မျက်နှာမှာ ဒေါသတွေဖြစ်လို့ နေပါတယ်။

"ကျွန်မ ရှက်လိုက်တာ ဦးလေးရယ်၊ လမ်းထိပ်က အသိတ ညာတုန်းက သူ့ အငှားကား နံပါတ်အနက်တွေ နေ့တိုင်းပြန်လာတိုင်း

www.burmeseclassic.com

www.burmeseclassic.com



စီးလို့ ပိုက်ဆံကုန်တယ်ဆိုပြီး ကျွန်မကတောင် မနက်ကချွေတာဖို့ ပြောသေး။ အခုတော့ သင်းက မူးမူးနဲ့ လုပ်ချင်တာကို လုပ်နေတာကိုး။ ရှင်တွေ့မယ်"

ယမကာအရှိန်နဲ့ ထွေနေတဲ့ ကိုအောင်ကျော်ဆန်းကတော့ မျက်နှာကို ခပ်တည် တည်လုပ်ထားပါတယ်။

"နင်တွေ့မှာကနောက်၊ ငါလေ ဒီကောင့်ကို လုပ်ချင်လိုက်တာ လမ်းမှာလေ လက်ကိုယားနေတာပဲ။ ဒီကောင်က ကားနောက်ခန်းမှာ အိပ်လိုက်လာတာဟေ့။ ဘယ် လောက်တောင် သောက်ထားလဲ မသိဘူး"

"ဟေ့ကောင် မူးရင် မင်း... ငါ့အိမ်ရိပ်ကို လာမနင်းနဲ့ ဒါငါ့အမိန့်ပဲ"

"ဦးလေးကလည်း နေထိုးရင် အရိပ်ထွက်မှာပဲဟာ"

"ကိုအောင်ကျော်ဆန်း!"

ဒေါသသံပါပါနဲ့ အစ်မဆွေဆွေတင့်က လှမ်းခေါ်လိုက်ပါတယ်။

"ဘာတုံးဟာ"

"ဘာ... ဘာ ဟုံးဟာရမှာလဲ၊ ရှင်လူမှန်း သူမှန်းမသိအောင် ဒီလိုဟာမျိုးတွေ ဘယ်သောက် လုပ်ထားခဲ့လဲဟင်... ပြောစမ်း"

"ကိုယ် ဘာမှ မလုပ်ဘူးကွာ"

"ဘာ... ကိုယ်ဘာမှ မလုပ်ဘူးလဲ၊ အခုလုပ်လို့ပဲ ဒီလိုဖြစ်လာပြီ မဟုတ်လား"

"မင်းကလည်းကွာ၊ ဒါက အရက်အတု တစ်ခါတလေသောက်တဲ့ ဟာမျိုးလို့ပဲ ကိုယ်တော့ မှတ်တယ်"

"ဟော... ပြောရင်းနဲ့ ရှင်ဒီအရက်အကြောင်းကပဲ လာပြန်ပြီ၊ ကဲ... အိမ်ထဲ ရောက်မှတွေ့မယ်... လာ"

"အား... နာတယ်၊ နားရွက်ကို အရမ်းမဆွဲနဲ့ဟာ"

အစ်မ ဆွေဆွေတင့်ကလည်း ဘာလက်မြန်သလဲမမေနဲ့။



ကိုအောင်ကျော်ဆန်းရဲ့ နားရွက်ကို လက်နဲ့ဆွဲပြီး အိမ်ထဲခေါ်လာပါတယ်။

♣

အိမ်ထဲလည်း ရောက်ရော အောက်ပါ အသံများကို ကြားရပါတယ်။

"ရှင်... အရှက်မရှိဘူးလား... ကဲ"

"နာတယ်၊ ငါ့ဗိုက်ခေါက်ကို မဆွဲနဲ့"

"ဆွဲတယ်... ဆွဲတယ်"

"အား... နာတယ်၊ နာတယ်၊ ငါ့နားရွက်ကို မဆွဲနဲ့"

"ဆွဲတယ်"

"အား...၊ မင်းနော် ငါနော် တယ်လေ"

"ပြောပြန်ပြီလား ကဲ"

"အား... နာတယ်... နာတယ်"

♣

မနေ့က ညနေက ဤသို့ဤပုံ ဖြစ်ပေမဲ့ နောက်တစ်နေ့မနက် မိုးလင်းတော့ ကိုအောင်ကျော်ဆန်း တစ်ယောက်က သားနှစ်ယောက်နဲ့ မိသားစုအတွက် မုန့်ဟင်းခါး ဝယ်ပေး၊ အဝတ်တွေလျှော်နဲ့ ဟုတ်နေလို့။ သားနှစ်ယောက်ကို မှာစရာရှိတာမှာနဲ့။ ပြီးတော့ သူ့ကားပွဲစားအလုပ်ကို ထွက်သွားလေရဲ့။

♣

ညနေကျတော့လည်း အရင်အတိုင်းပါပဲ။ ယမကာလေး ဆွေတွေနဲ့ ပြန်လာ။ ကျွန်မအစ်မနဲ့ စကားပြော၊ ပြောရင်းက အစ်မက

www.burmeseclassic.com

www.burmeseclassic.com



မိုက်ခေါက်ဆွဲ၊ နားရွက်ဆွဲ၊ သူက နာတယ်လို့အော် သားနှစ်ယောက်က ရယ်နဲ့။

ဒါလည်း သူတို့ မိသားစုရဲ့ သီရိဂေဟာ ပုံသေနည်း တစ်ခု ထင်ပါရဲ့။

* * *

ပြောကြတယ်
သိလား။
ဘာလဲဆိုတော့
အချစ်က
တချို့ကို
လောကနိဗ္ဗာန်ဖန်တီးပေးတတ်ပြီး
တချို့ကို
ငရဲဘုံဖန်တီးပေးတယ်တဲ့
ခက်ပါတယ်နော်
ဒီအချစ်ဆိုတာကြီးက
မမြင်ရဘဲနဲ့ ဒုက္ခပေးနေတာ။

www.burmeseclassic.com

www.burmeseclassic.com

## (၇)

အစ်မ ဆွေဆွေတင့်တို့ အိမ်မှာ ကျွန်မရောက်နေတာ ခြောက်ရက် လောက် ရှိပြီဆိုတော့ နောက်ထပ် အစ်မ တစ်ယောက်အိမ် ဒီရက်ထဲမှာပဲ သွားလည်မယ်လို့ ဆုံးဖြတ်လိုက်တယ်။

အခုလောက်ဆို ဖေဖေရယ်၊ မေမေရယ်၊ ဘိုးဘိုးရယ်ကတော့ တစ်ခုခု ကျွန်မ အကြောင်း ကစ်ခုခုပြောနေလောက်ပြီ။

ဘွားဘွားနဲ့ မေမေလည်း နေမှာမဟုတ်ဘူး၊ ပြောနေမှာပါပဲ။

"အန်တီလေးရေ... ညှို့သည်"

ကြားသားမှိုးကြိုးလို့၊ ကျွန်မ ဒီမှာနေတာ ဘယ်က ညှို့သည် ရောက်လာ ပါလိမ့်။

တူအကြီးလေးက လှမ်းအော်လို့ ကျွန်မ အခန်းထဲကနေ အိမ်ရှေ့ထွက်လိုက် တော့။

"ဟယ်... ကိုမင်း"

"ကြွေ"

"ဟင်း... ဒါဘာတွေလဲ"



ရုပ်ရှင်တွေထဲကလို ပြောရရင် တစ်ဆက်တည်းဆိုသလို ကျွန်မရဲ့ အာမေဍိတ် ကို မင်းနိုင်ဦးရဲ့ ခေါ်သံဟာ ဇာတ်ဝင်ခန်းတစ်ခန်းဖြစ်ပေမဲ့ ကျွန်မရဲ့ နောက်ဆက်တွဲ အမေးစကားက ကဗျာဆန်ချင်မှ ဆန်မှာပါ။

ဘာဖြစ်လို့လဲဆို ကိုမင်းနိုင်ဦးရဲ့ လက်နှစ်ဖက်စလုံးမှာ ကြွပ်ကြွပ် အိတ်နှစ်လုံးကို လက်ကဆွဲထားလို့ပါ။

"ဒါက ကြွေစားဖို့ မုန့်တွေဝယ်လာတာ၊ ဒါကကြွေ့ရဲ့တူတွေ အတွက် ကစားစရာ အရုပ်နှစ်ရုပ်။ ပြီးတော့ ဒါက ကြွေ့အစ်မ ဆွေဆွေတင့် အတွက် တဘက်၊ ဥပုသ်တွေဘာတွေ စောင့်ရင် ယူသွားဖို့။ ဒီအရက် ပုလင်းတွေကတော့ ကိုယ့်ရဲ့ မယား ညီအစ်ကိုတော် အတွက်"

ကျွန်မကတော့ လက်နှစ်ဖက်ကို ရင်ဘတ်နဲ့ ဖိရင်း၊ ကိုမင်းကတော့ သူ့ဝသီ အတိုင်း လုပ်ချလိုက်ပြန်ပြီလို့။

"ဘာမှ ဝယ်မလာလည်း ရတာပဲ ကိုမင်းရယ်၊ ပိုက်ဆံကုန်က တုန်နဲ့။ မဆွေဆွေတင့်က ဘယ်မှာဥပုသ်စောင့်သွားလို့လဲ၊ ဒီကြားထဲ အရက်ပုလင်းတွေ ဝယ်လာ ပြန်သေးတယ်။ ကုသိုလ်မရဘဲ ငရဲရမှာ၊ ပြီးတော့ မုန့်တွေကလည်း ဘာလုပ်ဖို့လဲ ဒီမှာ စားနေရတာ"

ကိုမင်းနိုင်ဦးက ပြုံးလိုက်ပါတယ်။

"ကြွေကလည်းကွာ၊ ကြွေက ဒီမှာ အလကားစားနေရတာ ဘယ်ကောင်းပါ့ မလဲ၊ ဒါကြောင့်ပါ၊ ကိုက ကြွေ့အစားလာဘ်ထိုး ပေးတာ၊ ကြွေဘယ်အစ်မရဲ့အိမ်ရောက် နေသလ စုံစမ်းရသေးတာ၊ တော်ကြာ ထွဲမှာစိုးလို့"

တူနှစ်ယောက်ကတော့ ကိုမင်းနိုင်ဦးပေးတဲ့ ကစားစရာတွေနဲ့ ဆော့နေပါ တယ်။

"သြော်... မင်းနိုင်ဦးရောက်နေတာကိုး၊ ဘယ်ဆိုးလို့လဲဗီအိမ်မှာ ရှိတယ်ဆိုတာ သိသားပဲ၊ ကြွေကြွေတင့်ကို လှမ်းနေပြီထင်တယ်"

ဈေးကပြန်လာတဲ့ မဆွေဆွေတင့်က လှမ်းနှုတ်ဆက်

www.burmeseclassic.com



လိုက်ပါတယ်။

"မမရော့... ဒီမှာ... မမ ဥပုသ်စောင့်ရင် ယူသွားဖို့တဲ့တဘက် လက်ဆောင် ပေးတာ"

"ကျေးဇူးတင်ပါတယ် မင်းနိုင်ဦးရယ်၊ အစ်မမှာ ဥပုသ်မပြောနဲ့ အိမ်မှာ ဘုရားတောင် မှန်မှန်မရှိခိုးနိုင်ဘူး။ ဟိုလူကြောင့်လေ၊ သင်းကမွေးလာနဲ့ ကိုယ့်မှာ ကုသိုလ်မရဘဲ အကုသိုလ်ချည်းပဲ ရနေတာ"

"မမ... ကြွေလေ ကိုမင်းနဲ့ လမ်းထိပ် လက်ဖက်ရည်ဆိုင်ဘက် သွားဦးမယ်"

မဆွေဆွေတင့်က ခေါင်းညိတ်ပြပြီး၊ ကိုမင်းနိုင်ဦး ဝယ်လာတဲ့ မုန့်တွေကို သိမ်းနေပါတယ်။ အဲ... အရက်ပုလင်းတွေကျတော့ သေသေချာချာကို ရေခဲသေတ္တာထဲ ဂရုစိုက်ထည့်လို့ မဆွေဆွေတင့်တို့များနော်...။

၃

"ကဲ... ပြောပါဦး၊ အခုဒီကို လာဖို့ ဝယ်လာတာ ပိုက်ဆံ ဘယ်လောက် ကုန်ခဲ့လဲ"

လမ်းထိပ်လက်ဖက်ရည်ဆိုင်ကို ရောက်ရောက်ချင်း ကျွန်မမှာ မနေနိုင် မထိုင် နိုင်လို့ မေးမိလိုက်ပါတယ်။

"ကြွေကလည်းကွာ မများပါဘူး၊ ပါးပါးလေးပါ။ ငါးထောင် လောက်ရယ်"

"ဘာ... ငါးထောင် ဘောင်၊ ကိုမင်းရယ် အခုထက်ထိ လက်ဖွာတုန်းပဲလား၊ ဒါကြောင့် ကြွေစိတ်ပျက်တာ၊ ကိုမင်းဒီလို လက်ဖွာနေရင် ကြွေတို့ ဘယ်လိုလက်ထပ်မလဲ၊ ကဲ... ယူကြပါပြီတဲ့ ဘယ်လိုလို့ အနာဂတ်ကို ခရီးဆက်မလဲ"

ကျွန်မက စိတ်ပျက်လက်ပျက်နဲ့ ပြောလိုက်ပါတယ်။

"ကြွေကလည်းကွာ ကြွေ့ကို လွမ်းလို့ လာပါရဲ့၊ ဒီစာတ်ပြား ဟောင်းချည်းပဲ ကြားနေရတယ်။ ဒါနဲ့နေပါဦး ကြွေ့ကိုမေးရဦးမယ်"



"ဘာမေးမှာလဲ"

"တစ်ခါမှ အစ်မတွေရဲ့ အိမ်ရက်ကြာကြာ မလည်ဖူးတဲ့ကြွေ အခုဘယ်လိုဖြစ် လို့ အစ်မတွေရဲ့ အိမ်တွေ တစ်အိမ်ပြီးတစ်အိမ် ည်နေရသလဲဆိုတာကိုတော့ ဉာဏ်စား လို့မရဘူး"

ကျွန်မရဲ့ ရှေ့က လက်ဖက်ရည်ခွက်ကို ကိုမင်းက ဇွန်းနဲ့ မွှေပေးရင်း မေးလိုက်တာပါ။

"အစ်မတွေကို လွမ်းလို့ပါ။"

အဲ့ဒီလို ကျွန်မပြောတော့ ကိုမင်းက လက်ခါရင်း...

"မဟုတ်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး၊ အကြောင်းတစ်ခုခုတော့ ရှိမှာမယ်"

"ဟုတ်တယ်... အဲဒီအကြောင်း ရှိရင်လည်း နောက်မှ ပြောပြမယ်"

ကိုမင်းနိုင်ဦးခမျာ ကျွန်မရဲ့ စကားကို နားထောင်ရင်း ခေါင်းကုတ်လို့ နေပါတယ်။

"ကဲ... ကြွေရေ... ကိုကတော့ ကိုယ်မြတ်နိုးရတဲ့ ချစ်သူရဲ့ မျက်နှာကို မြင် ရပြီမို့၊ ချစ်သူရဲ့ စကားသံ ကြားရပြီမို့ ဘာပဲဖြစ်ဖြစ် အတွက် ကြည်နူးပြီးသား၊ ကြွေ့ဘာသာကြွေ ဘယ်နေ့ အဖေတို့ အမေတို့အိမ်ပြန်လာလာ၊ အဲ... ကြွေလာတဲ့နေ့ ကျရင်တော့ ကြွေကြိုက်တဲ့ ချိတ်ခွဲသုတ် ဗိုလ်ချုပ်ဈေးမှာ ကို လိုက်ကျွေးဦးမယ်"

ကိုမင်းနိုင်ဦးက အဲ့ဒီလိုပြောတော့လည်း ကျွန်မခမျာ စောစောက ခါသတွေ ဘယ်ရောက်သွားမှန်းမသိ။

ကိုမင်းနိုင်ဦးရဲ့ လက်မောင်းကို ဘာရယ်မှန်း မသိ ကိုင်မိလိုက် ယ်။

သူကတော့ အဲဒါကိုပဲ ကျေနပ်လို့။

* * *

www.burmeseclassic.com

ဘဝဆိုတာ
ဘာလဲ!??
ချစ်ပါသလား၊
ဘောလုံးပွဲတွေကို
ကြည့်ဖြစ်အောင်ကြည့်လိုက်ပါ

(၈)

အိမ်ထဲကို လှမ်းဝင်လိုက်သည်နှင့် အခန်းနံရံတည့်တည့်မှာ [illegible]ထားသော စာတန်းတစ်စောင်ကို ကျွန်မတွေ့လိုက်ရတယ်။

ဘောလုံးပွဲများ မရှိလျှင် ငါ့ဘဝ၏
ညတွေသည် အိပ်မက်ဆိုးများနှင့်သာ
နပန်းလုံးရတော့မည်ဖြစ်သည်။

အံမယ် အိမ်ဦးခန်းရဲ့ ခေါင်းရင်းမှာလည်း စာတန်းတစ်စောင် [illegible]ထားလို့

ဤအိမ်တွင် ဘာကာခမ်းရှိသည်။ လမ်းပတ်ရှိသည်။ [illegible]တယ် အိုဝင်ရှိသည်။ ဂျရတ်ရှိသည်။ ရှက်ဖ်ရှန်ကိုရှိသည်။ [illegible]တို့ ပျော်ရွှင်စွာ ကျွန်ုပ်နှင့်အတူ နေထိုင်ကြသည်။

ကျွန်မ မကြည့်မိလို့ ကျွန်မရပ်နေတဲ့ အိမ်အဝင်ဝ ဖိနပ်ချွတ်စင် [illegible]မှာတောင် စာတန်းတစ်ခု ကပ်ထားသေးတယ်။

ဖိနပ်စင်မှာ ဖိနပ်ချွတ်ပါ၊ မချွတ်လျှင် မိတ်ဆွေ သင့်[illegible]ပါ [illegible]နဲ့ လာရာလမ်းသို့ ပြန်ကြွပါ။

www.burmeseclassic.com



အဲ့ဒီစာတန်းကို ဖတ်ရင်း ကျွန်မကိုယ့်ခြေထောက်ကို ပြန်ကြည့်မိရဲ့။

တော်ပါသေးရဲ့ ဖိနပ်ချွတ်ပြီးသားဖြစ်နေလို့ နို့မို့ကိုယ်လည်း နစ်ဝါတစ်နီနဲ့ ပြန်ပြေးနေရဦးမယ်။

"ကြွေကြွေ... ညီမလေး၊ ဘာတွေတွေးနေတာလဲ"

ကျွန်မရဲ့ စတုတ္ထမြောက် အစ်မဖြစ်သူ ကြည်ကြည်တင့်က ကျွန်မရဲ့ ခရီး ဆောင်အိတ်ကို ကိုင်ရင်း မေးလိုက်တာပါ။

"မဟုတ်ပါဘူး မမကြည်ရယ် မမကြည်တို့ အိမ်ထဲ ဝင်ဝင်ချင်း စာတန်းတွေ တွေ့လို့ ဖတ်ရင်းက တွေးနေမိတာပါ"

အဲဒီအခါ မကြည်ကြည်တင့်က ပြုံးရင်း...

"အဲ့ဒါ လင်တော်မောင် ကိုခင်မောင် အရူးထ ထားတာတွေလေ... ပြော မပြောချင်ဘူး"

"ကြွေ သတိထားမိတာက ဘောလုံးသမား နာမည်တွေ တွေ့နေရလို့ပါ"

"အဲဒါပါပဲ ကြွေရယ်... မမကြည်တော့ မပြောချင်တော့ဘူး သူက ဘောလုံး ရူး ရူးနေတာလေ၊ ဘောလုံးပွဲဆို ထမင်းမေ့ ဟင်းမေ့ပဲ။ အိမ်မှာ နစ်ဆေကော၊ ရှစ်ပေ စလောင်းကော တပ်ထားတာသာကြည့်။ ဘောလုံးပွဲရှိတဲ့ ညဆို အိမ်မှာ လူကအပြည့်ပဲ။ ကြွေ ကိုခင်မောင့်အကြော[င်း] တွေ့ပါလိမ့်မယ်"

ပြောမယ့်သာပြောတာ အစ်မကြည်ကြည်တင့်လည်း သူ့ယောကျ်ား ကိုခင်မောင်အကြောင်းပြောတော့ တခြားအစ်မတွေလိုပါပဲ ပြုံးလို့ရယ်လို့နဲ့။

"ဒါနဲ့ မမကြည် အိမ်သာထဲမှာကော ဒီလိုစာတန်းမျိုး ရေးကပ်ထားသေး လား"

အဲဒီအခါ မမကြည်ကရယ်ရင်း...



"ဘယ်နေမှာလဲ ကြွေကြွေရယ်၊ ညီမ အိမ်သာဝင်တဲ့အခါကြည့်"

သည်တော့ ဟုတ်ရဲ့။ ကိုခင်မောင်တို့ ဘောလုံးဝါသနာပါပုံများ။

အိမ်ရဲ့ ရှိုးကစ်ဘီဒိုအလယ်တည့်တည့်မှာ နိုင်ငံခြားဘောလုံးတစ်လုံး [က]ို ကလပ်တစ်ခုပေါ် တင်ထားလေရဲ့။ ပြီးတော့ နိုင်ငံတကာဘောလုံး [က]လပ် အသင်းတွေရဲ့ အလံအချို့ရယ်၊ ဘောလုံးသမားပုံတွေရယ် [နေ]ရာအနှံ့ကပ်ထားတယ်။

ပြီးတော့ ဘောလုံးသမားတွေဝတ်တဲ့ ကလပ်အသင်းအင်္ကျီတွေကို [လ]ည်း ချိတ်နဲ့ တန်းစီပြီး ချိတ်ထားတယ်။

ကျွန်မလည်း မနေနိုင်လို့ မေးမိတယ်။

"မမကြည် ဘောလုံးကန်အင်္ကျီတွေက အများကြီးပဲ၊ အရပ်ထဲမှာ [ရော]င်းတာ လား"

ဒီအခါ မကြည်ကြည်တင့်က ရယ်ရင်းပြောပါတယ်။

"ဘယ်ကလာ ရောင်းရမှာလဲ၊ ကြွေရယ် အဲဒါကိုခင်မောင် [ရဲ့]အရူးထ တတ်မှန်း မသိဘူး။ ဘောလုံးပွဲရှိတဲ့ ညတွေဆို သူအားပေးတဲ့ [အ]သင်းရဲ့ အင်္ကျီကိုဝတ် ပြီး ဘောလုံးပွဲကြည့်တာ၊ ကြွေတွေ့ရပါလိမ့်မယ်... [က]ြည့်နေ"

♣

ဟုတ်ပါတယ်။ ကျွန်မတွေ့ရတာပေါ့။ မကြည်ကြည်တင့်တို့ရဲ့ [အိမ်]သာကို ဝင်တော့ အိမ်သာနံရံမှာ ကပ်ထားတဲ့ စာတန်းလေး...

**နောက်ဆုံးတော့ ကမ္ဘာကျော် ဘောလုံးသမားတွေနဲ့ [...]ပ်နဲ့ အတူတူပါပဲ။ စားပြီးလို့ ပြည့်ရင်ဟောဒီလို မစင်စွန့်ရတာ [ပါ]ပဲ။**

ညနေခင်းဟာ ကျွန်မအတွက် စိတ်ချမ်းမြေ့စရာ ဖြစ်နေခဲ့မှာ [...]နေပြန်ဖို့ ကားစောင့်နေရတဲ့ သူတွေကတော့ စိတ်မချမ်းမြေ့မှာ

www.burmeseclassic.com

www.burmeseclassic.com



သေချာပါတယ်။

အဲ... ဒီအထဲမှာ စိတ်ချမ်းမြေ့သူတွေလည်း ရှိကောင်းရှိမယ်။ ကိုယ်စီကိုယ်င အိမ်ပြန်ကြရမယ်၊ ချစ်သူသမီးရည်းစားတွေ ကားစောင့်ရင်း အီစီကလီလုပ်ကြမှာ။

ကားပေါ်မှာလည်း လူဘယ်လောက်ကျပ်နေပေမဲ့ သိကြမှာပဲ။ ဒါကိုပဲ ကြည်နူးနေမယ်လို့။

"လီဗာပူးကို ခင်ဗျား လျှော့တွက်တာလား ဒါဆိုရင် ခင်ဗျားမှားမယ် ကိုဖိုးကောက်ရဲ့"

အိမ်ထဲက ပြတင်းပေါက်ကို ဖြတ်ပြီး လမ်းမဘက်ကို ပြန်ငေးမောကြည့်ရင်း အတွေးကောင်းနေတဲ့ ကျွန်မအဖို့ အိမ်ဧည့်ခန်းက စကားသံကြောင့် ကျွန်မအတွေးတွေ ရပ်တန့်သွားပါတယ်။

ကိုခင်မောင်နဲ့ သူ့ သူငယ်ချင်းတစ်ဦး အားကစားဂျာနယ်တွေ ဘားချရင်း စာအုပ်တစ်အုပ်ကို ဖွင့်ပြီး ကိုခင်မောင်က ဘောပင်တစ်ချောင်းနဲ့ ဟိုခြစ်ဒီခြစ်လုပ်နေတာ ပါ။

"မဟုတ်သေဘူးနော် ကိုခင်မောင် ခင်ဗျားစဉ်းစားကြည့် မန်ယူ ပွဲပယ်ခံ ထားရတဲ့ ဖားနန်က အခုလီဗာပူးနဲ့ ပွဲမှာ ပြန်ကစားရတော့ ပွဲပယ်တဲ့ လတွေက အများကြီးဆိုတော့ သူက သူ့ခြေစွမ်းကိုပြမှာ"

"ဒီမှာ ကိုဖိုးကောက်... ဘင်နီတက်ဝင်ကို ခင်ဗျား ဘာမှတ်လို့လဲ"

"ဘာမှတ်ရမှာလဲဗျ လူပေါ့... အဲ... နဖူးပြောင်တယ် ဆိုဗီယက်သမ္မတဟောင်း ဂေါဗာချော့လိုပဲ၊ ပြောင်နေတဲ့နဖူးတည့်တည့် မြေပုံလား မသိဘူးပါတယ်"

"ကိုဖိုးကောက် ထောင်တန်တဲ့ စကားကို ခင်ဗျားပေါ့အော မလုပ်နဲ့ စပိန်က ဗလင်စီယာလို အသင်းကိုတောင် ကာလီဂါမှာ ပထ ဆောင် လုပ်နိုင်သူဗျာ၊ သူ့ရဲ့ စွမ်းဆောင်ရည်တွေနဲ့ နည်းပညာရပ်တွေ



လျှော့တွက်လို့ မရဘူး။ စပိန်တော်လှန်ရေး ဆိုပြီး စပိန်က ကစားသမား တွေကလည်း တော်တယ်နော် ကျွန်တော့်ရဲ့ အိုဝင်လေးကို ရီးရဲမက်ဒရစ် ထုတ်ရောင်းပစ်တာ ကြည့်ပါလား၊ ကျွန်တော့်မှာ ရီးယဲကိုပါ အိုဝင်လေး ပါလို့ အားပေးနေရတယ်"

ကိုခင်မောင်ရဲ့ စကားအဆုံးမှာ သူနဲ့ စကားပြောနေတဲ့ ကိုဖိုးကောက်ဆိုသူရဲ့ မျက်နှာက ဝင်းပ သွားပါတယ်။

"အေးဗျာ... ကျွန်တော်အသည်းစွဲ ရီးယဲမက်ဒရစ်အသင်းမှာ ကီဒန်းတို့ ဖီဂါ တို့နဲ့ အပြိုင် ဒိုကြီးဆိုတဲ့ ရော်နယ်ဒိုတို့က ဂိုးသွင်းနေလို့၊ အသင်းက ကပ္ပတိန်ဆိုတဲ့ ဒီက ဗီဒီယိုမင်းသား ပိုင်ဇေရဲထွန်းနဲ့တူတဲ့ ရာအူးဝွန်ဇာလက်က ဘာအသုံးကျလို့လဲ။ ဘောလုံးကန်ရင် တီဗွီတွေရိုက် တဲ့ ဘက်ပဲ မျက်နှာမူထားတာ ဒီကောင် ဒီလောက်တောင် မင်းသားဖြစ်ချင် လည်း ဘောလုံးမကန်နဲ့ပေါ့ဗျာ။ ကိုခင်မောင်ရာ ခင်ဗျားစဉ်းစားကြည့် ခင်ဗျားရဲ့ အိုဝင်လေးကို သူ့နေရာမှာ ပွဲချိန်အပြည့် အစားထိုးကြည့်ပါလား"

"ဟုတ်တယ်ဗျာ... မိန်းမရေ... ကိုဖိုးကောက်အတွက်လုပ်ပါဦးကွာ ကော်ဖီမစ်"

စကားပြောနေရင်းက ကိုခင်မောင်တစ်ယောက် ဘာစိတ်ကူး ပေါက်တယ်မသိ။ မမကြည်ကို ကော်ဖီမစ် လှမ်းမှာနေပါတယ်။

"ကိုဖိုးကောက်ရာ ရီးယဲက အသင်းဥက္ကဌတွေ လုပ်ပုံက ကောင်းသလား၊ မိုက်ကယ်အိုဝင်ဆိုတာ မင်းသားတွမ်ခရုလိုရုပ်မျိုး၊ ဥရောပ အကောင်းဆုံးဆုရ ဘောလုံး သမား ဒီရာဟူးဝွန်ကာလက်နဲ့ အများကြီးသာတယ်။ ဒါကို line up အပြည့်မထည့်ဘူး။ အိုဝင်လေး လည်း ဘာတော်သလဲ မမေးနဲ့ အရန်ခုံက ထလာတာနဲ့ ဂိုးသွင်း ပြတာပဲ အဲဒါက သူ့စိတ်ဓာတ်ပဲ"

"ဒါပေါ့ဗျာ... ရီးယဲမက်ဒရစ်အသင်းကို ကျွန်တော်သာ ဘယ်လို ရလိုက်ရင်တော့ အကုန်မြေလှန်ပစ်မှာ"

www.burmeseclassic.com

www.burmeseclassic.com



ကိုဖိုးကောက် ဆိုသူက အဲဒီလိုပြောတော့–

"နေဦး အရမ်း မလုပ်နဲ့ ကျွန်တော့် အိုဝင်လေးတော့ မလုပ်လိုက်ပါနဲ့"

"အေးပါဗျာ… ကျွန်တော်စဉ်းစားပေးပါ့မယ် ကိုခင်မောင်ရာ"

ကျွန်မ သူတို့နှစ်ယောက် စကားပြောနေတာကို ကြည့်ရင်း ရယ်ချင်လာပါ တယ်။

သူတို့နှစ်ယောက်က အစ်မကြည်ကြည်တင့် ကော်ဖီလာချပေးတာကိုတောင် ဂရုမစိုက်အားဘဲ ပြောနေကြတာပါ။

တကယ့်ကို အတည်ပေါက်ပြောနေတဲ့ အတိုင်းပါပဲ။ ဘောလုံးပွဲကို စိတ်မဝင် စားတဲ့ ကျွန်မတောင် ကိုခင်မောင့်သူငယ်ချင်း ကိုဖိုးကောက်က ရိုးယဲမက်ဒရစ်လို အသင်း မျိုးကို ဝယ်မယ်ဆိုတော့ တစ်ခုခုတော့ လွဲနေပြီလို့။

"ကိုခင်မောင် ကလပ်အသင်း တစ်သင်းကို ဝယ်ရင် ငွေဘယ်လောက်လိုလဲ"

"သိန်းရှစ်ရာလောက်တော့ လိုမယ်"

"ဟ… ဒါဆိုဟန်ကျပြီ ကျွန်တော် သိန်းသုံးရာထီ ထိုးထားတယ် ထီပေါက် ရင် ထီဆိုင်ကပေးတဲ့ အပိုဆု သိန်းငါးရာနဲ့ဆို ကွက်တိပဲ"

"မဟုတ်သေးဘူး ကိုဖိုးကောက်ရဲ့ ဒေါ်လာ သိန်းရှစ်ရာကို ပြောတာ"

ကိုခင်မောင်က ပျာပျာသလဲ လက်ကာပြပြီး ပြောလိုက်ပါတယ်။

ဒီအခါ မနေနိုင်တဲ့ ကျွန်မအစ်မ ကြည်ကြည်တင့်ကလည်း…

"ကိုဖိုးကောက်ရေ… သိန်းရှစ်ရာဆိုတာ ကလပ်အသင်းဝယ်ဖို့ မပြောနဲ့ ဒီမှာက ပါဂျရိုကားတစ်စီးစာဖိုးပဲရှိမှာ သိန်းသုံးရာ အခါနှစ်ဆယ် လောက်ပေါက်မယ် ပြီးတော့ ထီဆိုင်တွေက သိန်းငါးရာအခါ နှစ်ဆယ်ဆု ချရင်တော့ ဖြစ်လိမ့်မယ်"



"ဒါဆို ကျွန်တော် ကံသိပ်ကောင်းနေမှာပေါ့။ အေးဗျာ… ထီသိန်းသုံးရာဆု အခါနှစ်ဆယ် ပေါက်ပါစေလို့ ဆုတောင်းရတော့မှာပဲ"

"ကိုဖိုးကောက် ဘာမှ အားမငယ်နဲ့ ဒီဘဝရိုးယဲမက်ဒရစ်ကလပ်အသင်းကို မဝယ်ဖြစ်လည်း ခင်ဗျားနောက်ဘဝမဝယ်ဖြစ်ဘူးလို့ ဘယ်သူပြောနိုင်မှာလဲ။ ကြိုးစား ဗျာ"

"ဟုတ်တယ် ကိုခင်မောင် ကျွန်တော် ကြိုးစားမယ်၊ ကျွန်တော်က နေ့လယ်စီး သူဌေး အေဘရာပါဗစ်ချ်ကိုလည်း သိပ်ကြည်တာမဟုတ်ဘူး။ ရုရှားကနေ အင်္ဂလန်မှာ လာ လုပ်ကိုင်ကျယ်လုပ်နေတာ မြန်မာပြည်က ကျွန်တော်ကလည်း အင်္ဂလန်မှာ သွားပြီး လုပ်ကိုင်ကျယ် လုပ်ပြမယ်။ အဲဒီကျရင် နည်းပြနေရာအတွက် ခင်ဗျားကိုပဲ စဉ်းစားထား တယ်။ နိုင်ငံတကာပွဲ အတွေ့အကြုံ ခင်ဗျားကရှိတယ်။ နေ့တိုင်း စလောင်းကနေ ဘောလုံးပွဲ ကြည့်နေတာပဲ။ ကစားကွက်ကို ခင်ဗျား သဘောပေါက်မှာပဲ"

ဒုက္ခတော့ ဒုက္ခပဲလို့။ ဘောလုံးလုတစ်ယောက်ယောက်ကများ သူတို့စကားကြား သွားရင် တစ်ခုခုတော့ လွဲနေပြီလို့ ပြောကြတော့မှာပဲလို့။

မမကြည်ရဲ့ အမျိုးသား ကိုခင်မောင်က သူ့ကို နည်းပြခန့်မယ်လည်း ပြောရော…

"ဒါဆို ကိုဖိုးကောက်ရာ… ငါးစိမ်းတန်းမှာ ငါးစိမ်းသည်တွေနဲ့ဖြစ်နည်း နက်ဖြန်ကစပြီးလေ့လာမယ် မော်ရင်ဟိုလိုပေါ့၊ နိုင်ငံခြားမှာ နည်းပြလုပ်ရင် တခြား နည်းပြဆရာတွေနဲ့ကော ဘောလုံးအဖွဲ့ချုပ်က လူတွေနဲ့ပါ ရန်ကောင်းကောင်းဖြစ်တတ် အောင်လို့လေ"

"ကိုခင်မောင်… ရှင်တို့ဟာတွေက ဘောလုံးတွေကြားရင် အစ်မိုးထင်တော့ မယ် ရှင်တို့မို့ မောမမောနိုင်… ကဲ စကားဝိုင်း ခမ်းမြန်သိမ်း ညီမလေး ကြွေကြွေ ဗိုက် ဆာနေလောက်ပြီ"

မကြည်ကြည်တင့်က အဲဒီလိုပြောမှ…

"မိန်းမကလည်းကွာ… စိတ်ကူးဆိုတာ ငွေပေးဝယ်ရတာမှတ်လို့

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စိတ်ထဲ မှာ ရှိတာ ကိုယ်ပြောတာပဲဟာ"

ကိုခင်မောင်က သူတို့ ပြောဆိုဆွေးနွေးနေတဲ့ အကြောင်းအရာကို တိုးလို့ တန်းလန်း အဆုံးသတ်လိုက်ရတာ နှမြောတဲ့ ပုံစံမျိုး၊ ကိုဖိုးကောက်ကို ကြည့်ရင်း...

"ကိုဖိုးကောက်... နက်ဖြန်ည ကန်မယ့် မန်ယူနဲ့ လီဗာပူး အကြောင်း ဆွေးနွေးရင်းက တခြားကိစ္စတွေဘက် ဆွေးနွေးတာ ဖြစ်ကုန်တယ်။ ဒီတော့ နက်ဖြန်စောစော လာဗျာ ကျွန်တော်ထူးခြားတာ ပြမယ်"

ကိုဖိုးကောက်က ခေါင်းညိတ်ပြလိုက်တယ်။

တော်ပါသေးရဲ့ မမကြည် စကားဝိုင်းကို အဖျက်ကောင်းလို့ တော်ကြာနောက် နေ့ မိုးလင်းသွားတာတောင် ပြီးမှ ပြီးပါတော့မလားမသိ။

♣

မိုးတော့ မလင်းပါဘူး။ ညနေမှာ ထမင်းစားတော့ ကျွန်မနဲ့ မမကြည်ကိုလည်း ကိုခင်မောင်က ကိုဖိုးကောက်တစ်ယောက် ရီးယဲမက်ဒရစ် လိုကလပ်အသင်းကို ဝယ်ဖြစ်လို့ကတော့ သူ့ အချစ်တော် မိုက်ကယ်အိုဝင်ကို ပွဲတိုင်းထည့် ကစားခိုင်းပြီး မြန်မာပြည်ကို အလည်တောင် ခေါ်ဦးမယ်တဲ့။

ရီးယဲမက်ဒရစ်အသင်းကိုလည်း မြန်မာ့ လက်ရွေးစင်အသင်းနဲ့ ခြေစမ်းခိုင်း မယ်တဲ့...။

ကိုခင်မောင်က ဆက်ပြောချင်သေးရဲ့။ အစ်မကြည်ကြည်တင့်က မျက်စောင်း ထိုးလိုက်မှ စကားစက ပြတ်သွားတယ်။

ဩော်... ကိုခင်မောင်ကျတော့လည်း ဝါသနာကြီးပုံက တစ်မျိုးတစ်ဘာသာ ဆန်းပါလိမ့်လို့။

* * *

မှော်ပေါက်နေတဲ့
ပဥ္စလက်ဆရာတွေ
ရှေ့ ဖြစ်ပြောတဲ့
ပုရောဟိတ်တွေ
မပျောက်ပစ်နိုင်တာ
အနာဂတ်မှာ
ပြောသလိုမဖြစ်လာတာက
ဘောလုံးကွင်းနဲ့
ဘောလုံးသမားတွေရဲ့
ယှဉ်ပြိုင်ပွဲတွေပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

(၉)

"မောတာလည်း နားမလည်၊ ပန်းတာလည်း နားမလည် ချစ်တဲ့သူနဲ့ ဆိုရင် ကွယ်... ဟော့ဒီ သီရိဂေဟာဝယ်... ရှိ... ရှိ"

သီချင်းဆိုသံကြားလို့ ဘယ်သူလဲလို့ ကျွန်မ ကြည့်မိတော့ ဈေးဆွဲခြင်းကို လက်ကဆွဲပြီး အိမ်ထဲကို ဝင်လာပါတယ်။

သူ့ ခါးကြားမှာလည်း ဂျာနယ်တစ်စောင်ကို ထိုးထားတယ်။ သူပြောပြော နေတဲ့ လီဗာပူးအသင်းက ဘီဗင်ဂျာရယ်ရဲ့ မျက်နှာက တွန့်လိမ်နေလို့။

"မိန်းမရေ... ပြန်လာပြီဟေ့"

ကိုခင်မောင်ရဲ့ အသံကြားလို့ ထင်ပါတယ်။ မမကြည်ကလည်း မီးဖိုးချောင် ကနေ အိမ်ရှေ့ကို ထွက်လာတယ်။

"ဒီနေ့တော့ ကြွေကြွေတင့်ကို ရှယ်ချက်ကျွေးမယ်၊ ဟော့... ကြက်သားဟင်း စပ်စပ်လေးရယ်၊ ပဲဟင်းချိုရယ်၊ မုန်လာဥသုတ်



လေးရယ်၊ ငပိကြော်ရယ်ပေါ့ကွာ၊ ကြွေကြွေတင့်တော့ လျှာလည်သွားမယ်"

ကိုခင်မောင်က ကျွန်မကိုပြောပါတယ်။

"ဟုတ်တယ် ညီမလေးရဲ့ ကိုခင်မောင်ရဲ့ လက်ရာ ညီမလေး စားဘူးသေး ဘူးထင်တယ်၊ ညီမ လျှာလည်သွားမယ်"

"ဟုတ်သားပဲ၊ ကိုခင်မောင်က နိုင်ငံခြားသင်္ဘောက ထမင်းချက် ဆိုတာ ညီမ မေ့နေတာကိုး"

ကျွန်မက အဲဒီလိုလဲ ပြောရော...

"ကြွေကြွေတင့် ငါက နိုင်ငံခြားသင်္ဘောက ထမင်းချက်ဆိုပေမဲ့ ကယ့် chief cook နော်၊ ခင်ခင်တင့်ရဲ့ ယောကျ်ားကိုကျော်အောင်ဖြူလို အားအားရှိ ကြွားမနေဘူးနော်"

ကိုခင်မောင်က အတင်းကာရော လက်ခါပြရင်း ပြောပါတယ်။

မဆီမဆိုင် ကျွန်မကောင် ပြုံးမိသွားရဲ့။

"ဒါပေါ့ မမကြည်ရဲ့၊ တစ်ခါတစ်လေ ကိုယ်ချက်တာချည်းပဲ စားရတော့ ကိုယ့်ခင်ပွန်းချက်တဲ့ လက်ရာ ပြောင်းစားရတာပေါ့"

ကျွန်မရဲ့ ပြောစကားကြောင့် အစ်မကြည်ကြည်တင့်က ရယ်လိုက် ပါတယ်။

"ညီမလေးက ပြောင်းပြန် ပြောပြီ"

"ရှင်... ဘာဖြစ်လို့လဲ"

"ဒီလိုကွဲ... ကိုခင်မောင်က နေ့တိုင်း သူကိုယ်တိုင်ဈေးဝယ်တယ်၊ သူကိုယ်တိုင်ချက်တာယ်၊ နောက်ဖေးမီးဖိုချောင်ကိစ္စဘာမှ မမကြည်မလုပ်ရဘူး၊ သူက မလုပ်ခိုင်းဘူး၊ သားသမီးကလည်း မမကြည်တို့မှာ မရှိတော့ မမကြည်ကို လုလုကလေးသာနေတဲ့။ ဒါကြောင့် မမကြည်ကို ကြည့်ပါလား ဝယ် ဘောက်လှသလဲလို့"

အံမယ်... ဒါကျတော့လည်း မမကြည်က ဟုတ်လို့ ကြည်ကြည်တင့်တို့များ အပျိုဘဝကတည်းက ကြော့ကြော့လေးနေ၊

www.burmeseclassic.com

www.burmeseclassic.com



အခုယောကျ်ားရတော့လည်း ကံကကောင်းလို့။

ဘာမှမလုပ်ရဘဲ လင်ရှာပေးတာ စားရင်း အလုပြနေရုံပြ။

♣

မမကြည်ကို ကျွန်မမပြောတာ တစ်ခုတော့ ရှိတယ်။

အဲဒါက ဗိုက်ခေါက်နည်းနည်းထူလာပြီး ခါး တုတ်လာတယ် ဆိုတာလေ။

ဒီလိုပြောရင်လည်း မမကြည်ရဲ့ ခင်ပွန်း ကိုခင်မောင်က ကျေနပ် နေမှာပဲလေ။ သူက မမကြည်ကို ချစ်တာကိုး။

* * *

မမကြည်တို့ ဒီတစ်သက်မဆင်းရဲတော့ဘူးဆိုတာ ကျွန်မသိလိုက် ပြီ။

ဘာဖြစ်လို့လည်းဆို ကိုခင်မောင်က တကယ်ဟင်းချက်ကောင်း တာပဲ။ တကယ့်ကို နိုင်ငံခြားသဘောက စားဖိုမှူးပဲလို့။

ထမင်းဆိုင်ဖွင့်ရောင်းစားဦး၊ စားသုံးသူတွေနဲ့ လက်လည်မှာ မဟုတ်ဘူး၊ အရသာရှိတာကိုး။

♣

အဲ... အကယ် စိတ်ဆင်းရဲရတာက အဲဒီနေ့ နေ့လယ်မှ စတာ။

♣

နေ့လယ် နှစ်နာရီလောက်ရောက်တော့၊ မနေ့က ကိုယ်ခင်မောင်နဲ့ စကားပြောတဲ့ ကိုဖိုးကောက်ဆိုသူကတော နောက်ထပ် လူသုံးယောက် လောက်ပါ မမကြည်တို့ အိမ်ရောက်လာတယ်။

သူတို့ လက်ထဲမှာလည်း ဂျာနယ်တွေ ကိုင်လို့။ ဂျာနယ်ဆိုတာ အားကစားဂျာနယ်တွေပါပဲ။



ကိုခင်မောင်က စားပွဲပေါ်မှာ စာရွက်တစ်ရွက် ဖြန့်ခင်းလိုက်တယ်။ ကိုခင်မောင်နဲ့ ကျန်တဲ့လူလေးယောက်က ကိုခင်မောင်ဘောပင်နဲ့ ထောက် ပြတာကို မျက်တောင်မခတ် စူးစိုက်ပြီး ကြည့်နေကြတာက တိုက်ပွဲတစ်ခုကို စစ်ဆင်ရေးထွက်ဖို့ မြေပုံကြည့်နေတဲ့အတိုင်းပါပဲ။

ကိုခင်မောင်က တကယ့်ကို ကျောင်းဆရာ တစ်ဦးလို ရှင်းပြနေပါ တယ်။

"ဒီည ကန်မယ့် မန်ယူနဲ့ လီဗာပူးရဲ့ နိုင်ပွဲရှုံးပွဲ ဂရပ်ဖ်တွေပဲ ဟောဒီလို ဒေါင်လိုက်တက်တာတွေက လီဗာပူးနဲ့ မန်ယူရဲ့ဂိုးရှေ့ကို ရောက် တဲ့ ဘောလုံး ပိုင်ဆိုင်မှု... တွေ့လား"

"တွေ့တယ် ကိုခင်မောင်၊ ခဏခဏကိုတွေ့တာ မှန်တယ်ဗျာ၊ ကိုခင်မောင်က အခုလို ဂိုးရှေ့ကို မန်ယူနဲ့ လီဗာပူးရဲ့ ဘောလုံးပိုင်ဆိုင်မှု ကို ဇယားနဲ့ချပြတော့ စိတ်ထဲမှာ ဒေါသကိုထွက်ရောဗျို့၊ ဒီနှစ်သင်းက ဘောလုံး ဂိုးရှေ့သာ ရောက်တာ ဂိုးမှ မသွင်းနိုင်တာ၊ ကိုယ်က အပေါ်ထိုင် တော့ ကုန်ရော"

ကိုဖိုးကောက်ရဲ့ ဘေးနားက လူတစ်ယောက်က စိတ်ပျက်တဲ့ပုံစံနဲ့ ပြောလိုက်ပါတယ်။

"ဒီည... အဲဒါတွေ အားလုံး ခင်ဗျားပြန်ရတော့မယ် ကိုမျိုးမင်းယု"

"ကိုခင်မောင် ခင်ဗျားက ဘာကိုဆိုလိုတာလဲ"

"ဒီည လီဗာပူးကို ခင်ဗျားယုံလိုက်တော့"

"ကိုခင်မောင် ကြည့်လုပ်နော်၊ ဒီည ကန်မှာက မန်ယူကွင်းမှာ ပြီးတော့ ရှစ်လပွဲပယ်ထားတဲ့ ဖာဒီနန်က ပြန်ကန်မှာနော်၊ မန်ယူတစ်သင်း လုံး စိတ်ဓာတ်က တက်ကြွနေတာနော်"

ကိုမျိုးမင်းယု ဆိုသူက ကိုခင်မောင်ကို ရှင်းပြပါတယ်။ ကိုခင်မောင်က ဘယ်ခေပါ့မလဲ၊ ဗီရိုထဲက စာအုပ်တစ်အုပ်ကို ထုတ်လာ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။

"ကဲ… အပြောတွေ လျှော့ဦး၊ လာ… လာ… ပညာရပ်အသစ်တစ်ခုကို ဆက်ပြရဦးမယ်"

"ကိုခင်မောင်… ခင်ဗျားက ဒါ ဘာလဲဗျ ဗေဒင်စာအုပ်ကြီးပါလား"

ကိုဖိုးကောက်က ကိုခင်မောင့် လက်ထဲက စာအုပ်ကိုကြည့်ရင်း ဒိတ်ပျက်လက်ပျက်နဲ့ ပြောလိုက်ပါတယ်။

"ဟုတ်တယ်၊ ဒီစာအုပ်က ပရိုးမီးယားလိဂ် ပြိုင်ပွဲဝင်တဲ့ အသင်းတွေကို ဗေဒင်ဆန်းလဂ်တွေနဲ့ ကျွန်တော် တွက်ချက်ဖွဲ့သီထားတဲ့ ပရိုးမီးယား ဇာတာစာအုပ်၊ ဒီည မန်ယူနဲ့ လီဗာပူးကို ကျွန်တော် တွက်ကြည့်ပြီးပြီ၊ ဒါကြောင့် လီဗာပူးကို ခင်ဗျားတို့ လျှော့မတွက်နဲ့လို့ ပြောတာ"

"ကိုခင်မောင်… ဒီလောတ် အသေချာကြီး ဖြစ်ပါ့မလား"

"ကိုမျိုးမြင့်သူ – ခင်ဗျားက ကျွန်တော့်ရဲ့ ဆောလုံးဗေဒင်ပညာရပ်တိုမှ မသိသေးတာကိုး"

"ကဲ… ဒါဖြင့်လ ပြပါဦးဗျာ"

"ပြမယ်… နေပါဦး ကော်ဖီလေးနဲ့မှ ကောင်းတာ"

မမကြည်တို့များ ကိုယ့်ယောကျ်ားကို တကယ်အလိုက်သိတယ်လို့ ပြောရမှာပါပဲ။

ကြည့်လေ… ကိုခင်မောင်က ကော်ဖီလို့ ပြောရုံရှိသေး၊ ကျွန်မတောင် သတိမထားမိသေးဘူး၊ မမကြည်က ကော်ဖီဗန်းကိုင်ပြီး ကိုခင်မောင်တို့ရှေ့ကို လာပို့တယ်။

တကယ်လည်းလိုက်တဲ့ လင်မယား ဒါတောင် ကလေးမရှိလို့ ရှိလို့က သူတို့ သားသမီးလည်း ဒီလိုပဲနေမှာ။

♣



"ဟောဒီမှာ မဟာဘုတ်အရ… မန်ယူ ဇာတာက အောက်ရောက်နေတယ် တွေ့လား၊ ခင်ဗျားတို့ပြောတဲ့ ဖာဒီနန်ရယ်၊ နည်းပြ ဖာဂူဆန်ရယ်၊ မန်ယူရယ်က အားလုံးကြာသပတေးနံတွေချည်းပဲ တိုင်အောက်မှာတွေ့လား"

ကိုခင်မောင်က ကော်ဖီတစ်ကျိုက် မော့လိုက်သေးတယ်။

"နေဦး ကိုခင်မောင်… ခင်ဗျားပြောသလိုဆို ဒီလူတွေက ကြာသပတေးနံတွေ ဆိုပေမဲ့ သူတို့ရှေ့မှာ နာမည်က အရှည်တွေရှိသေးတယ်လေ။ ဖာဒီနန်ဆို ရီယိုဖာဒီနန်၊ ဆာအဲလက်စ် ဖာဂူဆန်လေဗျာ"

"ကိုဖိုးကောက်… ကော်ဖီကိုသောက်၊ မုန့်ကို ကုန်အောင်စားဦး၊ ခင်ဗျား မုန့်စားနေတဲ့ ဗလုံးဗထွေးအသံနဲ့ မပြောနဲ့"

ကိုခင်မောင့် စကားကြောင့် ကော်ဖီသောက် မုန့်စားနေတဲ့ ကိုဖိုးကောက်တစ်ယောက် ဘာမှ ဆက်မပြောတော့ပဲ၊ အလကားစားရတဲ့ မုန့်မို့လားမသိ၊ ကိတ်မုန့် နောက်တစ်ချပ် ထပ်စားပါတယ်။ ကျန်တဲ့ သုံး ယောက်လည်း ဘယ်ခေပါ့မလဲ၊ တကယ့် ကွန်မန်ဒိုလက်တွေအလား၊ ဆက်သွက်ချက်ကလည်း ကမ်းကုန်ပါပဲ။

"ဗေဒင် အခေါ်အရကြည့်ဗျာ၊ လီဗာပူးက တိုင်ထိပ်မှာ တွေ့လား၊ အထွတ်အထိပ်ရောက်နေတယ်။ အသင်းခေါင်းဆောင် ဂျရက်။ ပေါင်းရင် သူ့နာမည်က ခြောက်ရတယ်၊ တိုင်ထိပ်နဲ့က နဝင်းပဲ။ မန်ယူရဲ့ ထီးရိုးကို ကြည့်၊ ကျိုးနေပြီ၊ ဒီတော့ ထီးရိုးကျိုးတာရော တိုင်အောက်ရောက်တာရော မန်ယူရဲ့ ဘဝဟာ ကိုယ့်ကွင်းမှာ စုန်းစုန်းကို မြုပ်ရတော့မှာ"

ကျန်လေးယောက်က ဘာစကားမှ မဆို၊ အတန်ငယ်ငြိမ်သက်သွားပါတယ်။

မငြိမ်လို့ကလည်း မရ၊ စားထားသောက်ထားတာတွေက ပြောင်စလင်းခါနေပါပြီ။

"ဟောဒီမှာကြည့် ဂဏန်းသုံးလုံး၊ နှစ်လုံး ဖယားနဲ့ ကြည့်ရင် လီဗာပူးက သုံးပင်တစ်ပင်ဖြစ်နေတယ်။ သုံးပွဲကစားရင် နှစ်ပွဲရှုံးချင်

www.burmeseclassic.com

www.burmeseclassic.com



ရှုံးမယ်၊ နှစ်ပွဲသရေ တစ်ပွဲရှုံး၊ ဒါမှမဟုတ် နှစ်ပွဲနိုင် တစ်ပွဲရှုံးမယ်၊ ဒီတော့ သုံး ပွဲကန်ရင် တစ်ပွဲနိုင်ခြေရှိတယ်။ မန်ယူရဲ့ အဝိုင်ကလည်း သုံးပင်တစ်ပင်။ ဒီတော့ သုံးပင်တစ်ပင်ချင်း ဘယ်သူသာလဲ၊ ယှဉ်ကြည့်တော့ ဇာတာမှာ တိုင်ထိပ်ရောက်တဲ့ အသင်းက သာတာပဲ၊ ဒါကြောင့် လီဗာပူးလို့ပြောတာ"

"ကိုခင်မောင်ကတော့ ထပ်ကုန်ဖို့ ခွင်တွေပြင်ပြီထင်တယ်"

"ကိုသန်းလွင် ဒီည— ဒီပညာရပ်တွေအကြောင်းခင်ဗျား သဘော ပေါက်လာမှာပါ။ ဂိုးဘယ်သူသွင်းမယ် ထပ်ပြောရင်တောင် ခင်ဗျား အံ့ အားသင့်ဦးမယ်"

"ဟ— ဒါဆို လုပ်ပါဦးဗျာ၊ ဘယ်သူသွင်းမှာလဲ၊ ဘယ်နှဂိုးလဲ၊ ဖိုးကဝ်အတွက်ပေါ့"

ကိုသန်းလွင်က အားတက်သရောမေးလိုက်ပါတယ်။

"ကျွန်တော် ပြောရင် အံ့သြသွားမှာ ပေါင်းခြင်း ခြောက်ဆထန်းရတဲ့ ဘားရိုစ်ကစ်က သွင်းမှာ၊ တစ်ဂိုးပဲ သွင်းပြီး ကပ်နိုင်မှာ နည်းပြကလည်း ဘင်နီးဂက်ဇ်ဆိုတော့ သူ့နာမည်မှာ နာမသဘောအရ တက်ဇ်ဆိုတာ ပါတော့ ဒီည လီဗာပူးရဲ့အောင်ပွဲပဲ။ ဒါကြောင့် လီဗာပူး အကျီကို ဝတ်ပြီး ဒီည အောင်ပွဲခံစွာနဲ့ ကြည့်မယ်"

ကိုခင်မောင်တို့ စကားဝိုင်းကတော့ နေ့လယ်ထဲက စလိုက်တာ ညနေ ၅ နာရီထိုးပါတော့မယ်။

မမကြည်တစ်ယောက် ရေနွေးအိုး ခဏခဏ ချပေးရတာကော၊ ဆေးလိပ် တစ်ဘူးပြီး တစ်ဘူး ထုတ်ပေးရတာကောနဲ့ မနားရပါဘူး။

အိမ်ရဲ့ ဧည့်ခန်းထဲမှာလည်း မီးခိုးငွေ့တွေ ရထားထွက်တဲ့အတိုင်း ပါပဲ။

ဆေးလိပ်ပြာမှုန့်တွေကလည်း ပွစာကျဲလို့။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး စောင့်ရှောက်ရေးသာ မြင်



ရင် တရားစွဲပြီ။

♣

ကျွန်မအတွက်တော့ အဲဒီညဟာ မှတ်မှတ်ရရ ညတစ်ညဖြစ်ခဲ့ ရပါတယ်။

* * *

အိပ်မယ်လို့ ကြံကာ ရှိတုန်း ဆူဆူညံညံအသံတွေကြောင့် ကျွန်မ ထနိုးသွားတယ်။

"လာဟော့... မနက်တစ်နာရီခွဲမှာ ကန်မှာဆိုတော့ သူတို့ ကြိုတင် ဆွေးနွေးတဲ့အကြောင်းတွေ Hight Light တွေ ကြည့်ရတာပေါ့၊ မိန်းမက ကော်ဖက်သုတ်ထားပေးတယ်"

ကိုခင်မောင်ရဲ့ အားရဝမ်းသာ ဖိတ်ခေါ်သံ ကြားရတယ်။ သချာပြီ ဘောလုံးပွဲ လာကြည့်တဲ့သူတွေပဲ ဖြစ်ရမယ်။

ဆူဆူညံညံ အသံတွေနဲ့ အိပ်လို့တော့ရမှာ မဟုတ်တော့ဘူး ဆိုတာ ကျွန်မ သိလိုက်ပြီ။

♣

"ဒေါက်..."

"ဒေါက်... ဒေါက်..."

ကျွန်မ အခန်းတံခါးကို ခေါက်ပါတယ်။

"ကြွေကြွေ... ညီမလေး အိပ်လို့ရလား၊ ညီမလေးကို မမကြည် အားနာလိုက်တာ၊ ဒီမနက် စောစော ဘောလုံးပွဲရှိလို့ ကိုခင်မောင်နဲ့ မိတ် ဆွေတွေ ဘောလုံးပွဲလာကြည့်တာလေ၊ ညီမလေးလည်း အိပ်လို့မရရင် လာလေ၊ မမကြည်နဲ့ ကော်ဖီသောက်တာပေါ့၊ ဘောလုံးပွဲ ကြည့်ရမယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



သေသာ ကျွန်မသေပစ်လိုက်ချင်ပါတယ်။ မမကြည်တို့များ ကိုခင်မောင်ရဲ့ မယားလို့မပြောရဘူး။

သူ့ဘာသာသူ ဘောလုံးပွဲကြည့်ပါလား။ ကျွန်မကို ဘောလုံးပွဲဝါသနာပါမှန်းမသိ မပါမှန်းမသိနဲ့ မေးတောင် မမေးတော့ဘူး။

"လာပြီ မမကြည်ရေ"

ကျွန်မလည်း ဆက်ပြီး အိပ်မရတော့မယ့် အတူတူမထူးတော့ဘူး တစ်ခါမှ မနက်တစ်နာရီလောက် မိန်းမသားတန်မယ့်စလောင်းကလာတဲ့ ဘောလုံးပွဲကို မကြည့်ဖူးတာမို့ ဖြစ်ချင်ရာဖြစ်ကြည့်မယ်လို့ ဆုံးဖြတ်လိုက်တယ်။

♣

ကိုခင်မောင်တို့ လူစု နေ့လယ်က ပြောနေတဲ့ မန်ချက်စတာယူနိုင်တက်နဲ့ လီဗာပူးအသင်းတို့ ဘောလုံးကန်တာကို ကြည့်မိတော့မှ ကိုခင်မောင် ရဲ့ နေ့လယ်က ရှင်းပြတာတွေကို ကျွန်မပြန်ကြားယောင်မိရင်း ပြုံးမိလို့နေပါ တယ်။

* * *

ဘောလုံးပွဲ ကြည့်သူက ကိုခင်မောင် အပါအဝင် လေးယောက်ရှိတယ်။

ကိုခင်မောင်က လီဗာပူးအသင်းဝတ်စုံကို ဝတ်ပြီး တီဗီရှေ့ကနေ ထိုင်ပြီးကြည့်နေတာ။

အံမယ်... ဘောလုံးပွဲကြည့်တဲ့ လူတွေ စားသောက်ဖို့ လက်ဖက်သုတ်ကော၊ ကော်ဖီမစ်ခွက်ကော၊ ရေနွေးအိုးကော ဆေးလိပ်ဘူးကော...။

မမကြည်တို့များ အလှူလုပ်နေတဲ့အတိုင်းပါပဲ။ ဘိုးဘိုးတို့ ဖေဖေတို့ မေမေနဲ့ ဘွားဘွားသာမြင်ရင် သြချရမှာ။ ကိုမင်းနိုင်ဦးသာ



မကြည်နဲ့ ကိုခင်မောင်တို့နဲ့သာ ဒီလိုမျိုးဆိုရင်ပြီးပြီ။

"အလွန်ဆို... ဟ... ဘောလုံးကို ဘာဖြစ်လို့ ဂိုးထဲတန်းမကန်ဘဲ၊ နောက်က ဂါစီယာကို ပေးရတာလဲ၊ ဒီလောက်ကြီးလွတ်နေတာ"

"ဟာ... တော်ပါသေးရဲ့၊ ရွန်နီကန်တာ ဘေးထွက်သွားလို့ဟ"

"အံမယ်... ဖာဒီနန်က ဒီနေ့မှ စကန်ပြီး ဟုတ်နေလို့"

ဘောလုံးပွဲကြည့်နေရင်း အထပ်ပါ စကားသံတွေက ကိုခင်မောင်ဆီကနေ အဆက်မပြတ် ထွက်ပေါ်နေတာပါ။

ဘောလုံးပွဲကလည်း တကယ်ကြည့်လို့ ကောင်းမှကောင်း၊ သူတစ်ပြန်ကိုယ်တစ်ပြန်နဲ့။ ရိုက်တာတွေကလည်းတကယ်ရှယ်။

ဘောလုံးပွဲ ကြည့်လေ့ကြည့်ထမရှိတဲ့ ကျွန်မတောင် နည်းနည်းစိတ်ဝင်တစားဖြစ်လာပါတယ်။

"ကိုခင်မောင်... ခင်ဗျားပြောတော့ လီဗာပူးက တိုင်ထိပ်မှာဆို၊ အခု မန်ယူကချည်းပဲ တောင်လျှောက်ဖိနေတာပဲ"

ကိုဖိုးကောက်က ဆေးလိပ်မီးညှိရင်းပြောလိုက်ပါတယ်။

"ကြည့်နေပါဗျာ... ဂိုးစသွင်းမှာ ဘယ်သူလဲဆို၊ အချိန်တန်တော့ သိမှာပေါ့။ ကျွန်တော့် ပညာရပ်ကို ကျွန်တော်ယုံတယ်"

ကိုခင်မောင်က လက်မထောင်ရင်းပြောလိုက်ပါတယ်။

"ဘင်နီတက်ဇ်နဲ့ဗျာ ဘာဖြစ်လို့ ဘာရီစ်ကိုStriker တိုက်စစ်မှူး လုပ်ခိုင်းတာလဲ မသိဘူး"

ဆက်လက်ပြီး ကိုခင်မောင်ရဲ့ တဗျစ်တောက်တောက်နဲ့ စကားသံထွက်လာပါတယ်။

"ဂိုး!... ဂိုး!... ဒါမှ ဂျွန်အိုရှီးယားဟ"

မကြာပါ။ ကိုမျိုးမင်းယုက ထအော်ပါတယ်။ တကယ့်ကို လက်သီးလက်မောင်းတန်းပြီး ထအော်တာပါ။

တီဗီက အနေးပြကွက်မှာ မန်ယူအလယ်တန်းက ဖြတ်ပို့ပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဘောလုံးကို အလယ်တန်း အစွန်က ဂျွန်အိုရှီးယားက လီဗာပူးဘက် ဂိုးသွင်းလိုက်တာပါပဲ။

"ဘယ်လိုလဲ ကိုခင်မောင်"

"ကြည့်ပါဦး ကိုဖိုးကောက်ရယ်၊ ဘာဖြစ်ဦးမလဲလို့"

ကိုခင်မောင်က ဝမ်းနှုတ်ဆေး စားထားတဲ့ မျက်နှာမျိုးနဲ့ ရှုံ့မဲ့ရင်း ပြောလိုက်ပါတယ်။

"ဒီနေ့ညမှကွာ လီဗာပူးက ဘယ်လိုဖြစ်ရတာပါလိမ့်"

"ကိုခင်မောင်… ခင်ဗျားရဲ့ ထီးရိုးနဲ့တိုင် ကျိုးပြီထင်တယ်။ ဂရပ် ကျတဲ့ခွင်ကလည်း ကွက်တိပဲဗျို့"

ကိုဖိုးကောက်က လှမ်းကလိလိုက်ပါတယ်။

"ကိုဖိုးကောက်ရေ"

"ဘာလဲ ကိုမျိုးမင်းယုရဲ့"

"လီဗာပူး၊ ထီးရိုးကျိုးရင် ထီးပြင်တဲ့လူ အန်းဖီးလ်ကွင်းကို လွှတ် ပေးလိုက်ပါဗျာ"

"လွှတ်ပေးရမှာပေါ့၊ ဒါနဲ့ တိုင်ကျိုးတာကကော"

"ဒါများလွယ်ပါတယ် ကိုဖိုးကောက်ရာ၊ လက်သမားနဲ့ ပြန်ပြီး တိုင်ဆက်လိုက်ပေါ့"

ကိုခင်မောင်ရဲ့ထံမှ ဘာစကားမှ မကြားရ။ ဟိုနှစ်ယောက်ကတော့ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် နောက်ရင်းကိုခင်မောင်ကို ကလိနေ ပါတယ်။

"ရှင်တို့က ကိုခင်မောင် ပြောတာကို အဟုတ်မှတ်နေတာကိုး၊ သူက သူထင်တာပြောနေတာ"

မမကြည်ကလည်း သူ့ယောကျ်ားဘက် ဘက်လိုက်မလားမှတ် တယ်။ သူကလည်း ဟိုဘက်က ခပ်ပါပါ။

"မကြည်ကြည်တင့်က ဘာလို့ ကိုယ့်ယောကျ်ားဘက်က



…မပြော တာလဲ"

ဘောလုံးပွဲကြည့်သူထဲက တစ်ဦးက မကြည်ကြည်တင့်ကို မေး …ိုက်ပါတယ်။

"အမယ်လေး… ကိုခင်မောင်ဘက်ကတော့ မလိုက်ပါရစေနဲ့ …င်း ကြောင့် ကျွန်မမိတ်ကပ်ဖိုး စုထားတာတွေ၊ ပါတိတ်ဝယ်ဖို့ …ထားတာတွေ ဒီလို ဗေဒင်နဲ့ ဂရပ်ဖ်အတွက်ကောင်းလို့ ကုန်ပြီလေ၊ …ပါစေ"

မမကြည်က အဲဒီလိုပြောတော့ ကိုခင်မောင်က–

"ဒီမိန်းမနဲ့များကွာ… ကိုယ့်ယောကျ်ားဘက်ကများပြောမလား …တ် တယ် တစ်ခါတည်း တန်း အရှက်ခွဲတော့တာပဲ"

"အရှက်ခွဲတာ မဟုတ်ပါဘူး။ ယောကျ်ားရယ် ဂုဏ်တင်ပေးတာပါ။ …ယောကျ်ားရဲ့ ပညာရပ်တွေ မှန်သထက်မှန်လာအောင်လေ"

ကျွန်မခမျာ သူတို့ဖြစ်အင်တွေကြည့်ရင်း ရယ်မိပါလေရဲ့ လင်နဲ့ …ယား ဒီလို တစ်ယောက်နဲ့တစ်ယောက် ပြောကြတာတောင် ရန်မဖြစ်ကြလို့ …ပါ။

ဘောလုံးပွဲ ပထမပိုင်း ပြီးတဲ့အခါမှာတော့ လီဗာပူးက …စ်ဂိုးရှုံးနေ ဆဲပါ။

ကိုခင်မောင် တစ်ယောက်ဟော့ ဗီရိုကိုဖွင့် နေ့လယ်က …ဒင်တွက် တဲ့ စာအုပ်ကိုယူပြီး ပြန်ကြည့်နေပါတယ်။

"ကိုခင်မောင်… ဘာလဲ ခင်ဗျား ဟောတာလွဲနေလို့ ပြန်ကြည့်တာ …ား"

"ပြန်ကြည့်တော့လည်း မလွဲဘူး ကိုဖိုးကောက်ရ၊ လီဗာပူးက …ိုင်ထိပ်မှာပဲ"

ဒီတစ်ခါ ကိုမျိုးမင်းယုက ကပျာကယာနဲ့–

"ကိုခင်မောင်တော်ပါဗျာ၊ ဒီဗေဒင်စာအုပ်ကြီး ပိတ်ထား

www.burmeseclassic.com

www.burmeseclassic.com



လိုက်စမ်းပါ မန်ယူကလည်း ယတြာတွေ ဘာတွေ လုပ်ချင်လုပ်ထားမှာ ပေါ့ဗျ"

"ဖြစ်နိုင်တယ် ကိုမင်းယု ဖာဂူဆန်ကို ခါတိုင်းပွဲတွေမှာ သတိထ ကြည့်မိတာ ပီကေကို သုံးခါတောင် ထုတ်ပြီးဝါးတာတွေ့တယ်၊ ဒါဖာဂူဆန်ရဲ့ ယတြာပဲ ဖြစ်ရမယ်"

ကိုခင်မောင့်စကားကြောင့် ကိုဖိုးကောက်က–

"ကိုခင်မောင်တို့ကတော့ လုပ်ချလိုက်ပြန်ပြီဗျာ၊ ဟိုက သူ့ဘာသ သူ ပီကေကြိုက်လို့ ဝါးတာကို"

"နေဦး... ကိုဖိုးကောက်၊ အခုမှ ကျွန်တော် သတိထားမိတယ်၊ နေ့လယ်က ယတြာကိစ္စထည့်မပြောမိဘူး။ လီဗာပူးသာ ကျွန်တော်ပြောတဲ့ ယတြာလုပ်ရင် ပွဲသိမ်းတယ်"

"ဘာ...ယတြာလဲဗျ"

"ဒီလို ကိုဖိုးကောက်ရေ၊ ဒူးရင်းသီး တစ်လုံးကို လီဗာပူး နည်းပြ ဘာနဲ့ကက်စ်ဘာ သက်နဲ့ ကိုင်ထားရမှာ ဘောလုံးကစားနေတုန်းပေါ့"

"ဟား... ဟား..."

ကိုခင်မောင့် စကားကြောင့် ရယ်သံတွေက ပြိုင်တူထွက်လာပါ တယ်။

ကျွန်မရဲ့ မျက်စိထဲမှာတော့ ကျွန်မစောစောကမြင်နေရတဲ့ လီဗာပူ နည်းပြက ဘောလုံးပွဲကို ညွှန်ကြားနေရင်း ကျန်တဲ့ လက်တစ်ဖက်က ဒူးရင်းသီးကိုင်နေတဲ့ပုံကို မြင်ယောင်နေမိပါတယ်။

အတော်ကို အကြည့်ရဆိုး၊ အခံရခက်မှာ။

♣

ဘောလုံးပွဲကို ဒုတိယပိုင်းက စတော့လည်း ပထမပိုင်းလိုပဲ ကြည့် လို့ကောင်းပါတယ်။

ဒါပေမဲ့ လီဗာပူးက မန်ယူကို ဂိုးမသွင်းနိုင်ပါ။ ဒီလိုနဲ့ ပွဲပြီးတော့ မန်ယူအသင်းက လီဗာပူးကို တစ်ဂိုးတည်းနဲ့ နိုင်သွားပါတယ်။

ဘောလုံးပွဲ ဒုတိယပိုင်းစတော့ ကြည့်ကတည်းက ဘာသံမှ ထွက်တဲ့ ကိုခင်မောင်တစ်ယောက် ဘောလုံးပွဲပြီးတော့မှ လီဗာပူး အသင်းကို သူအားပေးမိတဲ့အတွက် သံဝေဂ စကားဆိုပါတယ်။

"လီဗာပူးအသင်းက ဘာနဲ့ တူသလဲဆိုတော့ ဆယ်တန်းကို ခဏကျတဲ့ ကျောင်းသားလိုပဲ စာမေးပွဲ ဖြေတိုင်း ခဏခဏကျလို့ တွေ က ဒေါသထွက်ပြီး မဖြေနဲ့လို့ ပြောပေမဲ့ စာမေးပွဲဖြေတဲ့ ချိန်နားရောက် လာရင် ကိုယ့်သားသမီးအောင်လို့အောင်ငြား ဖြေခိုင်းရပြန်၊ အောင်စာရင်း ထွက်တော့ သင်းက နဂိုအတိုင်း ဒုံရင်း ဒုံရင်းပဲ၊ ယ်တွေလည်း လီဗာပူး အားပေးရတာ အဲဒါလိုဖြစ်နေပြီ"

သူ့စကားကို နားထောင်သူတွေက ပြုံးပြုံးကြီးလုပ်ရင်းအိမ်ပေါ်က သွားပေမဲ့ သူတို့ ဘောလုံးပွဲကြည့်ရင်း စားတဲ့သောက်တဲ့ ပန်းကန်တွေ တွေကို မကြည့်ကြည်တင့်တစ်ယောက် ဆေးရ၊ ကြောရ။ ကျွန်မက ည်း မနေနိုင်လို့ တံမြက်စည်းလှည်းရနဲ့ မနက် သုံးနာရီလောက်ရောက်မှ ဖြစ်ပါတယ်။

အဲ့ဒီလို အိပ်နေတုန်း အိပ်ပျော်ခါစပဲ ရှိပါဦးမယ်။

♣

"ဒုန်း"

"ဝုန်း"

"ဂိုး"

"အမယ်လေး... ကိုခင်မောင်ရယ်... နာလိုက်တာ"

ဆူဆူညံညံ အသံတွေကြောင့် အိပ်ပျော်ခါစ ရှိသေးတဲ့ ကျွန်မ ရာက လန့်နိုးလာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘာများဖြစ်သလဲလို့ မမကြည်တို့ အခန်းရှေ့ ပြေးသွားမိပါတယ်

"မမကြည် ဘယ်လိုဖြစ်တာလဲ အလန့်တကြားနဲ့"

ကျွန်မက မေးလိုက်တော့ မမကြည်က အခန်းတံခါးကို ဖွင့်ရင် ထွက်လာပါတယ်။ လက်က ခါးကို ဖိထားလို့ မျက်နှာကလည်း နည်းနည်း ရှုံ့မဲ့နေလို့။

"ဘာဖြစ်ရမှာလဲ ကြွေကြွေရယ်၊ ကိုခင်မောင်ပေါ့။ သူက ဒီလို ဘောလုံးပွဲကောင်းတွေကြည့်ပြီးတဲ့ ညဆို သူကြည့်တဲ့ ဘောလုံးပွဲကို အိပ်တဲ့ အခါ ပြန်ပြန်ယောင်တတ်တယ်။ သူကိုယ်တိုင် အိပ်မက်ထဲမှာ ဘောလုံးကန် နေသလိုဖြစ်ပြီး ယောင်ရင်းက ခြေထောက်နဲ့ ဘောလုံးကန် သလို ကန်တတ်တာ ဒီည မမကြည်က ညီမလေး ကြွေကြွေလည်းရှိတော့ သတိလက်လွတ် သွားတယ်၊ အဲဒီလို ဘောလုံးပွဲကောင်းမျိုးဆို မမကြည် ဘောလုံးပွဲ ပြီးရင် အတူတူသူနဲ့ မအိပ်ဘူး ယောင်ပြီး အကန်ခံရမှာ နိုးလို့"

"ဟိုက်" လို့ ကျွန်မ မအော်မိရုံပါပဲ။

"မမကြည်ရဲ့ ခါးကို ဦးအုန်းစိန် ဒဏ်ကျေလိမ်းဆေးလေး လူး ပေးပါဦးကွယ်… ခါးက နာလာလို့"

မမကြည်ရဲ့ ခါးကို ဒဏ်ကျေဆေး လူးပေးပြီးတော့ မမကြည်ရဲ့ ကျွန်မနဲ့ အတူလာအိပ်တော့ ချက်ချင်းအိပ်လို့ မရသေးဘဲ စကားတွေ ပြောရင်းက ငါးနာရီလောက် ရောက်မှပဲ ကျွန်မအိပ်ပျော်သွားပါတယ်။

မမကြည်ကတော့ ပြောမနေနဲ့ ဟောက်တောင်ဟောက်နေပါ တယ်။

* * *

မမကြည်ကော ကျွန်မကော အိပ်ရာက နိုးလာတော့ မနက်ကိုးနာရီ ရှိပြီ။

ကိုခင်မောင်တောင် ဈေးကပြန်လာလို့ ဟင်းတွေ ထမင်းတွေ ချက်တာ အတော်တောင် ခရီးပေါက်နေပြီ။

"ဗျို့… ကိုခင်မောင်"

အိမ်ရှေ့ကနေခေါ်သံကြားတော့ ကိုခင်မောင်က နောက်ဖေးမီးဖို ချောင်ကနေ ထွက်လာပါတယ်။

"ကိုမျိုးမင်းယုတို့ ကိုဖိုးကောက်တို့ပါလား"

"ဟုတ်တယ် ကိုခင်မောင် ညနေစာ ခင်ဗျားအိမ်မှာ မစားနဲ့ ကျွန်တော်တို့ ဒီညနေအပြင်မှာ စားမယ်၊ ခင်ဗျားကို စပါယ်ရှယ်ဂုဏ်ပြုချင် လို့"

"အိုကေ… ကိုမျိုးမင်းယု ခင်မောင်တို့က ဒါမျိုးဆို လက်မနှေးဘူး"

နောက်တော့ ကိုခင်မောင်က မီးဖိုချောင်ထဲ ပြန်ဝင်ချက်နေပြုတ် နေတော့တာပဲ။

မနက်စာ ထမင်းကလည်း ဖွယ်ဖွယ်ရာရာ အရင်နေ့တွေလိုပါပဲ စားလို့ ကောင်းမှကောင်း။

♣

ညနေကျတော့ ကိုခင်မောင့်သူငယ်ချင်းတွေက လာခေါ်တယ်။ ရှိုးစမိုးဂိုက်အပြည့်နဲ့ ဝတ်စားပြီး ကိုခင်မောင် ပါသွားလေရဲ့။ ညကိုးနာရီလောက်ရောက်တော့ ကိုခင်မောင် ပြန်လာတယ်။ တိဗီ က ကိုးရီးယားကားတောင် မလာသေးဘူး။

ဒီတော့မှ အဖြစ်မှန်ကို သိရတော့တယ်။

♣

"ဒီလူတွေက စားသောက်ဆိုင်မှာ ကိုယ့်ကို အဝကျွေးပြီးမှ ပြောတာ။ ကိုခင်မောင်ရယ် နောက်ကိုလည်း ဗေဒင်တွေဂရုပ်ဖ်အကျတွေ၊

www.burmeseclassic.com

www.burmeseclassic.com



တိုင်ထိပ်တို့၊ ထီးရိုးတို့ ဘောလုံးကန်ငယ်အသင်းတွေကို တွက်ပေးပါဦး မနေ့က ငါတွက်ပေးတဲ့ဟာ၊ ရှင်းပြတဲ့ဟာကို သင်းတို့က ကောင်းကောင်းနားထောင် ရင်း ပြောင်းပြန်သွားလုပ်လိုက်တယ်တဲ့ နိုင်မယ့်တစ်ဂိုးတောင် ပြောင်းပြန် အဖြစ် ဖိုးကပ်လုပ်တယ်တဲ့။ ခိုင်သွားတယ်တဲ့။ နောက်ပွဲစဉ်တွေကျလည်း ဟောပေးပါဦးတဲ့။ ကြည့်—ဒါကိုယ့်ပညာကို စော်ကားတာ"

အဲဒီလိုပြောပြီး နောက်တစ်နေ့လည်း ရောက်ရော ကိုခင်မောင်ရဲ့ အိမ်မှာ စာတန်းတစ်ခု ထပ်တိုးလာပါတော့တယ်။

**ဘောလုံးပွဲအကြောင်းပြောပါ၊ ဆွေးနွေးပါ၊ ဘောလုံးနှင့် ပတ်သက်၍ ဆက်စပ်ပြီး ဤအိမ်မှာ လှူဒ်တွဲ မဆွေးနွေးပါနှင့် အထက်ပါ အတိုင်း မလိုက်နာပါက ဤအိမ်တွင် ဘောလုံးပွဲကြည့်ရှုခြင်းကို ရက်အကန့်အသတ်မရှိ ပိတ်ဝင်မည်။**

* * *

**နည်းပညာခေတ်မှာမှ
သတင်းတွေစားသုံးပြီး
စောတ်သည်ပြန်မချရရင်
ရိုက်ခဲရာကျသူ
ဖြစ်တော့မှာပေါ့။**

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

ကျွန်မလည်း မေမေနဲ့ ဘိုးဘိုးရဲ့ အကြံပြုချက်အရ အစ်မတွေရဲ့ နေအိမ်တွေ လှေလာလိုက်တာ ကျွန်မအထက်က အစ်မတစ်ယောက်ဖြစ်တဲ့ လှိုင်လှိုင်တင့်တို့အိမ်ပဲ ကျန်ပါတော့တယ်။

လှိုင်လှိုင်တင့်နဲ့ ကျွန်မက အထက်နဲ့အောက်ဆိုတော့ စကားပြော တာ နင်နဲ့ငါ ပြောကြတဲ့ သူတွေပေါ့။

သူ့ယောကျ်ားကိုကြီးအောင်ကို လက်ထပ်ဖို့ ဆွေးနွေးတုန်းက လည်း ကျွန်မကို ဦးဆုံးတိုင်ပင်ခဲ့တာ။

လှိုင်လှိုင်တင့်နဲ့ ကိုကြီးအောင်က သမီးရည်းစား ဘဝကတည်းက ချစ်လို့သာချစ်၊ အခု ညားလို့သာညားလာတာ၊ တစ်ယောက်နဲ့တစ်ယောက် ဝါသနာ စရိုက်၊ ဝတ်တာ စားတာ မတူရေးချ မတူ။

ကိုကြီးအောင်က စာဖတ်ဝါသနာပါတာ တက္ကသိုလ်မှာကတည်း က စာအုပ်ဆို ဘာစုသလဲ မမေးနဲ့။



လှိုင်လှိုင်တင့်က စာအုပ်ဆို ကျောင်းစာတောင် မဖြစ်လို့ ဖတ်ရတာ။ စာဆို စာကလေး ငှက်ကော၊ စာကလေးခွေတောင် လှည့်မကြည့်ချင်သူ။

ဒါပေမဲ့ ဖူးစာပါတော့ ညားတာပဲ။ ပြီးတော့ ရှိသေးရဲ့။ မတူတာ ပြောင်းပြန်ဖြစ်နေတာလေ။

စပ်စုငယ်ဆိုတာ တကယ်တော့ မိန်းမသားတို့ရဲ့ ဝါသနာဆိုပေမဲ့ ဒီဝါသနာက ဘယ်လိုလို့ ကိုကြီးအောင်ဆီရောက်သွားတယ်မသိ။ ကိုကြီးအောင်မှာ စပ်စုတတ်တဲ့ ဝါသနာက ရှိသေးရဲ့။

ယောကျ်ားတွေ စပ်စုတာ ဝါသနာပါလို့ကတော့ ကိုယ်ကျိုးနည်း ပြီးလို့။

♣

"ကဲ ပြောပါဦး၊ ကြွေကြွေတင့် ဘယ်လိုဖြစ်လို့ အခုမှာ လာလည်ရတာလဲ"

ဧရိုးရောက်မဆိုက်ခင်မှာလည်း လှိုင်လှိုင်တင့်ရဲ့ ယောကျ်ား ကိုအောင်က မေးတော့တာပါပဲ။

"အစ်မတွေ အိမ်မလည်ဖြစ်ဘူးလေ၊ ဒီတော့ သက်သက်အလည် ထွက်တာ ဆိုပါတော့ တခြားနေရာတွေ သွားရင်ငွေကုန်မယ်လေ အခုတော့ အစ်မတွေအိမ် တစ်အိမ်ချင်းစီလည်ပြီး စားရုံပဲ"

အဖြစ်မှန်ကို ပြောလို့က မဖြစ်တော့ ဒီလိုပဲ ကြည့်ကောင်းအောင် ပြောလိုက်မိပါတယ်။

ဒါပေမဲ့ ဒီမှာတင် မပြီးသေးပါ။

"ကြွေကြွေတင့်ရဲ့ တစ်ခြား အစ်မတွေကော ဘယ်လိုလဲ စီးပွားရေး ကောင်းရဲ့လား"

"ကောင်းကြပါတယ်။"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကောင်းတာလဲ စားနိုင်သောက်နိုင်ရှိ ကောင်းတာလား ဒါမှမဟုတ် အလျှံအပယ်ပဲလား"

"အလျှံအပယ်ပေါ့"

မေးခွန်းက ထပ်မေးလာတာ ကျွန်မအဖို့ ကိုကြီးအောင်ကို သိပ် စိတ်မရှည်ချင်တော့။

"ဘယ်လိုအလျှံအပယ်လဲ ကြွေကြွေတင့်ရဲ့ သဘောကကွယ်၊ တစ်နေ့ကို ဟင်းဘယ်နှမျိုးနဲ့ စားသလဲဆိုတာက ရှိသေးတယ်လေ"

သေချာပါပြီ ကိုကြီးအောင်ရဲ့ စပ်စုတတ်တဲ့ ဇက မပျောက်သေး ဘူးဆိုတာ။

"ကိုကြီးအောင် ကြွေကြွေတင့်က အခုမှ ရောက်တာ ရှင်ကလျှောက် မေးနေတာနဲ့ စိတ်ညစ်သွားဦးမယ်"

လှိုင်လှိုင်တင့်က အတင်းဝင် တားလိုက်ပါတယ်။

" မဟုတ်ပါဘူးကွာ၊ ဗဟုသုတရအောင်ပေါ့"

ကိုကြီးအောင်ရဲ့ ဗဟုသုတများကလည်း ကျွန်မအဖို့ အလုပ် အင်တာဗျူး ဖြေနေရတဲ့အတိုင်းပါပဲ။

"ဗျို့ ကိုကျော်ထွေး... ဘယ်လဲ"

ရုတ်တရက်ဆိုသလို ကျွန်မနဲ့ စကားပြောနေတုန်းမှာပဲ ကိုကြီးအောင်က အိမ်ရှေ့ကနေ ဖြတ်လျှောက်သွားတဲ့ လူ တစ်ယောက်ကို လှမ်းနှုတ်ဆက် လိုက်ပါတယ်။

"ဖိနပ်ဝယ်ပြီး ပြန်လာတာဗျာ"

လက်ထဲမှာ ဆင်ကြယ်ဖိနပ်တစ်ရန်ကို ကြွပ်ကြွပ်အိတ်နဲ့ ထည့် လာတဲ့ လူတစ်ယောက်က ကိုကြီးအောင် စကားကို ဖြေရင်း အိမ်ထဲဝင်လာ ပါတယ်။

"ကိုကြီးအောင်ရာ ပြောမပြောချင်ဘူး၊ မနေ့က ရပ်ကွက်ထဲက မွေးနေ့ပွဲများသွားပါတယ်။ ဗျာ... ဖိနပ်အခိုးခံလိုက်ရတယ်လေ။ ဒါကြောင့်



ဖိနပ် ဝယ်ပြီး ပြန်လာတာ။ တော်တော် အောက်တန်းကျတယ်ဗျာ"

"ဟ... ဟုတ်လား၊ ဘယ်သူ့အလှူလဲ အလှူရှင်ကကော ဘာပြော လဲ။ ခင်ဗျားလိုပဲ ကျန်တဲ့လူတွေကော ပျောက်သေးလား"

ရေတံလျှောက်က ရေတွေ ဒလဟောကျလာသလို ကိုကြီးအောင် ရဲ့ မေးခွန်းတွေက တရစပ်ဖွတ်ထွက်ပါတယ်။

"ဟိုဘက်လမ်းက ကိုတရုတ်ကြီးရဲ့ မြေးလေး မွေးနေ့ဗျာ။ ကျွန်တော့်မှာ အလှူရှင်ကော ပြောနေဖို့ နေနေသာသာ ဖိနပ်မပါဘဲ အိမ်ကို သုတ်ခြေတင်ပြန်ပြေးရတာ။ လမ်းမှာတွေ့တဲ့သူတိုင်းက ဖိနပ်မပါဘဲ။ ပြန် လာတဲ့ ကျွန်တော့်ကိုမေးလို့ ရှက်ရတာက တစ်မျိုး။ အိမ်ရောက်တော့ မိန်းမက ဖိနပ်တောင် မပျောက်အောင် မလုပ်နိုင်ဘူး လားဆိုပြီး ဗျစ်တောက် ဗျစ်တောက်ပြောလို့ ရန်တောင် ဖြစ်ရော"

ကိုကြီးအောင်က ကိုကျော်ထွေးရဲ့ စကားကို နားထောင်ရင်း ခေါင်း ကို ပွတ်လိုက်ပါတယ်။

"ဒါပေမဲ့ ကျွန်တော်တို့ မြန်မာ့လူ့အဖွဲ့အစည်းဟာ သိပ်ခက်တယ်။ ကျူရေးက ဘယ်သူမှလိုက်မမီဘူး။ ဥပမာကြည့် ရပ်ကွက်မှာ စုပေါင်း စားခံရှင်ပြုတို့၊ ကထိန်တို့ ဘယ်လောက်ကောင်းလဲ တစ်နေ့ကို အာစိဏ္ဏကံ ပြီး တစ်နှစ်ပြည့်တဲ့အခါကျမှ စုပေါင်းလှူကြတာ။ အဲ... မဏ္ဍပ်ဖျက်တော့ မှ ရန်ဖြစ်ကြတာ။ ဘယ်သူက ငါးသလောက်ပေါင်းကြွပ်ကြွပ်အိတ်နဲ့ ထည့် ပြီး အိမ်သယ်တာ၊ ဘယ်သူက ကြက်သားဟင်းပိုယူတာနဲ့ နောက်ဆုံး ရန်ဖြစ်ကြရော၊ အဲ... အသုဘကျတော့ကော ရပ်ကွက်နာရေးအသင်း တွေက အသင်းဝင်တွေဆီက ငွေကောက်ခံပြီး နာရေးရှင်ကို ကူညီတယ်။ ဘယ် လောက်ကောင်းတဲ့ ယဉ်ကျေးမှုလဲ။ ဒါပေမဲ့ ရက်လည်ဆွမ်းသွတ်တဲ့ နေ့ကျ တော့ မုန့်ဟင်းခါးတဝတပြစ်စားပြီးပြန်တော့ ဖိနပ်ခိုးပြန်ရော။ ရေ သောက်ရေအိုးစင်တွေ ထားတာကကော။ မောပန်းတဲ့လူတောင် အဆာပြေ ရေသောက်လို့ရတယ်။ ရေသောက်သူခများ လန်းဆန်းသွားရော။ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



သောက်ရေခွက်ကျတော့ သံကြိုးနဲ့ ချည်ထားရပြန်ရော။ ရေခွက်ခိုးမှာ စိုးလို့လေ ဒါက မြန်မာ့ယဉ်ကျေးမှုကို ဖျက်နေတာ"

"ဟုတ်တာပေါ့ဗျာ၊ ဟုတ်တာပေါ့"

ကျောင်းဆရာ တစ်ယောက်လို လက်နှစ်ဖက်ပိုက်ပြီး ရှင်းပြနေတဲ့ ကိုကြီးအောင်ရဲ့ စကားကို နားထောင်နေတဲ့ ကိုကျော်ထွေးဆိုသူက ဖိနပ်ကို လက်မှာကိုင်ရင်း ဟိုကြည့်ဒီကြည့်နဲ့ လုပ်နေပါတယ်။

သူ့ပုံစံက ဒီအိမ်ထဲ ဝင်လာတာ မှားလေတဲ့ ပုံစံမျိုးနဲ့ပါ။ ဒါကို ချက်နှာရိပ် မျက်နှာကဲ မသိသူက ကိုကြီးအောင်။

"ဒီတော့... ယဉ်ကျေးမှုချင်း နှိုင်းယှဉ်တော့ ဟိုးအိန္ဒိယ လူ့အဖွဲ့အစည်းမှာဆို လူတွေက"

"ကိုကြီးအောင် အဲဒီအိန္ဒိယက လူတွေအကြောင်း နောက်မှပြောမယ်နော်။ ဟဲ... ဟဲ... ဖိနပ်က မိန်းမပိုက်ဆံထဲက ပြန်ဝယ်ရတာဆိုတော့ မိန်းမက ဖိနပ်ဝယ်ပြီးပြီးချင်းသူ့ကို လာပြရမယ်တဲ့၊ ဒါကြောင့် နောက်မှ နားထောင်မယ်သွားပြီ"

"နေဦးလေဗျာ ဒီလူ့အဖွဲ့အစည်းဆိုတာက ခင်ဗျားသိရမယ် ကိုကျော်ထွေးရေ..."

"နေ နေ ကိုကြီးအောင် နောက်မှ သိမယ်"

ကျွန်မခမျာ အဲ့ဒီမြင်ကွင်းကို ကြည့်ရင်းက ရယ်ချင်လိုက်တာ ဆိုတာ။

ဟိုက နားမထောင်ချင်ပါဘူးဆိုတာ အတင်းရှင်းပြ ပြောချင်နေတဲ့ ကိုကြီးအောင် အိမ်ရှေ့ကို ပြေးလိုက်သွားတာ ကံကောင်းလို့ အုတ်နီခဲနဲ့ ခလုတ်တိုက်ပြီး ချော်လဲတော့မလို့။

ကျွန်မအဖို့ လှိုင်လှိုင်တင့်တို့ ယောကျ်ားယူတာ တော်လိုက်တာလို့

* * *



"တကယ်တော့ လင်နဲ့မယားဆိုတာ တစ်ယောက်နဲ့ တစ်ယောက် တာဝန်ကို ညီမျှခွဲဝေယူခြင်းပဲ ကြွေကြွေတင့်ရဲ့"

"ယောကျ်ားရေ... ပြောတာလည်းပြော... ဒီဘက်... ဒီဘက် ညာ ပခုံးကို တံတောင်နဲ့ ကြိတ်ပါဦး"

ဟုတ်ပါတယ် ကိုကြီးအောင် ပြောသလို လင်နဲ့မယား တစ်ယောက် တစ်ဝက်တာဝန်ယူပုံများ ဖေဖေတို့ မေမေတို့ ပြချင်ရဲ့။

လှိုင်လှိုင်တင့်က ကျွန်မကို လက်ဖက်သုတ်ကျွေးရင်း ယောကျ်ား ဖြစ်သူ ကိုကြီးအောင်ကို နှိပ်ခိုင်းနေတာလေ။

ကိုကြီးအောင်ကလည်း မိန်းမရဲ့ ညီမရှေ့မှာ နှိပ်နေတာကို ရှက်ရ ကောင်း မရှက်တဲ့အပြင် ဂုဏ်တောင်ယူနေလို့။

"ကိုကြီးအောင်နဲ့ လှိုင်လှိုင်တင့်က ကလေးလည်း မရသေးဘူး။ ဒီတော့ အိမ်မှာ ဆည်းလည်းဆိုတဲ့ သားသမီးရှိရမယ်လေ ဒီလိုမရှိတော့ ခြောက်သွေ့မနေဘူးလား။ ပြီးတော့ လင်နဲ့မယား ရန်ဖြစ်တာမျိုးကော မရှိဘူးလား"

ကျွန်မက လက်ဖက်သုတ် တစ်ဇွန်းကို စားရာမှ မေးလိုက်ပါတယ်။

"သားသမီးဆိုတာ ယူရမှာပေါ့ ကြွေကြွေတင့်ရဲ့ ကလေးအတွက် ငွေကတည်းက ကျောင်းနေရတဲ့အထိ သူ့ဘဏ်စာစ်သက်တာ ကောင်းစား အောင်က ရှိသေးတယ်လေ ဒီတော့ ငွေစုနေတာ ကိုကြီးအောင်က ရုံးက အရာရှိလစာပဲရှိတော့ ကလေးမယူဖြစ်သေးတာပေါ့။ ကဲ ယောကျ်ားရယ် ဟိုဘက်ပုခုံးလေး ပြောင်းနှိပ်ပါဦး"

"အေးပါကွာ မင်းကလည်း"

လှိုင်လှိုင်တင့်က ယောကျ်ားကို သိပ်ခိုင်းတတ်လိုက်တာ။ ကျွန်မရဲ့ အမေးကို ဖြေရင်း ကိုကြီးအောင်ကို နှိပ်ခိုင်းတာလေ။

"ဒီလို ကြွေကြွေတင့်ရဲ့ နင့်အစ်မနဲ့ ငါတို့ဒီနေ့ထိ လက်ထပ်ပြီး ကတည်းက တစ်ခါမှ လင်မယားချင်း ရန်မဖြစ်ဖူးဘူး။ အဲဒါ ဘာဖြစ်လို့လဲ

www.burmeseclassic.com



သိလား။ နင့်အစ်မ ငါ့မိန်းမကို ငါဖတ်ဖူးတဲ့ အကြောင်းအရာလေးကို ပြောပြခဲ့လို့။ မိန်းမကိုယ် ပြောပြလိုက်မယ်နော်"

"ပြောပြလိုက်ပါ ယောကျ်ားရယ်... သြော်... ယောကျ်ား ကျောခုံးလေးကို တံတောင်နဲ့ သာသာလေးနှိပ်နော်"

"အေးပါကွာ"

လှိုင်လှိုင်တင့်တို့များ လွန်ကိုလွန်တယ်။ တော်တော် ခိုင်းတတ်မိန်းမ။ ဟိုက တစ်ဆက်တည်းဆိုသလို ဂျွန်မပြောမိတာ မှားများမှားပြီလားလို့။

ဟို ကိုကြီးအောင်က လေတော့ရှည်တော့မှာ။

"ရုပဗေဒသိပ္ပံပညာရှင်ကြီး အဲလဘတ်အိုင်စတိုင်းက သူ့မိန်းမနဲ့ သူ့ရဲ့နှစ်ငါးဆ သိမြောက် မင်္ဂလာနှစ်ပတ်လည် အခမ်းအနားကို ကျင်းပတယ်။ သူတို့နှစ်ဦးဟာ အိမ်ထောင်သက် နှစ်ငါးဆယ်အတွင်းမှာ တစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်တာ စကားများတာမျိုး မရှိကြဘူး။ နောက်ဆုံးကွာ မီးတစ်ခြစ် ခြစ်လိုက်သလိုမျိုး စိတ်ကဆတ်ခနဲ တိုတာလောက်မျိုးတောင်မရှိတော့ မိတ်ဆွေသင်္ဂဟတွေက မေးကြတာပေါ့။ သူတို့ ဇနီးမောင်နှံ နှစ်ယောက်ရဲ့ ဘဝဟာ ဘာကြောင့် ဒီလောက်တောင်ငြိမ်းချမ်းသလဲပေါ့။ ဒီအခါ အိုင်စ်တိုင်းကရှင်းပြတယ်။ သူနဲ့ ဇနီးဖြစ်သူက တစ်ဦးနဲ့တစ်ဦး သဘောတူထားတာ ရှိတယ်တဲ့။ တစ်ယောက်နဲ့ တစ်ယောက် တစ်ပြိုင်နက် တည်း စိတ်တိုတာတို့၊ စိတ်ဆိုးတာတို့ မရှိကြေးတဲ့။ တကယ်လို့ တစ်ယောက် က စိတ်တိုခဲ့ရင် တစ်ယောက်က ငြိမ်ငြိမ်လေး ရှိနေရမယ်တဲ့။ အဲဒီလို ကတိစကားကို အတူတူထားခဲ့ကြတာတဲ့။ ဇနီးဖြစ်သူက ဆုံးဖြတ်ချက် အနည်းငယ် ချနေတဲ့အချိန်မှာ အိုင်းစတိုင်းက ဆုံးဖြတ်ချက် ကြီးကြီးမားမား တွေ ချတယ်။ အဲ... ဇနီးဖြစ်သူက ဆုံးဖြတ်ချက်ကြီးကြီးမားမားလုပ်နေချိန် မှာ သူက ဆုံးဖြတ်ချက်သေးသေးမွှားမွှားလေးတွေကို လုပ်နေတယ်တဲ့။ ဒီတော့ သူ



ရမ်းစိတ်ဆိုးရင် ဇနီးဖြစ်သူက ချော့တယ်။ ဇနီးဖြစ်သူက စိတ်ဆိုးရင တည်း သူကပြန်ချော့တယ်တဲ့။ ဒီလိုနဲ့ နှစ်ယောက်သား နားလည် မှုတွေ ားရင်းဘာပြဿနာမှ မဖြစ်ဘဲနဲ့ နှစ်ငါးဆယ်မင်္ဂလာခရီးကို ဖြတ် န်းလာတာတဲ့"

ကိုကြီးအောင်တို့များ ဟော်လိုက်တာ စကားကိုပြောနေရင်း ျွန်မရဲ့ အစ်မ လှိုင်လှိုင်တင့်ကို နှိပ်ပေးနေတာ လက်မညောင်းဘူးလား သိ။

"ဟုတ်တယ် ကြွေကြွေတင့် ကိုကြီးအောင်က ငါ့ကို လက်မထပ်ခင် တည်းက အဲ့ဒီလို ကတိတောင်းခဲ့တာဟ"

ကျွန်မကတော့ ဘာမှ မပြောဘဲ ပြုံးနေမိပါရဲ့။

♣

"ဟဲ့... ကိုယ့်ပိုက်ဆံနဲ့ကိုယ်ရှိလို့ ဝတ်တာစားတာ ဘယ်သူ့ စိုက်ရမှာလဲ။ သူများဝတ်တာစားတာ မနာလိုတဲ့ဟာတွေ"

"ဘယ်သူမှ လင်ငယ်ပေးတဲ့ ဟာနဲ့စားတာသောက်တာ ငါတို့က လိုစရာမရှိဘူး ကောင်မငါ့ကို ဒီလိုမပြောနဲ့"

အပြင် ဘေးပတ်ဝန်းကျင်က အော်ကြီးဟစ်ကျယ်နဲ့ ရန်ဖြစ်တဲ့အသံ ကျွန်မရော ကိုကြီးအောင်ရော၊ လှိုင်လှိုင်တင့်ပါ ကြားနေရတယ်။

"မိန်းမရေ... နေဦး၊ ပြန်လာမှ ကိုယ်ဆက်နှိပ်ပေးမယ် ယ်သူတွေ ရန်ဖြစ်ပါလိမ့်"

ဝါသနာများ တားမရဆိုတဲ့ အတိုင်းပါပဲ။ လှိုင်လှိုင်တင့်ကို င်ရင်း ကျွန်မကို စကားပြောနေတဲ့ ကိုကြီးအောင် တစ်ယောက်အိမ်ပေါ်ကနေ မ်းမကို ပြေးဆင်းသွားလေရဲ့။

♣

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူတွေလဲ ယောကျ်ားရဲ့"

"အလကားပါကွာ ခတ်ဆီဆိုင် မန်နေဂျာရဲ့ မိန်းမကွာ လင်ငယ်နေတာလေ အဲဒါအားလုံးသိတာပဲ။ ဒါကိုနတ်ကတော် ကိုစိန်မြရဲ့ ညီမခင်မြင့်သန်းက သွားရန်ဖြစ်တာ"

အဲ့ဒီနောက်တော့ လှိုင်လှိုင်တင့်တို့ အိမ်မှာသာ ရက်ကြာကြာနေရင် ဂျာနယ်တို့၊ မဂ္ဂဇင်းတို့၊ တီဗီတို့တောင် ကြည့်စရာမလို ဖတ်စရာမယ်တော့ဘူး။

စီအင်န်အင်န်သတင်းဌာနကြီး ကိုကြီးအောင် ရှိနေတဲ့ဟာ။

* * *

ဖတ်ထားတဲ့
စာအုပ်တွေထဲက
အသိတွေကို
ပြန်အသုံးချသင့်သလောက်
အသုံးမချဘဲ
ဦးနှောက်ထဲမှာ
ဒီအတိုင်း သိမ်းထားလို့တာ
စာရေးတဲ့ ပညာရှင်တွေကို
မလေးစားရာကျမယ်
ထင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com

(၁၁)

ဒီနေ့နည်းနည်းအေးတယ်။ မိုးက ဖွဲဖွဲလေးရွာနေတာလည်း ပါတာ ပေါ့လေ။

ဒီလိုမိုးလေးဘဖွဲဖွဲ ရွာနေချိန်မှာ လွမ်းဖို့တော့ ကောင်းသား။

လွမ်းဆိုလို့ ဒိုတစ်ယောက် ကျွန်မချစ်သူ ကိုမင်းနိုင်ဦးကတော့ ကျွန်မကို လွမ်းမယ် မသင်ပါဘူး။

သူငယ်ချင်းတွေနဲ့ ရွာသမျှ ပိုက်ဆံ သုံးနေဦးမှာ။

သူငယ်ချင်းတွေကလည်း ဝိုင်းစားကြပြီး သူ့ကိုမြှောက်ပေးနေဦး… ပဲ။

"ကြွေကြွေတင့်… မိုးစက်တွေကို ကြည့်ပြီး ကေန္တ ချစ်သူမောင်… လွမ်းတယ်ထင်ရဲ့"

ကျွန်မရဲ့ အတွေးကို ဘယ်လိုလို့များ ကိုကြီးအောင် သိနေပါလိ… လက်ထဲမှာ ထီးတစ်ချောင်းကို ကိုင်ထားပြီး ကိုကြီးအောင်က မေးလိုက်တ… ပါ။

"မဟုတ်ပါဘူး။ ကိုကြီးအောင်ရယ်"



ကျွန်မက မုသာဝါဒကို သုံးမိလိုက်တယ်

"ဒီလို မိုးလေး တဖွဲဖွဲရွာတဲ့ အချိန်မှာ ချစ်သူကို မိန်မသားဖြစ်ဖြစ် …ယောက်ျားလေးပဲဖြစ်ဖြစ် လွမ်းတတ်ကြတာပဲ။ အထူးသဖြင့် မိန်းကလေး …တွက ပိုလွမ်းဝယ်လေ။ ဒါကြောင့် မေရှင်က သီချင်းလုပ်ဆိုတာပေါ့။ …ာတဲ့ မိုးလေးဖွဲဖွဲသည်းလို့သာပင် ညနေရီ နေရီရီလေ တမ်းတပါပဲလေ …ပြီးတော့…"

"ကိုကြီးအောင် တော် သွားစရာရှိတာ သွားလေ၊ တော်ကြာ …ပါ သည်းလာဦးမယ်"

တော်ပါသေးတယ်။ လှိုင်လှိုင်တင့် ရောက်းခလာမြန်လို့။

"အေးပါကွာ…၊ ဒီမှာ ရှင်းပြနေတာပါ"

အဲဒီနောက်တော့ ကိုကြီးအောင် တစ်ယောက် ထီးကိုင်ပြီးလမ်း …ပ်ဘက် ထွက်သွားပါတယ်။

"လှိုင်လှိုင်တင့်… ကိုကြီးအောင်က ဘာသွားဝယ်တာလဲ"

"သွားဝယ်တာမဟုတ်ဘူး၊ ကြွေကြွေတင့်ရေ ဒီနေ့လို ရုံးပိတ်ရက် …ဆို သင်းက ထီးတစ်ချောင်းနဲ့ အရပ်ထဲ လှည့်ာယ်။ သူငယ်ချင်း …မ်ပွေကော လက်ဖက်ရည်ဆိုင်ကော မကျန်စေရ ူး။ သတင်းစုဆောင်း …ယ်လို့ သူကပြောတာပဲ၊ စုဆောင်းတာမဟုတ်ဘူး လိုက်စပ်စုတာလေ။ …ဒါကိုက သူ့ဝါသနာပဲ တားလို့မရဘူး"

လှိုင်လှိုင်တင့်ကတော့ ဘာမှ မဖြစ်သလိုနဲ့ နောက်ဖေး မီးဖိုချောင် …ကို ဝင်သွားတယ်။

တော်ပါသေးရဲ့လို့ ကျွန်မရဲ့ ချစ်သူ ကိုမင်းနိုင်ဦးကျတော့ ဒါမျိုး …ပျင့်မရှိလို့။ အဲဒီလို လှုတကာအကြောင်း လိုက်စပ်စုနေချိန်မှာ သူက …ရှာနေတော့ ကျွန်မအဖို့ ချီးကျူးချင်စိတ်တောင်ဖြစ်လာရဲ့။

စောစောတုန်းက သူ့အပေါ် ချစ်တဲ့စိတ်နဲ့ စိတ်ဆိုးမိတာလေးကို …ောင် စိတ်မကောင်းဖြစ်မိသွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဩော်… ချစ်တော့လည်း ကျွန်မတို့ မိန်းမသားများခမျာ
ခက်သား လို့။

* * *

မနက်ကတည်းက ဖွဲဖွဲကလေးရွာနေတဲ့ မိုးဟာ နေ့လယ်ကျတော့ သည်းလာပါတယ်။ လှိုင်လှိုင်တင့်နဲ့ ကျွန်မ မနက်စာတောင်စားပြီးသွားပါပြီ။ ဒါပေမဲ့ ကိုကြီးအောင် ပြန်မလာသေးဘူး။

"လှိုင်လှိုင်တင့် နင့်ယောကျ်ားက ဒီနေ့ ရုံးပိတ်ရက်မျိုး သွားရ… တစ်နေကုန်ပဲလား၊ ထမင်း ပြန်မစားတော့ဘူးလား"

ကျွန်မက သိချင်လို့ မေးလိုက်ပါတယ်။

"ဒါလား ကြွေကြွေတင့်ရယ်၊ ကိုကြီးအောင်က သူစပ်စုတဲ့ သတင်း တော့များရင် ညနေမှ ပြန်လာတတ်တာ ကြုံရာမှာ စားတယ်… တစ်ခါ တလေ သတင်းနည်းနည်းပါးပါးပဲ စပ်စုလို့ရရင် နေ့လယ်လော… ပြန်လာ တယ်။ တစ်ခါတလေ ရှားရှားပါးပါး ဘာသတင်းမှ စပ်စုလို့မရရင်ချက်ချင်း ပြန်လာတတ်တာ။ အခုလောက်… ပြန်မရောက်လာရင် ဒီသတင်းစပ်စုဖို့ အတော်အသင့် ရလို့ဖြစ်မယ်"

"အံ့ပါရဲ့ လှိုင်လှိုင်တင့်ရယ်"

"မအံ့ဩနဲ့ဦး… သူက သတင်းကို စပ်စုရုံနဲ့ မပြီးသေးဘူး အကျိုး နဲ့ အကြောင်းနဲ့ စပ်စုလို့ရတဲ့ သတင်းအပေါ်မှာ ရှင်းပြတာ ရှိသေးရဲ့။ လက်ဖက်ရည် တိုက်ပြီးတော့ ကို… သူဖတ်ထားမှတ်ထားတာတွေနဲ့ကို အသေး စိတ် ရှင်းပြတာ"

လှိုင်လှိုင်တင့် စကားနားထောင်နေတဲ့ ကျွန်မ လမ်းမဘက်လှ… ကြည့်တော့ ကိုကြီးအောင်နဲ့ လူငယ်နှစ်ယောက် ထီးကိုယ်စီဆောင်းပြီး အိမ်ထဲကို ဝင်လာပါတယ်။

"မိန်းမရေ… ကိုယ် ထမင်းမစားတော့ဘူး၊ အပြင်မှာ စားလာခဲ့…



ကော်ဖီနှစ်ခွက်လောက် ဖျော်ကွာ… ဧည့်သည်ပါတယ်"

"လာ… အထဲကိုလာကွာ"

ဆောင်းလာတဲ့ ထီးတွေကို ပိတ်ပြီး တံခါးပေါက်နားမှာ ထောင် လိုက်ပြီး ကိုကြီးအောင်နဲ့ လူငယ်နှစ်ယောက်က ဧည့်ခန်းမှာ ထိုင်လိုက်ပါ တယ်။

"ညီလေးရာ မင်းအကြောင်းမကြားရတာ အတော်ကြာပြီလို့ စော စောကတောင် လက်ဖက်ရည်ဆိုင်မှာ မင်းရဲ့ဦးလေးနဲ့တွေ့တုန်း ပြောခဲ့တာ၊ အခု မင်းနဲ့လမ်းမှာ တွေ့ရတော့ သိပ်ကိုအံ့ဩသွားတာ"

"မအံ့ဩနဲ့ ကိုကြီးအောင် ကျွန်တော်လည်း စီးပွားဖြစ်မလားလို့ နယ်မှာ အလုပ်သွားလုပ်တာ ရှိတဲ့ အရင်းအနှီးပါကုန်ရော"

"ငါကြားတယ် ညီလေး၊ မင်း နယ်မှာ ကုန်ရောင်းကုန်ဝယ်သွား လုပ်တယ်၊ သူဌေးဖြစ်မှ ပြန်လာမယ်ဆိုပြီး ကြွေးကြော်သွားတာလေ"

ကိုကြီးအောင်နဲ့ လူငယ်တစ်ဦး အပြန်အလှန်စကားပြောတာကို ကျန်တဲ့ လူငယ်လေးတစ်ဦးက နားထောင်နေပါတယ်။

"ကိုကြီးအောင် သူက ကျွန်တော့် သူငယ်ချင်း ဝဏ္ဏထွန်းလေ၊ သူလည်း ကျွန်တော်နဲ့နယ်မှာ စီးပွားရေးလုပ်ရင်း ကံတူအကျိုးပေးတယ်လို့ ပြောရမှာပဲ။ တစ်ခါတည်း ပါတာလေးတွေ ပြောင်ပါလေရောလား"

"ဟုတ်တယ် အစ်ကို… ကျွန်တော့်ကို ဒီကောင်သိန်းထွန်းဖေ ခေါ်တာနဲ့ စီးပွားရေးလုပ်လိုက်တာ ကုန်ရော"

သူတို့သုံးယောက် စကားကောင်းနေတုန်း လှိုင်လှိုင်တင့်က ကော်ဖီ ခွက်လာချပေးပါတယ်။

"ညီလေးတို့ တစ်တွေ သိပ်ကံကောင်းတယ်၊ အခုလို လမ်းမှာ မိုးရွာနေတုန်း အစ်ကိုနဲ့တွေ့တာ အစ်ကို ပြောပြမယ် ဒီလိုကွ…"

ဝဏ္ဏထွန်းနဲ့ သိန်းထွန်းဖေဆိုတဲ့ လူငယ်နှစ်ဦးက ကိုကြီးအောင် ဘာပြောမလဲလို့ ကော်ဖီသောက်ရင်း နားစွင့်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကတော့ မသိမသာ အကဲခတ်နေရင်းက သိလိုက်ပြီ။ စောစောက လိုင်လိုင်တင့် ပြောသလို ကိုကြီးအောင် တစ်ယောက် သူဖတ်ထားမှတ်ထားတာတွေနဲ့ အသေးစိတ်ရှင်းပြတော့မယ်လို့။

ဟိုနှစ်ယောက်ခမျာ အလုပ်လုပ်လို့ စီးပွားရှုံးရတဲ့အထဲ အနုနားပါဦးရတော့မယ်။

♠

"စီးပွားဆိုတာ အခုလို ညီလေးတို့ ငယ်တဲ့အရွယ်မှာရှာတယ်၊ မဖြစ်ဘူး၊ ရှုံးတယ် ဒါက လောကနိယာမပဲဟာကွာ။ မြတ်ချင်မြတ်မယ် ရှုံးချင်ရှုံးမယ်၊ ဘာဖြစ်လဲ။ အစ်ကိုဖတ်ဖူးတဲ့ စာစုတစ်ခုကို ပြောပြမယ်"

လူငယ်နှစ်ယောက်က ကိုကြီးအောင် မျက်နှာကိုမော့ကြည့်ပါတယ်။

ကျွန်မကြည့်ရတာ လူငယ်နှစ်ယောက်ခမျာ ထီးဆောင်းလာပေမဲ့ မိုးမိလို့ အင်္ကျီတွေစိုပြီး ချမ်းနေတယ် ထင်ပါရဲ့။

ကိုကြီးအောင်ကတော့ သူ့ဝသီအတိုင်း မေးပွတ်လိုက်ရင်းကသူ့ရဲ့ မပြီးဆုံးတဲ့ ရှင်းပြချက်ကို ရှင်းပြနေပါတယ်။

"တစ်ခါတုန်းက လူတစ်ယောက်ဟာ စီးပွားရေးလုပ်ငန်းတွေအရှုံးပေါ်လို့ ဖျက်သိမ်းခံရပြီး ငွေကြေးတွေ ဆုံးရှုံးတယ်ပေါ့ကွာ။ ဒါကို သူက စိတ်ဓာတ်မကျဘူး။ သူ့မှာ ဘာကျန်သေးသလဲဆိုပြီး သူကစဉ်းစားရင်းက စာရွက်လွတ်တွေပေါ်မှာ သူ့မှာ ကျန်ရှိသေးတဲ့ အရာမှန်သမျှ ချရေးတယ်။ သူ့မိသားစုအပေါ်သူက စောင့်ရှောက်မှု၊ သူ့မိသားစုက သူ့အပေါ် ချစ်မြတ်နိုးမှု၊ သူ့ရဲ့ကျန်ရှိတဲ့ ခွန်အား၊ သူ့ရဲ့ကျန်းမာတဲ့ ခန္ဓာ၊ သူ့ရဲ့လွတ်လပ်မှု၊ သူ့ရဲ့ ဉာဏ်ပညာနဲ့ ပြည့်စုံတဲ့ စိတ်ဓာတ်၊ သူ့ရဲ့ မိတ်ဆွေသင်္ဂဟတွေ သူ့မှာဖြစ်လာနိုင်သေးတဲ့ အရာတွေ။ အဲဒါတွေအားလုံးကို စာရွက်ပေါ် မှာ တစ်ခုမကျန် ချရေးပြီးတော့ သူ့ဘဝမှာ ဘာဆုံးရှုံးသေးလို့လဲ၊ ဒီလို ကျန်ရှိတဲ့အရာတွေနဲ့ လုပ်ငန်းကို အသစ်က



ပြန်စမယ်ဆိုပြီး အစကနေ လုပ်ငန်းကို အားသွန်ခွန်စိုက်ပြန်လုပ်တာ သူ့ရဲ့ အကောင်းမြင်စိတ်ဓာတ်ကြောင့် ပြန်လည် ချမ်းသာသွားတယ်။ ဒီတော့ ညီလေးတို့လည်း စောစောကလုပ်ငန်းရှင်လိုပဲ ကိုယ့်မှာ ဘာကျန်သေးလဲ၊ စာရွက်လွတ်တွေထဲမှာ ချရေး၊ ပြန်လုပ်ကြည့်ပါ။ အောင်မြင်မှာ ကိုယ့်မှာ ဘာကျန်သေးလဲဆိုတာသာ စဉ်းစား"

ကျွန်မသတိထားမိတာကတော့ ကော်ဖီခွက်နှစ်ခွက်စလုံး လူငယ်နှစ်ယောက်သောက်ပစ်တာ ဘာမှ မကျန်တော့တာ ပါပဲ။

လူငယ်နှစ်ယောက်လည်း မိုးမိလို့ အတော်ချမ်းနေပုံပါပဲ။

"အဲ... အစ်ကို စာရွက်ယူပေးမယ်၊ ညီလေးတို့ စာရွက်ပေါ်မှာ ညီလေးတို့ ဘာကျန်လဲ ချရေးကြည့်"

"ကိုကြီးအောင် ကျွန်တော်တို့ အိမ်မှာ စာရွက်ထဲ ချရေးပြီးမှ ကိုကြီးအောင်ကို လာပြတော့မယ်၊ အခု ကျွန်တော်တို့နှစ်ယောက်စလုံး တော်တော်ချမ်းနေပြီ။ တော်ကြာ အအေးပတ်ဖျားမှာ စိုးလို့ သွားပြီ ကိုကြီးအောင် သွားပြီ"

သိန်းထွန်းဖေဆိုတဲ့ ကောင်လေးဟာ ဝဏ္ဏထွန်းဆိုတဲ့ ကောင်လေးကို အတင်းဆွဲခေါ်ပြီး ထီးနှစ်ချောင်းကိုယူပြီး အတင်းပြေးဆင်းထွက်သွားပါတယ်။

"တွေ့လား ကြွေကြွေတင့်စာတွေထဲက ဖတ်တဲ့အသိက ဘယ်လောက်အကျိုးပြုသလဲဆိုတာ အခုဒီနှစ်ယောက်ကို ဥပမာပေးနိုင်တာကြည့်လေ"

ဒုက္ခပါပဲလို့ ကျွန်မဘက် လှည့်လာပြန်ပြီ။

"ကိုကြီးအောင်... ရှင်ဟာလေ"

"ဟိုကောင်လေးနှစ်ယောက်က နားထောင်ချင်မှန်းမသိ ဘာမသိနဲ့။ မိုးမိလာလို့ သူတို့ ဒီလောက်ချမ်းပြီး ပြန်ချင်ဘာကို ရှင်ကလျှာရှည်ပြီး ရှင်းပြနေသေးရဲ့။ သူတို့မှာ သူတို့အကြောင်းနဲ့ သူတို့စီးပွားရှုံး

www.burmeseclassic.com

www.burmeseclassic.com



တာက တစ်မျိုး၊ ဒီကြားထဲ ရှင်တိုက်တဲ့ ကော်ဖီနှစ်ခွက်ကို သောက်ထားတော့ အားနာနာနဲ့ နားထောင်နေရတာကို ရှင်က မသိ၊ ခက်ပါရဲ့တော်၊ ဒီလောက်မိုးရွာတာ တောင် ရှင်ကစကားကြောထပ်ရှည်ချင်သေးရဲ့။ စာရွက်တွေဘာတွေပေးပြီး ကလေးတွေကို စာမေးပွဲ စစ်သလိုမျိုး လုပ်ဦးမလို့"

လှိုင်လှိုင်တင့်က အဲ့ဒီလို ဝင်ပြောတော့ ကိုကြီးအောင်ထံက ဘာ စကားမှ မကြားရ။

"ဗျို့... ကိုကြီးအောင်... ကိုကြီးအောင်"

"ဟာ... ဦးငြိမ်းပါလား"

အိမ်ရှေ့ကနေ မိုးရေထဲမှာ ထီးဆောင်းရင်း အသက်ငါးဆယ်အရွယ် အမျိုးသားတစ်ဦးက လှမ်းခေါ်တာပါ။

"ကိုကြီးအောင်ရေ... သတင်းထူးတယ်"

"ဘာသတင်းလဲဗျ"

ကိုကြီးအောင်က အဲ့ဒီလို မေးရင်းက ထီးဆောင်းပြီး အိမ်ရှေ့လမ်းမကို ဆင်းသွားပါတယ်။

♣

မိုးရေထဲမှာ ဦးငြိမ်းနဲ့ ကိုကြီးအောင်တို့နှစ်ယောက် ထီးဆောင်းပြီး လက်ဟန်၊ ခြေဟန်၊ မဲ့ကာ၊ ရွဲ့ကာနဲ့ အမူအရာအမျိုးမျိုးပြောနေလိုက်ကြတာ ဘေးကဖြတ်သွားတဲ့ လူအချို့က သူတို့ကို ပြုံးစိစိနဲ့ ကြည့်သွားတာတောင် ဂရုမစိုက်အား။

"အဲ့ဒါသာ ကြည့်တော့ ကြွေကြွေတင့်ရေ... ငါ့ယောကျ်ားကိုကြီးအောင် ဘယ်လောက် စပ်စုတာ ဝါသနာပါတယ် ဆိုတာ တွေ့ပြီလား၊ မိုးရွာထဲတောင် ထီးဆောင်းပြီး ဝါသနာတူ နှစ်ယောက် ပြောနေကြတာလေ"

ကျွန်မအဖို့ အဲ့ဒီမြင်ကွင်းကိုကြည့်ရင်း ဩော်...လို့နှုတ်က မြွက်ဟ



ရုံမှတစ်ပါး ပြောစရာမရှိတော့ပါ။

♣

ယောကျ်ားများ ပြောပါရဲ့။ သူတို့များ အတင်းအဖျင်းစပ်စုတာ စိတ်ဝင်စားလို့ကတော့ ကျွန်မတို့ မိန်းမတွေ ဘယ်လိုမှ အာကာသယဉ်နဲ့ လိုက်ရင်တောင် မမီပါလားလို့။

* * *

www.burmeseclassic.com

www.burmeseclassic.com

သူများပြောတာကို
နားထောင်ပေးခြင်းဟာလည်း
ပြောသူအတွက် "အား" ဖြစ်စေပြီး
နားထောင်သူအဖို့လည်း
လောကနိတိနဲ့ ညီညွတ်ပါ၏။

(၁၂)

ဒီနေ့တော့ ကိုကြီးအောင် တစ်ယောက် ငြိမ်ရျက်သားကောင်းလို့ နေပါတယ်။

ကြည့်ရတာ မိုးကရွာလိုက် တိတ်လိုက်မို့ အပြင် မထွက်တာ ဆင်ပါရဲ့။

"ကိုကြီးအောင်... ဘယ်လဲ၊ မင်းဒီနေ့ အပြင်မထွက်ပါလားကွ၊ လက်ဖက်ရည်ဆိုင်မှာတောင် မင်းကို ကြည့်သေးတယ်၊ မတွေ့တာနဲ့ ဒီလိုက် လာတာ"

နေ့လယ်ခင်းလောက်မှ ဦးငြိမ်းဆိုတဲ့ ဦးလေးကြီး အိမ်ကိုပေါက် ချလာပါတယ်။ စက်ဘီးစီးလာတာပါ။

ကိုကြီးအောင်ခမျာ ရေငတ်တုန်း ရေတွင်းထဲကျသလိုပါပဲ။

"လာဗျို့...၊ ကျုပ်တော် မိုးရွာနေလို့ အပြင်သွားရင် ကောင်းမလား၊ မကောင်းဘူးလား စဉ်းစားနေတုန်း ဦးငြိမ်းရောက်လာတာ"

"ကိုကြီးအောင်... သတင်းထူးပါတယ်ဗျာ၊ နောက်ဆုံးသတင်းပဲ"

"ဟ... ဟုတ်လား"

မကြာခင်မှာ စပ်စုတဲ့သူနဲ့ အတင်းပြောတဲ့သူ နှစ်ယောက်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



စကား ပြောပြိုင်ပွဲ စပါတော့မယ်လို့။ ကျွန်မလည်း မသိမသာ အကဲခတ်နေမိတယ်။

"နောက်လမ်းက ဦးဘကြည်ရဲ့သား၊ အောင်မင်းကို သိတယ်မဟုတ်လား"

"သိတာပေါ့ ဦးငြိမ်းရ၊ ဒီကောင်က သူငယ်ချင်းတွေနဲ့ အမြဲတမ်း ယောင်လား၊ ဝါးလား လုပ်ရင်း ကူညီပေးနေကျလေ"

"အေး... အဲ့ဒီလို ယောင်လားဝါးလားလုပ် အကူအညီပေးကောင်းလို့ အခု ပြဿနာတက်နေပြီ"

"ဘယ်လိုပြဿနာလဲ ဦးငြိမ်းရဲ့"

"ဘယ်လိုရမလဲကွ၊ အဲ့ဒီအောင်မင်းက သူ့သူငယ်ချင်းက မိန်းမခိုးမယ်ဆိုလို့ သူငယ်ချင်းနဲ့ မန္တလေးထိ မိန်းမလိုက်ခိုးပေးတာ၊ ကောင်မလေးက အသက်မပြည့်လို့ မိဘတွေက တိုင်တာ ဟော... ရုံးရောက်ဂတ်ရောက်နဲ့ ဖြစ်ကုန်တာလေ၊ တရားတွေဘာတွေ စွဲထားတယ်တဲ့။ ဒီမနက် အာမခံနဲ့ အောင်မင်းကို ရဲစခန်းကနေ သွားထုတ်ပေးတော့ ငါပါရဲစခန်း လိုက်သွား ရပါပကောလား"

"လူငယ်တွေက သိပ်ခက်တာပဲဗျာ၊ ကူညီတာတော့ ကောင်းပါရဲ့ မှားသလား၊ မှန်သလား၊ မသိတာက ခက်တယ်ဗျာ"

တစ်ယောက်နဲ့ တစ်ယောက် ရေပက်မဝင်အောင် ဦးငြိမ်းနဲ့ ကိုကြီးအောင် ပြောနေလိုက်ကြတာ။ ပတ်ဝန်းကျင်မှာ ဘယ်သူမှ မရှိတဲ့ အတိုင်းပါပဲ။

"တော်သေးတာပေါ့ကွာ၊ ငါက ဒီနေ့ထိ လူပျိုကြီး ဖြစ်နေ၊ ဒီလို ဒုက္ခပေးနိုင်တဲ့ တူမျိုးတွေ ငါ့နှမတွေက မမွေးလို့ဟ"

"ဟုတ်တယ် ဦးငြိမ်း...၊ ခက်တာက ကိုယ်ကူညီလိုက်မှ ဒုက္ခရောက်ရတဲ့ သာဓကတွေလည်း ရှိသားလား။ ကိုငြိမ်းကို ကျွန်တော် ဖတ် ထားတဲ့ စာစုလေးတစ်ခု ပြောပြမယ်"



ဓာတ်လမ်းကတော့ အဲ့ဒီမှာ စပြီလို့။ ကိုကြီးအောင်ကတော့ သဝသီ အတိုင်း လုပ်ပြီဖို့။

လှိုင်လှိုင်တင့်ကတော့ ကိုကြီးအောင်ရဲ့ မယားလို့ မပြောရဘူး။ ရေနွေးအိုး လာချပေးပါတယ်။ ရေသောက်ပြီး ကြိုက်သလောက်ပြောပေါ့။

"ဒီလို ဦးငြိမ်းရေ၊ တစ်ခါတုန်းက ဘုရင်တစ်ပါးဟာ ရှားရှားပါးပါး ငှက်တွေရဲ့ ဘာသာစကားကို နားလည်တဲ့ လူဘုရင်ဖြစ်နေတယ်။ တစ်နေ့မနက်မှာ အဲဒီဘုရင်က သူ့ရဲ့နန်းတော် ဥယျာဉ်ထဲမှာ လမ်းလျှောက်ရင်း ငှက်တစ်အုပ်က တစ်စုံတစ်ယောက်ရဲ့ အကြောင်းကို အားပါးတရ ပြောဆိုနေတာကို ကြားရတယ်။ ဒီတော့ ဘုရင်ဟာ ငှက်စကားနားလည်သူဆိုတော့ သစ်ပင်အောက်မှာ အသာလေးရပ်နေတယ်လေ ငှက်တွေက ဘာပြော သလဲဆိုတာ နားထောင်မယ်ပေါ့"

ဦးငြိမ်းက ရေနွေးကြမ်းနှစ်ခွက် ငှဲ့လိုက်ပြီး ရေနွေးပန်းကန်တစ်လုံးကို ကိုကြီးအောင်ကို သောက်ဖို့ ကမ်းပေးလိုက်ရင်း...

"ဟုတ်တယ်ကိုကြီးအောင် ငှက်တစ်ကောင်က ဘာပြောသလဲဆိုတော့ ဘုရင်ကြီးကို ကြည့်စမ်းကွာ၊ အခု သူသစ်ပင်အောက်မှာ အနားယူနေရင်း စံပျော်နေလိုက်တာ ကြေကွဲဝမ်းနည်းစရာကို သူမသိလေရော့သလားပဲ။ နက်ဖြန်ဒီအချိန်အခါဆို လူတွေက ဝမ်းနည်းမှုကို ခံစားရတော့မယ်။ ဘုရင်ကြီးရဲ့ အချစ်ဆုံး လက်ပါးစေ ကိုယ်ရံတော် သေမယ်လေ"

ကိုကြီးအောင်က ဦးငြိမ်းရဲ့ မျက်နှာကို အံ့အားတသင့်ကြည့်ရင်း ရေနွေးကြမ်း ငှဲ့ထားတဲ့ ပန်းကန်လုံး ဦးငြိမ်းကို ပေးရင်း...

"ရော့... ဦးငြိမ်းသောက်လိုက်ဦး၊ ဒါကို ကြားတော့ ဘုရင်ကြီးတော်တော် ဝမ်းနည်းသွားတယ်။ သူက အဲ့ဒီလက်ပါးစေကို သိပ်ချစ်တာ ဦးငြိမ်းရာ၊ သခင်ပေါ်မှာ တာဝန်သိပ်ကျေပွန်တဲ့ လူလေ။ ဒီတော့ ဘုရင်က ဆုံးဖြတ်ချက်တစ်ခု အမိန့်အမာချလိုက်တယ်။ သူ့ရဲ့ လက်ပါးစေကို

www.burmeseclassic.com



အသေခံ လို့မဖြစ်ဘူး။ ဘုရင်က လက်ပါးစေကို သူအုပ်ချုပ်နေတဲ့ နိုင်ငံရယ် နန်း တော်နဲ့ ဝေးကွာသည်ထက်ဝေးကွာအောင်သွားခိုင်းရမယ် ဆုံးဖြတ်လိုက် တယ်။ ဒါမှ ငှက်တွေပြောနေသလို နက်ဖြန်မှာ သူလက်ပါးစေ၊ မသေနိုင် မှာပေါ့။

ဟော… ဦးငြိမ်းက ရေနွေးကြမ်းတစ်ခွက် ငှဲ့ပြီး ကိုကြီးအောင်ကို ပြောလိုက်ပြန်တယ်။

"ဟုတ်တယ်လေကွာ… ဘုရင်က နန်းတော် ပြန်ရောက်တော့ သူ့ လက်ပါးစေကို သူ့ရှေ့တော်မှောက်ကို ခေါ်တယ် မြင်းကောင်းထဲက သူ့ရဲ့ အမြန်ဆုံးစီးတော်မြင်းကို ယူ ဒုန်းစိုင်းပြီး နန်းတော်နဲ့ ဝေးသထက် ဝေးရာ သွားခိုင်းတယ်။ ဒါနဲ့ ကိုကြီးအောင်ရေ အဲ့ဒီလက်ပါးစေလည်း ဘုရင်ခိုင်းတဲ့ အတိုင်း အမြန်ဆုံး မြင်းကိုစီးပြီး ဒုန်းစိုင်းတော့တာပေါ့"

ကိုကြီးအောင်က ရေနွေးတစ်ခွက်ငှဲ့ပြီး ဦးငြိမ်းကို ပေးလိုက်ပြန် တယ်။

"ဦးငြိမ်း သောက်လိုက်ဦး… ကျွန်တော်ဆက်ပြောမယ်… မြင်းက လည်း တကယ့်မြင်းဆိုတော့ ကဆုန်ပေါက်ပြေးတာ မြင်းခွာနဲ့ မြေကြီး မထိတဲ့အလားပဲ၊ အဲ့ဒီလို ကဆုန်ပေါက်လာတဲ့ မြင်းဟာ မတ်စောက်တဲ့ တောင်ခါးပန်းတစ်ခုရဲ့ ချောက်ကမ်းပါး နားလည်းရောက်ရော ဖြုန်းဆို ခုန်ကျော်လိုက်တာ သနားစရာကောင်းတဲ့ လက်ပါးစေမျာ ရုတ်တရက် မြင်းဇက်ကြိုးကို မထိန်းနိုင်ဘဲ ချောက်ထဲကျပြီး သေပွဲဝင်ရပါလေရောလား"

ဦးငြိမ်းက ရေနွေးတစ်ခွက် ထပ်ငှဲ့ပြီး ကိုကြီးအောင်ကို ပေးလိုက်ပြန် တယ်။

"ကိုကြီးအောင်ရာ၊ အဲ့ဒီနေ့ ညနေခင်းမှာ ဘုရင်ဟာ သူ့ရဲ့ လုပ်ရိုး လုပ်စဉ်အရ သူ့ဥယျာဉ်ထဲမှာ လမ်းလျှောက်တုန်း ကျေနပ်နေတာက သူဟာ ငှက်တွေရဲ့ ဘာသာစကားကို တတ်လို့ လူတစ်ယောက်သေမှာကို မသေရ အောင် ကူညီလိုက်တာ ဂုဏ်ယူစရာလို့ ကိုယ့်ကိုယ်ကိုယ် ကျေနပ်နေတာပေါ့ ကွယ်"

ကိုကြီးအောင်က ဦးငြိမ်းမျက်နှာကို မကျေနပ်တဲ့ အကြည့်နဲ့ကြည့် ရင်း ရေနွေးတစ်ခွက်ငှဲ့လိုက်ပါတယ်။ သူပြောတာတွေကို ကြားကနေ ဖြတ် ဖြတ်ပြေ-တဲ့ ဦးငြိမ်း၊ ဘယ်လိုလို့ သူပြောတဲ့အကြောင်းအရာကို သိသလဲ ဆိုတဲ့ ပုံစံမျိုးလည်း ပေါ်နေပါတယ်။

"ဦးငြိမ်းရော့ ဒီမှာ သောက်ဦး၊ ဒါပေမဲ့ ဘုရင်ကြီးက အဲ့ဒီအချိန် မှာပဲ ငှက်တွေ ပြောတာ ကြားလိုက်ရတယ်လေ".

ဦးငြိမ်းက ရေနွေးတစ်ခွက် ရေနွေးကရားထဲမှာ ငှဲ့မယ်အလုပ်

"ဦးငြိမ်း ရေနွေးမငှဲ့နဲ့တော့ ကုန်ပြီ"

"ကုန်လည်းကုန်ပေါ့ ကိုကြီးအောင်ရယ်၊ ငှက်တွေက ဘာပြော သလဲဆိုတော့ ဒီဘုရင်ကြီး တော်တော်မိုက်မဲတယ်ပေါ့"

"ငှက်တွေကပြောသေးတယ် ဦးငြိမ်းရဲ့ သူက မသေအောင်သွား ခိုင်းမှပဲ လက်ပါးစေက သေရတယ်လို့ ဆိုပြီးတော့လေ"

"ဒါပေါ့ ကိုကြီးအောင်ရယ် ကိုယ်ကူညီမှ ဒုက္ခရောက်ရတယ်ဆို တာ ဒီပုံပြင်က သင်ခန်းစာပေးတာပေါ့"

ကျွန်မကတော့ ပုံပြင်တစ်ပုဒ်ကို သူတစ်ပါးကူညီပေးတာ ဒုက္ခ ရောက်ရပုံနဲ့ ပတ်သက်ပြီး ပြောကြဆိုကြ ရေနွေးတစ်ယောက်တစ်လှည့် သောက်ခိုင်းရင်း တစ်လှည့်စီအပြိုင်ပြောကြတာ အခုမှပဲ မြင်ဖူးတာ ဒါ ကြောင့် ထင်ပါရဲ့။

"ကိုကြီးအောင်… မိုးတောင် တိတ်သွားပြီ၊ ပြန်ဦးမယ်ဗျာ"

ဦးငြိမ်းက ကိုကြီးအောင်ကို နှုတ်ဆက်ပြီး စက်ဘီးစီးပြီး ခြံဝင်းထဲက ထွက်သွားပါတယ်။

ကိုကြီးအောင်က တစ်စုံတစ်ခုကို စဉ်းစားနေလေရဲ့။

"ဟုတ်ပြီ….!"

ချက်ချင်းဆိုသလို ပါးစပ်ကရေရွတ်ပြီး ကိုကြီးအောင် ဘာအကြံ

www.burmeseclassic.com

www.burmeseclassic.com



ရသွားသလဲ မသိ အိမ်ပေါ်က စက်ဘီးကို အောက်အမြန်ချပြီး၊ စောစော တုန်းက ဦးငြိမ်းစက်ဘီးစီးသွားတဲ့ ဘက်ကို နင်းသွားလေရဲ့။

♣

ကိုကြီးအောင်က ရှေ့က ဦးငြိမ်းစက်ဘီးကို မီလာခါနီးချိန်မှာ မိုးက ရွာချလိုက်ပါတယ်။

"ဗျို့… ဦးငြိမ်း… ဦးငြိမ်း… စက်ဘီးခဏရပ်ပါဦးဗျ"

ကိုကြီးအောင်ရဲ့ အသံကျယ်ကျယ်နဲ့ ခေါ်သံကြောင့် ဦးငြိမ်းက နောက်လှည့်ကြည့်ရင်းက…

"ဘာအရေးကြီးလို့လဲ ကိုကြီးအောင်ရဲ့"

ကိုကြီးအောင်က စက်ဘီးကို ဦးငြိမ်းစက်ဘီးနဲ့ ယှဉ်နင်းရင်းကနေ…

"စောစောတုန်းက ဦးငြိမ်းနဲ့ ကျွန်တော် အတူတူပြောကြတဲ့ ပုံပြင် ဦးငြိမ်း ဘယ်စာအုပ်ထဲက ဖတ်ထားသလဲ။ ဒါကို ကျွန်တော် တစ်ယောက် တည်းပဲ သိနေတာလို့ ထင်နေလို့၊ အဲဒါလိုက်မေးတာ၊ ဦးငြိမ်း ဘယ်က သိထားတာလဲ၊ ဖက်ထားတာလဲ… အဲဒါ သိချင်လို့"

"သြော်… ဒါလား"

မိုးရေထဲမှာ သူတို့နှစ်ယောက်ရဲ့ မြင်ကွင်းက ရုပ်ရှင်ရိုက်နေသလို ပါပဲ။

♣

မိုးရေတွေ စိုနေတဲ့ ကိုကြီးအောင် တစ်ယောက် စက်ဘီးကို အိမ်ပေါ် တင်လိုက်တယ်။

"တောက်!"

ပါးစပ်ကနေ မကျေနပ်တဲ့ အသံနဲ့ တောက်ခေါက်သံကပေါ်



ထွက်လာပါတယ်။

"နာလိုက်တာကွာ၊ အခံရအခက်ဆုံးပဲ လှိုင်လှိုင်တင့်ရေ၊ ဦးငြိမ်းက ကိုယ်ပြောတဲ့ ပုံပြင်သူဘယ်လိုသိတာလဲ။ ဘယ်က ဖက်ထားတာလဲ ကိုယ် မေးတော့ သူကပြောတယ်လေ"

"ဘာပြောလိုက်လို့လဲ ကိုကြီးအောင်ရဲ့"

"ဘာပြောရမလဲ လှိုင်လှိုင်တင့်ရ…၊ အဲ့ဒီပုံပြင်က လွန်ခဲ့တဲ့ တစ်နှစ်က သူက ငါ့ဆီကနေ နိုင်ငံတကာ အတွေးစာစုစာအုပ်တစ်အုပ် ငှား ဖူးတယ်လေ၊ ငါ့ကို ကြိုက်လို့ ပြန်မပေးတော့ဘူးဆိုပြီး သူယူထားတာ၊ ငါကလည်း မေ့နေပေါ့ဟာ၊ သင်းက ဒီထဲကဟာတွေ ဖတ်ပြီး တစ်စုံတစ်ခု ဖြစ်လာရင် ဒီထဲက ဟာတွေနဲ့ ပြန်ရှင်းပြတယ်တဲ့လေ။ ငါ့စာအုပ်နဲ့ ငါလုပ် စားခံလိုက်ရတာ"

လှိုင်လှိုင်တင့်ကော ကျွန်မပါ မရယ်ဘဲ မနေနိုင်တော့ပါ။ တစ်ခါတလေတော့လည်း ဒါမျိုး ဖြစ်ဦးမှပေါ့ ကိုကြီးအောင်ရယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

တိုယ့်ချစ်လုံးတွေကို
မှိတ်ထားပြီး
မင်းရဲ့ နှလုံးသားထဲမှာ စွဲနစ်
တိုယ့်ကို နတ်နက်ရှိုင်းရှိုင်း
ချစ်မြတ်နိုးနေတယ်လို့
အိပ်မက်မက်တယ်။
မင်းသိတာထက်
တိုယ်မင်းကို မြတ်နိုးတယ်။

kemp,T

## (၁၃)

ကျွန်မနဲ့ လှိုင်လှိုင်တင့်တို့ နှစ်ယောက် မီးဖိုချောင်မှာ ထမင်းဟင်း ချက်ဖို့ လုပ်နေကြတယ်။

ကိုကြီးအောင်ကတော့ သူစုဆောင်းထားတဲ့ စာအုပ်အချို့ခြစားလို့ ဆိုပြီး စာအုပ်စင်ကို ရှင်းနေတယ်။

"ကြွေရေ... ကြွေရေ..."

အိမ်ရှေ့ကနေ ကျွန်မနာမည်ကို ခေါ်သံကြားလို့ ဒီအသံကြားဖူး ပါတယ်လို့ ထွက်ကြည့်လိုက်တော့ ကျွန်မချစ်သူကိုမင်းနိုင်ဦး ဖြစ်နေပါ တယ်။

သူ့မျက်နှာမှာ တစ်စုံတစ်ရာသော အရေးကြီးတဲ့ ပုံစံမျိုးနဲ့ပါ။

"ကိုမင်း... ဘာဖြစ်လို့လဲ"

"ဘယ်လိုလဲ သုပ်မနေနဲ့ ကြွေ၊ ကြွေရဲ့ ဘွားဘွား ဒေါ်မြရင်လေ ရင်ကျပ်ပန်းနာ ရောဂါထလာတာ အခြေအနေ တော်တော်ဆိုးတယ်။ အဲဒါ ကြွေရဲ့ ဖေဖေနဲ့ ဘိုးဘိုးက ကြွေ့ကို လိုက်ခေါ်ပါဆိုလို့။ ကြွေနဲ့ အစ်မ အိမ်တွေလည်း ရောက်ခဲ့ပြီးပြီ။ သူတို့လည်း ကြွေတို့ အိမ်သွားပြီ"

ကျွန်မရုတ်တရက် ဘာပြောရမှန်းမသိ မျက်ရည်တွေကျလာပါ တယ်။

www.burmeseclassic.com

www.burmeseclassic.com



"လှိုင်လှိုင်တင့်ရေ... ဒီကို လာဦးဟေ့"

"ဘယ်လိုဖြစ်လို့လဲ ကိုကြီးအောင်"

အိမ်ထဲကနေ လှိုင်လှိုင်တင့်လည်း အိမ်ရှေ့ကို ထွက်လာပါတယ်။

"လှိုင်လှိုင်တင့်ရေ ဘွားဘွား ရင်ကျပ်ပန်းနာရောဂါ အခြေအနေ တော်တော်ဆိုးတယ်တဲ့၊ အဲဒါကြွေလိုက်သွားမယ်"

"နေဦးလေ ကြွေ... ငါတို့လည်း လိုက်မယ်၊ ကိုကြီးအောင် ရှင်စာအုပ်တွေ နောက်မှလုပ်"

"အေးပါကွာ"

ကျွန်မလည်း ကျွန်မရဲ့ အဝတ်အစား သေတ္တာထဲ ထည့်စရာ ရှိတာတွေကို ထည့်ရင်း ဘွားဘွားကို ကျန်းမာပါစေလို့ ဆုတောင်းနေမိပါ တယ်။ ကားရပ်ရပ်ချင်း၊ ကျွန်မ အိမ်ထဲကို လှမ်းဝင်လိုက်တယ်ဆိုရင်ပဲ ကျွန်မရဲ့ အစ်မတွေကော၊ သူတို့ ယောကျ်ားတွေကော တူတွေ တူမတွေကိုကော အားလုံး တွေ့ရပါတယ်။

"မေမေ... ဘွားဘွားကော"

"ကြွေကြွေ... သမီးလေး လာ သမီးရဲ့ ဘွားဘွားကို စောစောက ဆရာဝန်က ဆေးထိုးပေးထားလို့ မှိန်းနေတယ်၊ သမီးရဲ့ ဖေဖေက ဆရာဝန် လိုက်ပို့တယ်။ ဘိုးဘိုးတော့ အခန်းထဲမှာ ရှိတယ်။"

ဘွားဘွားရှိတဲ့ အခန်းထဲကို ကျွန်မ ဝင်လာတဲ့အခါ ဘိုးဘိုးက ခုတင်ပေါ်မှာ ဆေးထိုးထားလို့ မှိန်းပြီး အိပ်ပျော်နေတဲ့ ဘွားဘွားရဲ့ နဖူး ပြင်ကို လက်နဲ့ သုတ်ပေးနေပါတယ်။

"မြေးမလေး ရောက်လာပြီကိုး"

"ဘွားဘွား ဘယ်လိုနေသေးလဲ ဘိုးဘိုး"

"ရှူး"

ဘိုးဘိုးက လက်ညှိုးနဲ့ နှုတ်ခမ်းကို ဖိရင်း အသံမပေးဖို့ သတိ ပေးလိုက်ပါတယ်။



ပြီးတော့ ကျွန်မရဲ့ လက်ကို ကိုင်ရင်း အခန်းအပြင်ဘက် ထွက် လာပါတယ်။

ကျွန်မရဲ့ အစ်မတွေက ဖေဖေ ဆရာဝန်ပို့ပြီး ပြန်လာတာမြင်တော့ ဘွားဘွား အခြေအနေကို ဝိုင်းမေးကြပါတယ်။

"အဖေ... အမေ အိပ်သွားပြီလား"

ဘိုးဘိုးက ဖေဖေရဲ့ အမေးကို ခေါင်းညိတ်ပြပါတယ်။

"ဆရာဝန်ကပြောတယ်။ အမေရဲ့ ရောဂါက ကျွမ်းနေပြီတဲ့။ အတယ်လို့ မသက်သာရင် ဆေးရုံသာတင်တဲ့။ ဆေးရုံမှာဆို အဆောဖောက် အရင် အောက်ဆီဂျင်တွေဘာတွေ ပေးလို့ရတယ်တဲ့"

"ဒါပေါ့ကွာ... အသီးတစ်လုံး မှည့်ရင်ကြွေရမှာပဲ။ ခေါက်ထောက် အားလည်း ခဏပဲပေါ့ကွာ၊ ဇရာ ရောက်လာပြီကိုး၊ ဒီလို အသက်ကြီးတဲ့ အခါမျိုးမှာ အမှားစောင့်တာပေါ့"

"ဟုတ်တယ်... အမေ့ကို မိုးရွာနေရင် ရေမချိုးပါနဲ့ဆို အမေက ချိုးတယ်၊ မိုးဒီလောက် အေးတာ သရက်သီးမှည့်တွေ သွားစားတယ်လေ"

"ဖေမောင်တင့်ရာ ဖြစ်ချိန်တန် ပျက်ချိန်တန်လို့ ဖြစ်လာတာပဲ လေကွာ"

ကျွန်မကတော့ ဘိုးဘိုးနဲ့ ဖေဖေရဲ့ ပြောနေတဲ့ စကားတွေကို ကြားနေရင်းက ကျွန်မ စိတ်ထဲမှာ သိလိုက်ပါပြီ။ ဘွားဘွားရောဂါက ရေတော့ဘူးဆိုတာ။

အဲဒီလို တွေးရင်းတွေးရင်း မျက်ရည်တွေကျလာပါတယ်။ ကျွန်မရဲ့ အစ်မတွေလည်း ဒီအတိုင်းပါပဲ။

"ကဲ... ငါ့မြေးတွေကော မြစ်တွေကော အိမ်ကို ညနေကျရင်ပြန် နော်၊ မြေးတို့ အလုပ်တွေ ရှိသေးတယ်"

"ဘိုးဘိုးကလည်း မပြန်ပါဘူး"

"မဟုတ်သေးဘူး သမီး ဝေဝေတင့်ရဲ့၊ ကဲ... ဒါဆိုလည်း

www.burmeseclassic.com

www.burmeseclassic.com



သမီးတို့ ယောကျ်ားတွေနဲ့ မြေးတို့ကို ညနေအိမ်ပြန်ကြပေါ့။ သမီးတို့ကတော့ ဒီမှာ ညအိပ်ပြီးနေချင်လည်း နေလေ”

ဖေဖေရဲ့ စကားကို အားလုံးက လက်ခံကြပါတယ်။

ကျွန်မကတော့ ငယ်စဉ်ကတည်းက ကျွန်မနဲ့ တစ်သက်လုံး နေလာခဲ့တဲ့ ဘွားဘွားကို ဆုံးရှုံးရတော့မယ်လို့။

ထမင်းစားချင်သောက်ချင်စိတ်တောင် မရှိတော့ပါဘူး။

* * *

ကျွန်မ အိပ်လို့မရပါ။ ဘွားဘွားကိုတော့ ကျွန်မတို့ ညီအစ်မတွေ တစ်လှည့်စီ စောင့်ကြည့်နေပါတယ်။

ခက်တာက ဘိုးဘိုးပါ။ အိပ်ခိုင်းလို့လည်းမရ၊ ဘွားဘွားရဲ့ ခုတင် ဘေးနားမှာ ဒရင်းဘက် ခင်းပေးထားရတယ်။

ဘွားဘွားရဲ့ မျက်နှာကို အရိပ်တကြည့်ကြည့်နဲ့ တော်ကြာ နဖူး ပြင်ကချွေးကို သုတ်ပေးလိုက်၊ နဖူးကို လက်ကစမ်းလိုက်နဲ့။

ထူးခြားတာက ဘိုးဘိုးက ဘွားဘွားရဲ့ နဖူးက ချွေးကို သုတ်ပေး နေတာက ဘွားဘွားတစ်ခါတုန်းက ကျွန်မကို ပြောဖူးတဲ့ ဘိုးဘိုး မြဲသပိတ် တောင် ဘုရားပွဲတုန်းက ဘွားဘွားအတွက် လက်ဆောင်ဝယ်ပေးတဲ့ ပုဝါ လေး ဖြစ်နေလို့ပါ။

“ဘိုးဘိုး အိပ်ဦးလေ”

“ဘဝမှာ အိပ်ရတာများနေပါပြီ မြေးရဲ့၊ တစ်ညတလေ မအိပ်ရ တော့လည်း ဘာအရေးလဲကွယ်၊ မြေးရဲ့ ဘွားဘွားနိုးလာရင် ဆေးတိုက် ရဦးမယ်လေ”

“ကြွေကြွေ တိုက်မှာပေါ့ ဘိုးဘိုး အိပ်လိုက်ပါဦး”

ဘိုးဘိုးက လက်ခါပြပါတယ်။ ပြီးတော့ ဘွားဘွားရဲ့ နဖူးပြင်ကို ပဝါလေးနဲ့ ချွေးသုတ်ပေးနေလို့။



ဘွားဘွားကတော့ ရောဂါအရှိန်၊ ဆေးအရှိန်နဲ့ အိပ်ပျော်နေလို့ သိရေးချမသိ။

ဖေဖေနဲ့ မေမေလည်း အိပ်မပျော်ဘူး ထင်ပါရဲ့ ဘွားဘွားကို ခဏခဏ လာကြည့်တယ်။

ကျွန်မတို့ ညီအစ်မတွေလည်း ဒီလိုပါပဲ၊ ဘယ်သူမှ မအိပ်ဖြစ် ကြပါဘူး။

ဒီလိုနဲ့ မိုးတောင်လင်းလာပါရဲ့။

* * *

မနက် ကိုးနာရီ ထိုးခါနီးပါပြီ။ ဖေဖေကတောင် ပြောပါသေးတယ်။ ဆရာဝန်လာတော့မှာမို့ ရေနွေးတွေ ဘာတွေ အဆင်သင့် ပြင်ထားတဲ့။

“ဖေဖေရေ... လာပါဦး၊ ဘွားဘွားအမေပြန်ဖောက်နေပြီ”

ဘွားဘွားရှိတဲ့ အခန်းထဲကနေ အစ်မဖြစ်တဲ့ ကြည်ကြည်တင့်က အော်ပါတယ်။

ကျွန်မတို့တစ်တွေလည်း အလန့်တကြားနဲ့ ဘွားဘွားရှိတဲ့ အခန်း ထဲ ပြေးဝင်လာပါတယ်။

ဘိုးဘိုးက ဘွားဘွားရဲ့ ရင်ဘက်ကို လက်နဲ့ ဖိထားရင်းက–

“ရင်... သက်သာအောင်နေနော်”

“အမေ... ကျွန်တော် ဆရာဝန် သွားပြေးခေါ်မယ်”

ဖေဖေက ပြောရင်းဆိုရင်း ပြေးထွက်သွားပါတယ်။

ဘွားဘွားခမျာ အသက်ကို အတော်ကြိုးစားပမ်းစား ရှူနေရရှာ ပါပဲ။

“ဘိုးဘိုး... ဆေးရှုပို့ရင် ကောင်းမယ်”

ကျွန်မက အဲဒီလိုပြောတော့ ဘွားဘွားက လက်ကိုအသာအယာ

www.burmeseclassic.com

www.burmeseclassic.com



အားယူပြီး ခါပြပါတယ်။

"သူတို့အဖေ"

"ဘာလဲ ရင်ရယ်"

ဘွားဘွားက ဘိုးဘိုးကို မနည်းအားယူပြီး တိုးညင်းစွာနဲ့ ခေါ် လိုက်ပါတယ်။

ဘိုးဘိုးက ဘွားဘွားရဲ့ နဖူးပြင်ကို ပဝါနဲ့ သုတ်ပေးရင်းက—

"ရင်... ဘာပြောမလို့လဲ"

"သူတို့အဖေရယ်... ရင်သိပါတယ်၊ ရင့်ကိုလေ တစ်ခုခွင့်ပြုပါ"

ဘာလဲ ရင်ရယ်"

"ရင်ရဲ့ နဖူးပြင်လေးကိုသာ မြတ်မြတ်နိုးနိုးနဲ့ နမ်းပါနော်၊ သူ့ အဖေ တစ်ခါဖူးမှ ရင့်ကို မနမ်းခဲ့ဖူးလို့ပါ၊ ရင်လေ အဲဒါလေးကို ကြည်နူး ချင်လို့ပါ"

"ရင်... ရယ်"

ဘိုးဘိုးရဲ့ မျက်ဝန်းထဲက မျက်ရည်တွေ ကျလာပါတယ်။

အခန်းထဲမှာ ရှိနေတဲ့ ကျွန်မတို့ ညီအစ်မတွေနဲ့ မေမေတို့ကတော့ ဘာထူးလို့လဲ အကုန်လုံး မျက်ရည်တွေ ရွှဲနေလို့။

"ရင်ရဲ့ စိတ်တိုင်းကျ ဖြစ်ရပါစေမယ်။ ကိုယ်ဟာ ဒီနေ့အထိ ဘယ်မိန်းမကိုမှ စိတ်နဲ့တောင် မပြစ်မှားဖူးပါဘူး ရင်ရယ်။ ကိုယ့်ဘဝမှာ ဒီနေ့ထိ ရင်ဟာ ကိုယ့်ရဲ့ အမြတ်နိုးဆုံးသူပါကွာ"

"ရှတ်... ရှတ်... ရှတ်"

ဘိုးဘိုးက ဘွားဘွားရဲ့ နဖူးပြင်ကို ပဝါလေးနဲ့ သုတ်ပေးပြီး ဘွားဘွားနဖူးကို သုံးခါတိတိ နမ်းလိုက်ပါတယ်။

"ရင်... ကျေနပ်ကြည်နူးလိုက်တာ သူတို့အဖေရယ်... ရင်... ရင်"

ဘွားဘွားထံမှ ဘာသံမှ မထွက်လာတော့။ ဘိုးဘိုးက ဘွားဘွား ... ခင်ဘက်ကို စမ်းလိုက်တယ်။

"ရင်... ရာ... ကိုယ့်ကို မင်းထားခဲ့ပြီကိုး"

"ဘွားဘွား"

သွားပြီ။ ဘွားဘွားဆုံးပြီ။ ငိုသံတွေဟာ အခန်းထဲမှာ ပျံ့လွင့် ... နေပါတယ်။

အိပ်ရာပေါ်မှာ တော့ ကျေနပ်တဲ့ အမူအရာနဲ့ ဘွားဘွားက ... လျောင်းလို့။

* * *

မကြာပါဘူး ဖုန်းဆက်အကြောင်းကြားလို့ ကျွန်မအစ်မတွေရဲ့ ... ယောက်ျားတွေကော၊ တူတွေကော၊ တူမတွေကော၊ ပြီးတော့ ကျွန်မချစ်သူ ကိုမင်းနိုင်ဦးလည်း ရောက်လာကြပါတယ်။

နာရေးဖိတ်စာကိစ္စ စီစဉ်သူစီစဉ်၊ မဏ္ဍပ်ထိုးဖို့ လုပ်သူလုပ်၊ ... ဘွားရဲ့ ရုပ်ခန္ဓာကို အအေးတိုက်ပို့ဖို့ ဖုန်းဆက်သူဆက်နဲ့။

အိမ်နီးချင်းတွေလည်း သတင်းမေးဖို့ ရောက်လာကြပါတယ်။

♣

"မြေးတွေကော၊ သားဖေမောင်တင့်ကော အားလုံးကို ဘိုးဘိုးပြော ... ယ်။ ဘယ်သူမှ ဘွားဘွားရက်မလည်မချင်း မငိုရဘူး။ မင်းတို့ဘွားဘွား ဟာ အသက်ဝိဉာဉ် ထွက်သွားတာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့မို့ ပူဆွေးမနေကြနဲ့။ အားလုံး ပျော်ပျော်ရွှင်ရွှင်နဲ့ အရင်လိုပဲ အသုဘရက်အတွင်းမှာ လာပြီး သတင်းမေးတဲ့ လူတွေကို ကော်ဖီတိုက် မုန့်ကျွေးပြီးတော့ ရယ်စရာဟာသ ဇာတ်ဒီ အခွေတွေဖွင့်၊ အားလုံး ရယ်ရယ်မောမောနဲ့ နေကြ၊ ကြားလား"

ဘိုးဘိုးရဲ့ စကားကို မည်သူကမှ ငြင်းဆန်ခြင်းမပြုပါ။

♣

www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင်တင့်ရာ ကျွန်တော်တို့ဘဝမှာ ဒီလိုအသုဘအိမ်မျိုး တစ်ခါမှ မတွေ့ဖူးဘူး။ ဘယ်နယ်ဗျာ၊ အသုဘက အအေးတိုက်ကစေ မီးမသင်္ဂြိုဟ်ရသေးဘူး၊ ခင်ဗျားတို့အိမ်မှာ ဗီစီဒီအခွေတွေဘာတွေ ပြ ပြတာလည်း ဟာသကားတွေချည်းပဲ၊ သမီးတွေ၊ သမက်တွေ၊ မြေးတွေ တရုန်းရုန်းနဲ့ဗျို့ ဟုတ်နေတာပဲ"

ဖေဖေရဲ့ မိတ်ဆွေတွေက အံ့အားတသင့်နဲ့ ပြောကြပါတယ်။

"ကျွန်တော့်ဖေဖေရဲ့ ဆန္ဒပေါ့ဗျာ... မပူဆွေးရဘူးတဲ့"

ဟုတ်တော့ဟုတ်ပါတယ်။ အသုဘသာ မသင်္ဂြိုဟ်ရသေးတာ အိမ်မှာ စည်ကားနေတာကတော့ မပြောပါနဲ့တော့။

စရိုက်တွေ တစ်ယောက်ချင်းစီမတူပါဘူးဆိုတဲ့ ကျွန်မရဲ့ အစ်မတွေရဲ့ ယောကျ်ားတွေကတော့ ဖဲကြတော့ ဝါသနာချင်းတူပါလေရော။

အစ်မတွေရဲ့ ယောကျ်ား ငါးယောက်နဲ့တင် ဝိုင်းက အားလူဝင်စရာ မလိုဘဲ ပြည့်နေပြီ။ ကိုမင်းနိုင်ဦးတောင် အားထွက်ထိုင် နေရတယ်။

တစ်ခါတလေ ငြင်းလို့ ဘိုးဘိုးကတောင် လှမ်းဟန့်ရပါသေးရဲ့။

♣

ဘိုးဘိုးကျတော့ကော၊ မျက်နှာမှာ ဘာဝမ်းနည်းပူဆွေးမှုမှမရှိသ မျိုးနဲ့။ မြေးမတွေက မွေးတဲ့မြစ်တွေနဲ့ ဆော့လိုက်၊ သတင်းလာမေးတဲ့သူ့ မိတ်ဆွေတွေကို ဧည့်ခံလိုက်။

ပြီးတော့ ဝါသနာတူ သက်တူရွယ်တူတွေနဲ့ မိုးအလင်းထိ မထတမ်း ပိုကာဒေါင်းတယ်လေ။

ရေနွေးသောက်လိုက်၊ ဆေးလိပ်သောက်လိုက်၊ ပိုကာဒေါင်းလိုက် နဲ့ ဟုတ်နေတော့တာပါပဲ။

* * *

ဒီနေ့ဟာ ဘွားဘွားကို သင်္ဂြိုဟ်ရမယ့်နေ့ပါ။ အသုဘပို့လိုက်မယ့် ...ဘွလည်း ကားတွေပေါ်ရောက်နေပါပြီ။

ရပ်ကွက် မွှာရုံက ဝတ်အဖွဲ့လည်း သံဝေဂတရားခွေလက်ကာ ...ဆိုနေပြီ။ အိမ်သူအိမ်သားတွေလည်း အသုဘပို့ သွားမယ့်ကား ...တက် တော့မယ်။

"ကဲ... ဘိုးဘိုးလာလေ၊ ဘိုးဘိုးသွားရအောင်"

ကျွန်မက ဘိုးဘိုးကို လှမ်းသတိပေးလိုက်ပါတယ်။

"သားရယ်၊ ချွေးမရယ်၊ မြေးတို့ရဲ့ ဘိုးဘိုးရဲ့ မြစ်ကလေးတွေသာ ...ကို လိုက်ပို့ကြပါကွယ်၊ ဘိုးဘိုးကတော့ အိမ်မှာနေခဲ့မယ် မလိုက်တော့ ..."

"ဘယ်လိုဖြစ်လို့လဲ အဖေရဲ့၊ ဒါကအမေရဲ့ နောက်ဆုံးခရီးလေ"

"မှန်ပါတယ်သားရယ်၊ ဒါပေမဲ့ ဖေဖေ မလိုက်ပါရစေနဲ့"

"ဘိုးဘိုးကလည်းလေ ဘွားဘွားရဲ့နောက်ဆုံးခရီးပဲဟာ ဖေဖေ ...ပြောတာမှန်တယ်"

အစ်မဖြစ်တဲ့ ဆွေဆွေတင့်ကပါ ဘိုးဘိုးကိုပြောပါတယ်။

"ဘိုးဘိုးရဲ့ ဘဝမှာ မြေးတို့ရဲ့ ဘွားဘွားမကွယ်လွန်ခင်က ...ဘိုးက ဘွားဘွားရဲ့ နဖူးပြင်ကို နမ်းတော့ မြေးတို့ရဲ့ ဘွားဘွားက ...ကျနပ်နပ်၊ ကြည်ကြည်နူးနူးနဲ့ အသက်ကုန်သွားတဲ့ မျက်နှာပြင်ရယ်၊ ...တို့ ဘွားဘွား အသက်ရှင်စဉ်က ပုံရိပ်တွေကိုပဲ ဘိုးဘိုးရဲ့ အသက်ရှင် ...သရွေ့ကာလပတ်လုံး အဲဒီပုံရိပ်တွေပဲ ဘိုးဘိုးမြင်ပါရစေကွယ်၊ ...သင်္ဂြိုဟ်စက်ထဲ လောင်မြိုက်ခံရမယ့် ဘွားဘွားရဲ့ မြင်ကွင်းကို ဘိုးဘိုး ...မြင်ရက်ဘူး၊ ဘွားဘွားရဲ့ ရှင်သန်စဉ်က ပုံရိပ်တွေကိုပဲ ဘိုးဘိုး ...ချင်တယ်။ နားလည်ပေးပါကွယ်၊ မှာပါရစေဦး။ ဘွားဘွားကို ...ဂြိုလ်တဲ့အခါမှာလည်း မငိုကြနဲ့နော်"

ဘိုးဘိုးရဲ့ စကားကို မည်သူမျှမဝေဖန်ကြတော့။ အသုဘပို့ထား

www.burmeseclassic.com

www.burmeseclassic.com


တွေ ကျွန်မတို့ အိမ်ခြံဝင်းထဲက ထွက်ခွာသွားချိန်မှာ ရပ်ကွက်ထဲက ကောင် လေးတစ်ဦးက ကနားဖျင်းထိုးထားသော မတ္တာပ်စတစ်ဖက်ကို လှန်လိုက်ပါ တယ်။

အိမ်ပေါက်ဝထိပ်မှာတော့ တွေတွေကြီးရပ်ပြီး မျက်စိနှစ်လုံး မှိတ် ထားသူက ဘိုးဘိုး။

သေချာပါတယ်။ ဘွားဘွားကောင်းရာမွန်ရာ ဘုံဘဝရောက်ဖို့ ဘိုးဘိုးဆုတောင်းပေးနေတယ်ဆိုတာ ပြောဖို့တောင်လိုမယ်မထင်ပါ။

♣

ဘွားဘွားရဲ့ ရုပ်ကလာပ်ကို မြှုပ်နှံပြီး အသုဘပို့တဲ့ကား ဆွေ အိမ်ပြန်ရောက်လာတော့ ကျွန်မတို့တစ်တွေ တွေ့ရကြားရပါတယ်။

မစ္စတာ ဘင်း ဟာသဇာတ်ကား ဗီစီဒီအခွေကို အကျယ်ကြီးဖွင့် ထားပြီး ဘိုးဘိုးက သူ့ရဲ့ ရွယ်တူ မိတ်ဆွေတွေနဲ့ အိမ်ခေါင်းရင်းမှာ ပိုကာဒေါင်းနေတာလေ။

ကျွန်မတို့ကိုတောင် ပြုံးပြတယ်။

ဘွားဘွားရဲ့ ရုပ်ကလာပ် အကြောင်းဘာဆိုဘာမှကို ဘိုးဘိုးက မမေး တော့ဘူး။

ဒါပေမဲ့ ကျွန်မသတိထားမိတာ ရှိသေးတယ်။ ဘွားဘွားအတွက် လက်ဆောင်ဝယ်လာတဲ့ ပဝါလေးကိုတော့ ဘိုးဘိုးက လည်ပင်းမှာ စည်း ထားလို့။

* * *

♥

မိန်းမသားတစ်ဦးရဲ့
လုံခြုံမှုဆိုတာ
နောက်ဆုံးတော့
သူမြတ်နိုးသူရဲ့
ရင်ခွင်ထဲဝင်ပြီး
တစ်ဘဝလုံး
ပုံအပ်လိုက်တာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

(၁၄)

"မြေး... ကြွေကြွေတင့်ကို အခုမှပဲ မေးရမယ်။ ဘယ်လိုလဲ အစ်မတွေအိမ်သွားပြီး၊ အစ်မတွေရဲ့ ယောကျ်ားတွေ စရိုက်ကိုလေ့လာခိုင်းတာလေ"

ဘွားဘွားဆုံးပြီး တစ်လ မပြည့်ခင်မှာ ဘိုးဘိုးက ဖေဖေနဲ့ မနက်စောစော ကော်ဖီသောက်ရင်း မေးလိုက်တာပါ။

"သမီးမှာ အဖြေရှိပြီးသားပါ"

"ဘယ်လို အဖြေလဲ သမီးရဲ့။ ဖေဖေနဲ့ ဘိုးဘိုးကိုပြောပါဦး"

ဘိုးဘိုးကတော့ ပေါင်မုန့်ထောပတ်သုတ်ကိုစားရင်း ကျွန်မရဲ့ စကားကို နားစွင့်နေပါတယ်။

"တကယ်တော့ ယောကျ်ားတွေမှာ ဗီဇ ဝါသနာတစ်ခုစီတော့ ရှိကြတာပဲလေ။ 'သူတို့ ဗီဇတွေက ကောင်းတာကော၊ ဆိုးတာကော ရှိမှာ ပေါ့လေ။ ဒါပေမဲ့ သူတို့မှာ ကောင်းတာအချို့က ယောကျ်ား ပေါ်တော် များများမှာ ရှိတယ်။ အဲဒါက သူတို့လက်ထပ်ထားတဲ့ ဇနီး



သားမယား အတွက် တာဝန်ကျေချင်တဲ့ ကိစ္စ။ ဒီလိုတာဝန်ကျေမှုအပေါ်မှာ အချို့က ရည်ရွယ်ချက်မှားလို့ အဆိုးဘက် ရောက်သွားတာလေ။ နောက်ပြီး သမီး တစ်ခုသိလိုက်ရတယ်။ အဲဒါက ဘိုးဘိုးနဲ့ ဘွားဘွားရဲ့ အချစ်၊ ဘိုးဘိုးက ဘိုးဘိုးဝါသနာအရ အလုပ်ကိုငယ်ငယ်ကတည်းက ဟုတ်တိ ပတ်တိ မလုပ်ဘဲ ဘွားဘွားရှာကျွေးတာကို အဆင်သင့်စားရပေမဲ့ ဘွားဘွားအပေါ် ဘိုးဘိုး တစ်သက်လုံး အနိုင်မယူခဲ့ဘူး။ ဘိုးဘိုးက ဘာမှ မလုပ်ပေမဲ့ ဘွားဘွား ကွယ်လွန်တဲ့ အချိန်အထိ ဘွားဘွား ကျေနပ်အောင်နေခဲ့တယ်။ ဘွားဘွား ဘဝကူးကောင်းအောင် လိုက်လျော ခဲ့တယ်။ ဘွားဘွားကို ဘိုးဘိုးဘယ် လောက်ချစ်ကြောင်း သမီးသိခဲ့ရတယ်"

ဖေဖေနဲ့ ဘိုးဘိုးက ဘာမှမပြောဘဲ ကျွန်မရဲ့စကားကို ဆက်လက် နားစွင့်လို့။

"ဒီတော့ ဘွားဘွားဆုံးပါးတဲ့နေ့မှာပဲ သမီး ဆုံးဖြတ်ချက်ချလိုက် တယ်။ သမီးချစ်တဲ့ သမီးချစ်သူ ကိုမင်းနိုင်ဦးကို သမီးလက်ထပ်မယ်လို့။ သူ့မှာ ငွေကိုသုံးတာ လက်ဖွာတာကလွဲရင် ဘာမှ ပြစ်ချက်မရှိဘူး။ ဒါက လည်း အခြေအနေအချိန်အခါ အလျောက် သူ့စရိုက်ကို သူ ပြင်နိုင်မှာပဲလို့ သမီး သိလိုက်ရတယ်။ ဒီတော့ အစ်မတွေရဲ့ အိမ်တွေကို အလည်သွားပြီး အစ်မတွေရဲ့ ယောကျ်ားတွေရဲ့ စရိုက်ကို အကဲခတ်လေ့လာခဲ့တာ သမီး ချစ်သူ ကိုမင်းနိုင်ဦးကို သမီးလက်ထပ်ဖြစ် အောင် ထပ်ဖြစ်ဆိုတဲ့ သမီးရဲ့ ကြင်ရာ သုတေသနလုပ်ငန်းဟာ ဒီမှာတင် ပြီးသွားပါပြီ"

ကျွန်မရဲ့ စကားအဆုံး ဘိုးဘိုးနဲ့ဖေဖေ တစ်ယောက်ကို တစ် ယောက် ကြည့်ရင်း ပြုံးလိုက်ပါတယ်။

ကျွန်မ ထင်ပါတယ်။ ကျွန်မရဲ့ ဒီဆုံးဖြတ်ချက်ကိုသာ ကျွန်မချစ်သူ ကိုမင်းနိုင်ဦး သိရင် ဘယ်လောက် ဝမ်းသာကြည်နူးနေမလဲလို့။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ချစ်သူ ကိုမင်းနိုင်ဦးနဲ့ ကျွန်မရဲ့ မင်္ဂလာလက်ထပ်ညည့်ခံပွဲကို ဘွားဘွားဆုံးပြီး နှစ်လအကြာမှာ ကျင်းပခဲ့ပါတယ်။

မင်္ဂလာညည့်ခံပွဲကို ကျွန်မတို့ မြို့ရဲ့ သံယာ်တော်များကို စာဝေပို့ချတဲ့ စာသင်တိုက်မှာ မင်္ဂလာဆွမ်းကျွေးညည့်ခံပွဲကျင်းပခဲ့တာပါ။

ကျွန်မနဲ့ ကိုမင်းနိုင်ဦးရဲ့ မင်္ဂလာဆွမ်းကျွေး ညည့်ခံပွဲဟာ နှစ်ဖက်သော ဆွေမျိုးများရဲ့ ညည့်ပရိသတ်တွေကြောင့် စည်ကားခဲ့တာ အမှန်ပါပဲ။

♣

ကျွန်မတို့ မင်္ဂလာညည့်ခံပွဲ ပြုလုပ်တဲ့ညမှာ ကျွန်မခင်ပွန်းလောင်း ကိုမင်းနိုင်ဦးက သူ့ သူငယ်ချင်းတွေကို Bachelor Night အဖြစ် စားသောက် ဆိုင်မှာ ညည့်ခံပါတယ်။

စားကြ၊ သောက်ကြ စားသောက်ဆိုင်စင်မြင့်မှာ သီချင်းဆိုလိုက်၊ ပန်းကုံးတွေချလိုက်နဲ့ နောက်ဆုံး၊ ဘီလ်စာရွက်ယူလာပြီး စာရင်းပေါင်းတော့ ကျွန်မခမျာ 'ဟိုက်' လို့ ကိုယ့်နဖူးကိုယ် လက်နဲ့ ရိုက်မတတ်ပါပဲ။

ကြည့်လေ။ စားကြသောက်ကြ ဆိုကြတာတွေက ငွေတစ်သိန်းခွဲကြီးများတောင် ကျွန်မလေ နှမြောလိုက်တာ ဆိုတာ။

♣

အိမ်အပြန်လမ်းတစ်လျှောက်မှာ ချစ်စ၊ ကြင်စ၊ ညားခါစ ကျွန်မနဲ့ ကိုမင်းနိုင်ဦးဆိုတဲ့ ဇနီးမောင်နှံနှစ်ယောက် ငှားစီးလာတဲ့ ကက အငှားယာဉ်ပေါ်မှာ စကားများလို့ နေရဲ့။

"ကိုမင်းရာ... အိမ်မှာ ညည့်ခံလည်း ဖြစ်ရဲ့သားနဲ့၊ အခုတော့ ငွေတစ်သိန်းခွဲကြီးများတောင် ကြွေလေ နှမြောလိုက်တာ"

"ဘာနှမြောစရာရှိလဲ ကြွေရယ်၊ ဒါက ကြွေနဲ့ကိုရဲ့ လူပျို အပျို နောက်ဆုံး နှုတ်ဆက်တဲ့ ညဟာ"





"ကြွေလေ ကိုမင်းအဲ့ဒီလို သုံးလို့ကို စိတ်ညစ်တာ"

ကျွန်မက ကုန်သွားတဲ့ ငွေအတွက် နှမြောလို့ ငိုမလို ဖြစ်နေစဉ်မှာပဲ ကိုမင်းက ကျွန်မရဲ့ နဖူးပြင်ကို သူ့လက်ကလေးတွေနဲ့ သုတ်ပေးရင်းက–

"မကြွေရယ်... ကို နားလည်းပါတယ်။ ကိုလည်း အိမ်ထောင်ရှင် ဖြစ်လာပြီ၊ အိမ်ထောင်ဦးစီး ဖြစ်လာပြီပဲ၊ ကိုတို့ရဲ့ အနာဂတ်အတွက်ကို ဆင်ခြင်ရမှာပေါ့၊ စိတ်ချ နောက်ဆို ဒီလိုငွေတွေ မကုန်စေရဘူး။ ငွေတွေအားလုံး ကြွေအိတ်ကတ်ထဲ ရောက်စေရမယ် သိလား"

"တကယ်ပြောတာနော်"

"တကယ်ပါကြွေရယ်"

"ဟ! ကိုယ့်ရင်ဘက်ကို လက်နဲ့ မထုနဲ့လေ ကြွေရဲ့... ကိုနာတယ်၊ မထုနဲ့ဆို"

"အို... မရဘူး ကြွေကတော့ ထုမှာပဲ"

ကျွန်မလေ ကိုမင်းရဲ့ စကားကို ကြားလိုက်ရတော့ 'အား' ဖြစ်သွား ပြီး ကျေနပ်လိုက်တာ။

အဲဒါနဲ့ပဲ ကိုမင်းရဲ့ ရင်ဘတ်ကို လက်နဲ့မနာအောင် ထုမိတာများ ကိုမင်းက ရယ်ရင်းမောရင်းက ကျေကျေနပ်နပ်နဲ့ ပြောတာပါ။

ကျွန်မကတော့ ကျေကျေနပ်နပ်နဲ့ ကိုမင်းရဲ့ ရင်ခွင်ထဲ ခေါင်းတိုးဝင်လိုက်ပါတယ်။ ကိုမင်းက နဖူးပြင်ကို နမ်းလိုက်ပါတယ်။

ဒါကို ကက အငှားယာဉ်မောင်းတဲ့ ဒရိုင်ဘာက ကားနောက်ကြည့် မှန်ထဲက မြင်သွားတယ် ထင်ပါရဲ့။ ပြုံးလိုက်ပါတယ်။

"အခုမှ မှတ်မိတယ်။ တစ်ခါက ဒီက အစ်ကိုနဲ့အစ်မ ဘုရားသွားဖို့ ကျွန်တော့်ကားကို ငှားစီးရင်း ဈေးဆစ်ကြတာလေ။ မှတ်မိလား"

ကျွန်မနဲ့ ကျွန်မမြတ်နိုးသူ ကျွန်မခင်ပွန်းက ကားမောင်းတဲ့ ဒရိုင်ဘာကို ပြုံးတူ ပြုံးပြလိုက်တာပေါ့။

ကားနောက်ခန်းက စီးလာတဲ့ ကျွန်မတို့ ဇနီးမောင်နှံ နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကားထဲကနေ ရှေ့ကိုကြည့်လိုက်တော့ ကားလမ်းမကြီးက ရှင်းပြီးဖြောင့် တန်းနေလို့၊ ကားလမ်းမဝဲယာမှာရှိတဲ့ လမ်းမီးဓာတ်တိုင်က နှင်းကွဲမီးလုံး တွေကလည်း ထိန်လင်းလို့ နေပါတယ်။

ကောင်းကင်ကို ကားမှန်ပြတင်းက ကြည့်တော့လည်း မိုးသား တိမ်ညိုတွေကင်းစင်ပြီး လမင်းက ရွှန်းမြတောက်ပနေပြီ၊ ကြယ်တွေက လည်း စုံပါဘိသနဲ့။

လူ့ဘဝဆိုတာ ဒါပါပဲနော်။


ကိုယ်မြတ်နိုးရတဲ့ ဘဝခရီးဖော် ချစ်သူနဲ့ ဘဝခရီးလမ်းကို ဖြောင့် ဖြောင့်တန်းတန်း နှစ်ကိုယ်တူ လျှောက်လှမ်းရတာလောက် ဘဝမှာ အဲဒါထက် ဘာနဲ့မှ အစားထိုးမရနိုင်တာကတော့ အမှန်ပါပဲ။

ဘိုးဘိုးနဲ့ ဘွားဘွား။ ဖေဖေနဲ့ မေမေ။ ကျွန်မအစ်မတွေနဲ့ သူတို့ရဲ့ ခင်ပွန်းတွေလည်း ဒီလိုမျိုးပဲ နေမှာဆိုတာ ကျွန်မသဘော မပေါက်ခင် ကတည်းက သူတို့တစ်တွေ သဘောပေါက်နေကြမှာကတော့ ကေန်မလွဲ ပါပဲ။

♣

မောင် ရှေ့ကို တည့်တည့်လျှောက်မှတော့ မေလည်းတည့်တည့် နောက်က လိုက်ရတော့မှာပေါ့ မောင်ရယ်။ ။

ပြီးပါပြီ




ပဒ္မမ်ဒီရိုင်း